ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၆)

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday 15 March 2018 ၉၂၂၉

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မော်ရိုကိုနိုင်ငံသို့ ရောက်ရှိ

## Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး တက်ရောက်မည်



**ကာဆာဘလန်ကာ မတ် ၁၄**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ကျင်းပမည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ မော်ရိုကိုနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

ဒုတိယသမ္မတ ဦးဆောင်သောအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတဦးမြင့်ဆွေနှင့်အတူ အဖွဲ့ဝင်အဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်လည်း လိုက်ပါသွားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့သို့ ရောက်ရှိကြရာ ဒုတိယသမ္မတနှင့်အဖွဲ့အား ကာဆာဘလန်ကာ ပြည်နယ်အုပ်ချုပ်ရေးမှူး H.E.Mr. Aziz DADAS၊ မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက မော်ရိုကိုနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပဓမမြောက် မိုဟာမက် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Atlas Airport ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **သတင်းစဉ်**

# တောင်ကြီးခရိုင်၌ ကာကွယ်ရေးဝန်ကြီးဌာနက မြေဧရိယာ ၆၂၂ ဒသမ ၄၈ ဧကကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်

# ပြန်လည်စွန့်လွှတ်မြေများ လက်ခံရရှိသည့် တောင်သူလယ်သမားများအနေဖြင့် အကျိုးရှိရှိ ထိရောက်စွာ စိုက်ပျိုးထုတ်လုပ်



တောင်ကြီးမြို့ စစ်စံထွန်းဆေးရုံ၌ ဓာတ်ရောင်ခြည်ဌာန ပြင်ဆင်ထားရှိမှုအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၁၄**

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၌ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေများအား သက်ဆိုင်ရာ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား၍ စစ်စံထွန်းဆေးရုံ တိုးချဲ့တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် မြင်းမထိကျေးရွာရှိ မြင်းမထိသဘာဝလိုဏ်ဂူတော်သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးဒေါက်တာညီညီအောင်က ရှမ်းပြည်နယ်အတွင်း ခရီးသွားနေရာသစ်များအဖြစ် ရှေးဟောင်းထုံးကျောက်ဂူများနှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် လိုဏ်ဂူအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အေးသာယာမြို့ရှိ အေးသာယာ စပျစ်စိုက်ပျိုးရေးခြံနှင့် ဝိုင်စက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ဝိုင်ထုတ်လုပ်နေမှုအခြေအနေနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



# ကြေးမုံ

## ပြည်သူများအား ကူညီစောင့်ရှောက်

ပြည်သူများက လေးစားအားကိုးသူ၊ ဒုစရိုက်သမားများက ကြောက်ရွံ့ စိုးထိတ်သူကို ရဲ ဟုခေါ်သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့သည် ပြည်သူများက လေးစားအားကိုးသူများဖြစ်အောင် ကျင့်ကြံအားထုတ် ကြိုးပမ်းဆောင်ရွက်ကြပြီး ဒုစရိုက်သမားများ ကြောက်ရွံ့စိုးထိတ်အောင်၊ စွမ်းဆောင်ရည်မြင့်မားသော တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းအားထုတ်ကြသည်။

ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို အဓိကထမ်းရွက်ကြသည်။ ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်တွင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ပါဝင်သည်။ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် အများပြည်သူအကျိုးစီးပွားကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ပြီး ပြည်သူများက ယုံကြည်ကိုးစားထိုက်သည့် စွမ်းဆောင်ရည်ထက်မြက်သော ရဲတပ်ဖွဲ့ဖြစ်ရေးသည် အလွန်အရေးကြီးသည်။

ထိုသို့သော ရဲတပ်ဖွဲ့ဖြစ်စေရန် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံဖွင့်ပွဲနေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ပြည်သူအများစုက မှုခင်းဆိုင်ရာကိစ္စအတွက်ဖြစ်စေ၊ အကူအညီတောင်းခံသည့်ကိစ္စဖြစ်စေ ရဲတပ်ဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်ရမှာကို စိုးရွံ့နေကြမယ်ဆိုရင် ရဲနဲ့ပြည်သူအကြား ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေမှာ ဖြစ်ပါတယ်၊ ဒီအကျိုးဆက်က တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်ကိုပါ တုံ့ဆိုင်းသွားစေနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ကို ပြည်သူများက အကူအညီ မတောင်းခံချင်၊ မဆက်သွယ်ချင်၊ ဒုစရိုက်သမားကလည်း မကြောက်လျှင် လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ပျောက်ဆုံးမည်ဖြစ်သည်။ ထိုအခါ ပြည်သူများမှာ အိမ်ထဲမှ အိမ်ပြင် မထွက်ရဲလောက်အောင်ပင် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုများနှင့် နေထိုင်ကြရမည်ဖြစ်သည်။ ထိုသို့မဖြစ်စေရန်အတွက် ရဲတပ်ဖွဲ့သည် ပြည်သူနှင့်အတူ လက်တွဲ၍ ဒုစရိုက်သမားရန်ကို ကာကွယ်ပေးရသည်။ ဒုစရိုက်မှုများကို ရှာဖွေနှိမ်နင်းရသည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြရသည်။

လက်ရှိတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း ရဲလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်ချက်များ ရှိနေသေးသည်။ မှုခင်းများ စုံစမ်းထောက်လှမ်းမှု၊ စုံစမ်းစစ်ဆေးမေးမြန်းမှု၊ သက်သေခံအချက်အလက်များရယူမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်းဆောင်ရွက်မှု စသည့်မှုခင်းပုံစံသစ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည်ဟု သိရသည်။

ထိုသို့အချက်များရှိသော်လည်း ရဲတပ်ဖွဲ့အနေဖြင့် စွမ်းဆောင်ရည်နှင့်လိုအပ်ချက်များကို အစဉ်အမြဲ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကိုလည်းတွေ့ရသည်။ အထူးသဖြင့် မှုခင်းများကျဆင်းပြီး မှုခင်းဖြစ်ပွားလျှင်လည်း အလျင်အမြန် အရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများအား အလျင်အမြန် ကူညီစောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်လေးစားအားကိုးမှုကို ရယူနိုင်ရန်ဖြစ်သည်။

အများပြည်သူကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရာတွင် ရဲတပ်ဖွဲ့တစ်ခုတည်းသာ မဟုတ်ဘဲ ဆက်စပ်အဖွဲ့အစည်းများအားလုံးကလည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် မြို့နယ်အုပ်ချုပ်ရေး၊ တရားရုံး၊ ဥပဒေရုံး၊ ရဲတပ်ဖွဲ့တို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်။

သို့ဖြစ်ရာ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် နိုင်ငံအတွက် အလွန်အရေးကြီးသောလုပ်ငန်းများဖြစ်၍ လုံခြုံရေး၊ တရားရေး၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အမှုထမ်းများက လုပ်ငန်းများကို ထိထိရောက်ရောက် လက်တွဲအကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများ ကျေနပ်မှုရကာ တရားဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်သူများအပေါ် မေတ္တာထားမှုနှင့် လေးစားမှုတို့ကို ခံယူရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi HIGUCHIအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသ ဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရနှင့်တပ်မတော်၏ ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေမှန်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဆက်လက်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် မန်နေဂျာအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် IPU ၏ Technical Cooperation Programme, Manager, Ms. Norah Babic နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် IPU ၏ UNDP/IPU အကူအညီပေးရေးအစီအစဉ်တွင် ပါဝင်မှု၊ မြန်မာ့လွှတ်တော်၏ IPU တွင် ပါဝင်မှုအကြောင်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၉၀၀၀ | - | ၉၃၉၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၂၀/၈၄၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၅/၇၅၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၇. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၅၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၈၃၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၃. ၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၁၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၃. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၂၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၉. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

**နေပြည်တော် မတ် ၁၄**

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ကျေးလက်ပြည်သူများ၏ ဝင်ငွေနှင့် လူမှုဘဝများ သိသာစွာ တိုးတက်ရေးအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA ၏ အထောက်အပံ့ဖြင့် တိုင်းဒေသကြီး ၁၀ ခုရှိ မြို့နယ် ၂၇ မြို့နယ်မှ ကျေးရွာပေါင်း ၁၁၀ တွင် မြန်မာဆယ်မားအူးလ်အွန်ဒုံ စီမံကိန်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ပေါက်တောကျေးရွာတွင် စီမံကိန်းအား ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် တတိယနှစ် ကာလသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင် ပေါက်တောကျေးရွာပတ်လမ်းအား အရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေနှင့် ၆ လက်မထုရှိ ကွန်ကရစ်လမ်းအဖြစ် မတ် ၁၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ပေါက်တောကျေးရွာအနေဖြင့် ယခုတတိယနှစ် ရရှိငွေကျပ် သိန်း ၂၇၀ ကို ကျေးရွာပတ်လမ်းကွန်ကရစ်ခင်းခြင်း၊ ကျေးရွာတွင်းလမ်းများ ရိစာခင်းခြင်းနှင့် သောက်သုံးရေရရှိရေးအတွက် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေများအား သက်ဆိုင်ရာ မူလပိုင်ရှင်တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❂ ရှေ့ဖုံးမှ

ယင်းနောက် ဝိုင်ထုတ်လုပ်နေသည့်လုပ်ငန်းခွင်နှင့် စပျစ်စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)သို့ ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးပြီး တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**မြေဧရိယာ ၁၉၆၉ ဧက**

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ တောင်ကြီးခရိုင်အတွင်း ပြန်လည်စွန့်လွှတ်အပ်နှံသော မြေဧရိယာ ၁၉၆၉ ဧကအား သက်ဆိုင်ရာ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**မူလပိုင်ရှင်**

အခမ်းအနားတွင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့အခမ်းအနားတွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၁၉၆၉ ဧကအနက် မြေဧရိယာ ၆၂၂ ဒသမ ၄၈ ဧကကို မူလပိုင်ရှင်တောင်သူဦးရေ ၃၅၆ ဦးသို့ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး မြေဧရိယာ ၁၃၄၇ ဧကကို ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးအပ်မည် ဖြစ်သည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း။

**ဧကစုစုပေါင်း ၂၉၉၁၈ ဒသမ ၆၁ ဧက**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်း ရှမ်းပြည်နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ ဧကစုစုပေါင်း ၂၉၉၁၈ ဒသမ ၆၁ ဧကရှိသည့်အနက် ဌာနအချင်းချင်း လွှဲပြောင်းရန် စွန့်လွှတ်သည့် မြေဧရိယာ ၁၂၇၉၁ ဒသမ ၁၅ ဧကကို နုတ်ပယ်လိုက်ပါက တောင်သူများ အသုံးပြုနိုင်မည့် မြေဧရိယာစုစုပေါင်း ၁၇၁၂၇ ဒသမ ၄၆ ဧကကို ပြန်လည်စွန့်လွှတ်ပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

ယနေ့တရားဝင်ပိုင်ဆိုင်မှုနှင့် ပြန်လည်လုပ်ပိုင်ခွင့်ရရှိကြသည့် တောင်သူများအနေဖြင့် မိမိတို့ဒေသခံများအကြိုက် ဆန်စပါးမျိုး စိုက်ပျိုးခြင်းအပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့် ဆန်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးနိုင်ကြစေရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မိမိဒေသထွက်ကုန်များကို ဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးမြင့်ရန်လိုအပ်သကဲ့သို့ ကမ္ဘာ့စားသုံးသူများအကြိုက် အော်ဂဲနစ်စိုက်ပျိုးရေး ထွက်ကုန်များ ဖြစ်ရန်လည်း လိုအပ်မှာ ဖြစ်ပါကြောင်း။

**ဆန်စပါးတန်ချိန် ၃ ဒသမ ၅၉ သန်းထိ**

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသမိုင်းကို ကြည့်ပါက ၁၉၃၄-၁၉၃၅ ခုနှစ်တွင် ဆန်စပါးတန်ချိန် ၃ ဒသမ ၅၉ သန်းထိ စံချိန်တင် တင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့နံပါတ်တစ် ဆန်တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၁၁ လတာ ကာလအတွင်း ဆန်တန်ချိန် ၃ ဒသမ ၂ သန်းကျော် တင်ပို့နိုင်ခဲ့သဖြင့် နှစ်ပေါင်း ၇၃နှစ်အတွင်း အများဆုံး စံချိန်တင် တင်ပို့နိုင်မှုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စံချိန်တင် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရန် ကြိုးစားခဲ့ကြသည့် တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆန်စပါးထုတ်လုပ်ရောင်းဝယ်မှုဆိုင်ရာ ပုဂ္ဂလိက အသင်းအဖွဲ့များ၏ အားထုတ်မှုကို တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ခေါင်းဆောင် အနေဖြင့် ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။

**ထိရောက်စွာ စိုက်ပျိုးထုတ်လုပ်**

နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးကို ရှေးရှုပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတိုးချဲ့မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြန်လည်စွန့်လွှတ်ရန် ကျန်မြေများအား စွန့်လွှတ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ပြန်လည်စွန့်လွှတ်မြေများကို လက်ခံရရှိသည့် တောင်သူလယ်သမားများအနေဖြင့် အကျိုးရှိရှိ ထိရောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးစားကြစေလိုပါကြောင်း။

**ဈေးကွက်ဝင် ပြည်ပပို့ကုန်**

လယ်ယာလုပ်ပိုင်ခွင့်ရ တောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့ဘဝ အဆင့်အတန်းမြင့်မားရေး၊ မိမိတို့ဒေသဖွံ့ဖြိုးရေး၊ မိမိတို့မှီတင်းနေထိုင်ရာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းစားသုံးရမည့် စားနပ်ရိက္ခာများ ဖူလုံစေရုံသာမက ဈေးကွက်ဝင် ပြည်ပပို့ကုန်များအဖြစ်ပါ တိုးမြှင့်စိုက်ပျိုးလုပ်ကိုင်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခုကဲ့သို့ မူလလက်ငုတ် တောင်သူလယ်သမားများ လက်ထဲသို့ လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပြန်လည်လွှဲပြောင်းပေးအပ်မှု**

ထို့နောက် ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း မြေယာကိစ္စတိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှု အခြေအနေနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လုပ်ပိုင်ခွင့်ပြုလက်မှတ်**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ မြေစွန့်လွှတ်လွှဲပြောင်းပေးသည့် တပ်ကိုယ်စားလှယ်များက မူလတောင်သူများနှင့် တောင်ကြီးခရိုင် အုပ်ချုပ်ရေးမှူးတို့ထံ ယာယီ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မူလတောင်သူများကိုယ်စား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းလတ်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဆေးရုံတိုးချဲ့တည်ဆောက်မှု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ဆေးရုံ တိုးချဲ့တည်ဆောက်မှုအခြေအနေများ၊ လူနာများအား ဆေးကုသပေးနေမှု အခြေအနေများနှင့် ဓာတ်ရောင်ခြည်ဌာနတွင် ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆေးရုံအတွင်း ဆေးကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**မြို့ပေါ်ကျေးလက်ကွာဟမှုနည်းအောင်**

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတတ်ကျွမ်းထားသည့် ပညာရပ်ကျွမ်းကျင်မှုများကို အသုံးချပြီး ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အရည်အသွေးပြည့်ဝစေရေး စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာနှင့် ကိုယ်ချင်းစာတရားများ ပေါင်းစပ်၍ စောင့်ရှောက်ပေး စေလိုပါကြောင်း၊ လူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြို့ပေါ်ကျေးလက်ကွာဟမှု အတတ်နိုင်ဆုံး နည်းပါးအောင် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း အထက်၊အောက်ကြီးငယ် ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် ဖေးမကူညီပြီး ပျော်ရွှင်သော လုပ်ငန်းခွင်ဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အဆိုပါဆေးရုံကြီးသည် ကုသပေးခြင်းအပိုင်းတွင်သာမက သင်ကြားမှုအပိုင်းတွင်လည်း အထောက်အကူပြုသည့် ဗဟိုအဆင့် ဆေးရုံကြီး ဖြစ်ပါကြောင်း၊ ရှေ့လာမည့် နှစ်များတွင် ကုသမှု၊ သင်ကြားမှု ဌာနအသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် နေရာထိုင်ခင်း၊ စက်ကိရိယာများကို ကြိုတင်မျှော်မှန်းလျာထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဝန်ထမ်းများအနေဖြင့် မြို့မိ မြို့ဖများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဆေးရုံနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ဆေးရုံတိုးချဲ့ ငါးထပ်ဆောင် တည်ဆောက်ခြင်း လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆေးရုံတည်ဆောက်ရေးစီမံကိန်းနေရာကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ တိုးချဲ့ ငါးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။

# အမြန်လမ်းမကြီး Master Plan အရ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးအဖြစ် တိုးချဲ့ဖောက်လုပ်သွားရန် ရည်ရွယ်

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒုက္ခသည်စခန်း (၃)ခုမှ အိမ်ထောင်စု (၅၅)စုကို ရန်ကုန်သို့ရွှေ့ပြောင်းခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးရန်အဆို ဆွေးနွေးခြင်းနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။**

အစည်းအဝေးတွင် ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **ရန်ကုန်-နေပြည်တော်- မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် လိုအပ်နေသော အဆင့်မီ ဖြည့်စွက်ထောက်ပံ့ အင်္ဂါရပ်များ(Road Furinture and Facilities) ဖြည့်ဆည်းကာ စည်းကမ်းအားနည်းချက်များလည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ယခုအခါ အမြန်လမ်းမကြီး Master Plan အရ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးအဖြစ် တိုးချဲ့ဖောက်လုပ်သွားရန် ရည်ရွယ်ပြီး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လမ်းခရီးတွင် အပန်းဖြေနားနေစားသောက်နိုင်ရေး ဦးတည်၍ ယာဉ်ရပ်နားစခန်းများ ဖွင့်လှစ်အသုံးပြုလျက်ရှိပါကြောင်း။

ယာယီသန့်စင်ခန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အစီအစဉ်ဖြင့် ဒေသခံလုပ်ငန်းရှင်များအား လေလံခေါ်ယူ၍ လုပ်ဆောင်စေလျက်ရှိပါကြောင်း၊ ရန်ကုန်မှ ဘောနတ်ကြီးအထိ မိုင် ၄၀ အပိုင်းကို ADB ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီ Express way အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ADB ချေးငွေဖြင့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသောလမ်းမကြီးဖြစ်ရန် AC ခင်းခြင်း၊ Raised Median မှ Depressed Median သို့ ပြောင်းလဲပြီး ၂ ဒသမ ၅ မီတာရှိ အတွင်း၊ အပြင် လမ်းပခုံးပြုလုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ Guard Rail များ တပ်ဆင်ခြင်းတို့ဖြင့် လက်ရှိလမ်းမကြီး လေးလမ်းသွားအား နိုင်ငံတကာအဆင့်မီ လမ်းမကြီးအဆင့်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ Standard ဖြစ်သော Fast,Comfortable နှင့် Safety များပါဝင်သော Fully Access Control လမ်းမကြီးအဖြစ် အဆိုပါလမ်းပိုင်းအား ADB ချေးငွေဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လှိုင်သာယာစက်မှုဇုန် နေ့ကလေးထိန်းကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် လှိုင်သာယာမြို့သစ် တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် မြို့သစ်နေပြည်သူများ အလုပ်အကိုင်ရရှိရေး၊ အလုပ်ဌာနများသို့ သွားလာမှုလွယ်ကူစေရေးနှင့် မြို့သစ်ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်ကြီးများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်နေကြသော အိမ်ထောင်ရှင် အမျိုးသမီးအလုပ်သမားများ လုပ်ငန်းခွင်သာယာရေးနှင့် အလုပ်အကိုင်တည်မြဲရေးအတွက် နေ့ကလေးထိန်းကျောင်း သုံးကျောင်း တည်ဆောက်ပေးခဲ့ပါကြောင်း၊ နေ့ကလေးထိန်းကျောင်း တစ်ကျောင်းလျှင် ဆရာမ ငါးဦး၊ ဝန်ထမ်း နှစ်ဦး ခန့်ထား၍ လစာပေးနိုင်ရေးအတွက် Sinking Fund ငွေကျပ်သိန်း ၁၀၀ စီ မြန်မာ့စီးပွားရေးဘဏ်တွင် Joint Account ဖွင့်လှစ်အပ်နှံ ပေးထားပါကြောင်း။

လှိုင်သာယာမြို့နယ် စက်မှုဇုန်များရှိ အမှတ်(၁)(၂)(၃)နေ့ကလေးထိန်းကျောင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေ၊ အဆောက်အအုံ၊ ဝန်ထမ်းနေအိမ်၊ Sinking Fund ဘဏ်လက်ကျန်ငွေ၊ ဆရာမများ၊ အမှုထမ်းများနှင့်တကွ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည်ဟု ပြန်ကြားချက်ရပြီးဖြစ်သဖြင့် ဝန်ကြီးဌာနမှ လက်ခံရရှိမည့် စာရင်းဇယားများနှင့်အညီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လိုအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မာန်အောင် မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင်၊ မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်းနှင့် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းသည့် **၂၀၁၇ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ထုတ် သတင်းစာတွင်ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ပါ အချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း(၃)ခုမှ အိမ်ထောင်စု (၅၅)စုကို ရန်ကုန်သို့ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦးက ဆွေးနွေးကြသည်။

**စာမျက်နှာ ၅ သို့ ❑**

# မိုဘိုင်းငွေကြေးဝန်ဆောင်မှုများသည် ဘဏ်မရှိသောဒေသများတွင် ဆောင်ရွက်ပေးနိုင်သဖြင့် ဘဏ်သစ်များဖွင့်လှစ်ခွင့်ပြုခြင်းကို ရပ်ဆိုင်းထား

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)တွင် စုဝေးခန်းမဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာနှစ်ထပ် RCလေးခန်းပါ အဆောက်အအုံ တစ်ဆောင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိမရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)သည် ယခင်ရှိခဲ့သည့် ကျောက်တော် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းကို အခြေတည်ခဲ့ပြီး စိုက်ပျိုးရေးသိပ္ပံကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည့် အလျောက် သင်ကြားရေးပိုင်းတွင် လိုအပ်သည့် စာသင်ဆောင်များအနေဖြင့် နှစ်ထပ်ဆောင် နှစ်လုံး၊ တစ်ထပ်ဆောင် လေးလုံးတို့ဖြင့် စီမံဆောင်ရွက်ထားသည့်ကျောင်းဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်အနေဖြင့် ငါးလုံးရှိပါကြောင်း၊ ဝန်ထမ်းအိမ်ရာအနေဖြင့် ကျောင်းအုပ်ကြီးနေအိမ် တစ်လုံးနှင့် ဝန်ထမ်းများနေထိုင်ရန် လေးခန်းတွဲ နှစ်ထပ်ဆောင် တစ်လုံးသာရှိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအရ ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် တက်ရောက်ပညာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူဦးရေနှင့် သင်ကြားရေး ဆရာ ဆရာမများအပါအဝင် ဝန်ထမ်းအင်အားအခြေအနေပေါ်မူတည်ပြီး ဝန်ထမ်းအိမ်ရာနည်းပါးသည့် ကျောင်းများကို အိမ်ရာများ ဖြည့်ဆည်းပေးခြင်းရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ဘဏ္ဍာရန်ပုံငွေ လျာထားနိုင်မှုနှင့် ချိန်ပြီး ဦးစားပေးအလိုက် စီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)အတွက် စုဝေးခန်းမဆောင် တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ နှစ်ထပ်ဆောင် လေးခန်းတွဲ အဆောက်အအုံ တစ်လုံးတို့အား ကျောက်တော်စိုက်ပျိုးရေးသိပ္ပံကျောင်း၏ လိုအပ်ချက်နှင့်အညီ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ( အောက်တိုဘာလမှ စက်တင်ဘာလထိ) ရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ တည်ဆောက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး၏ **မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအတွက် ပြည်တွင်း၌ ပုဂ္ဂလိကဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရန် မူဝါဒများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းနှင့် လက်ရှိအစိုးရလက်ထက် ပြည်တွင်းပုဂ္ဂလိကဘဏ်များ တည်ထောင်လုပ်ကိုင်ခွင့်ပြုပေးရန် အစီအစဉ် ရှိမရှိနှင့် ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SMEကဏ္ဍများသို့ ချေးငွေထုတ်ချေးမှု အခြေအနေကို ရာခိုင်နှုန်းနှင့်တကွ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက မြန်မာနိုင်ငံတွင် လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် ပြည်တွင်းပုဂ္ဂလိကဘဏ် (၂၄)ဘဏ်ရှိပါကြောင်း၊ နောက်ထပ်ပြည်တွင်းဘဏ်(၅)ဘဏ်မှ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခွင့်တင်ပြထားခြင်းအပေါ် စိစစ်လျက်ရှိပါကြောင်း၊ စိစစ်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ ပြီးမြောက်မှုအရ ဘဏ်လုပ်ငန်းဆောင်ရွက်ကြသည့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ တိုးပွားလာမည်ဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့်ဘဏ်များနှင့် နောက်ထပ် ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိလာမည့် ဘဏ်များ၏ အရေအတွက်သည် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ လူဦးရေပမာဏနှင့် လက်ရှိစီးပွားရေးအခြေအနေအရ သင့်တင့်မျှတသည်ဟု ဆိုနိုင်ပါကြောင်း။



**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။**

ထို့ပြင် ခေတ်မီနည်းပညာဖြစ်သော မိုဘိုင်းဖုန်းများကို အသုံးပြု၍ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲပြောင်းခြင်းနှင့် ငွေပေးချေခြင်း စသည်များကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာကြပြီဖြစ်ပါကြောင်း၊ ထို့အတူ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများကို တိုးချဲ့ခွင့်ပြုပေးလျက်ရှိပြီး လျင်မြန်သည့် အရှိန်အဟုန်ဖြင့် တိုးတက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ပြည်တွင်းပုဂ္ဂလိကဘဏ် ခုနစ်ဘဏ်နှင့် ဆက်သွယ်ရေးကုမ္ပဏီလေးခုတို့မှ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းထားသည့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများမှလည်း အဆိုပါဝန်ဆောင်မှုပေးရန် ခွင့်ပြုချက် အများအပြားကို တောင်းခံလျက်ရှိပါကြောင်း၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုများသည် ဘဏ်မရှိသောဒေသများတွင် ဘဏ်၏ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်သဖြင့် ကမ္ဘာအနှံ့ကျယ်ပြန့်စွာဆောင်ရွက်လာကြသည့် ဘဏ်ဝန်ဆောင်မှုဖြစ်၍ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်ရေးကို ထိရောက်စွာ ပံ့ပိုးနိုင်သည့်ဝန်ဆောင်မှုဖြစ်ပါကြောင်း၊ ထိုအချက်များကြောင့် ဘဏ်သစ်များဖွင့်လှစ်ခွင့်ပြုခြင်းကို လောလောဆယ် ရပ်ဆိုင်းထားခြင်း ဖြစ်ပါကြောင်း။

ပုဂ္ဂလိကဘဏ်များမှ လယ်ယာကဏ္ဍ၊ SME ကဏ္ဍ ထုတ်ချေးမှုအခြေအနေကို ရာခိုင်နှုန်းနှင့်တကွသိရှိလိုခြင်းနှင့်ပတ်သက်၍ ကိန်းဂဏန်းအချက်အလက်များကို

**စာမျက်နှာ ၅ သို့ ✪**

### ❑ ပြည်သူ့လွှတ်တော်မှ

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ကမန် IDP များကို မူလနေရာတွင် ပြန်လည်နေရာချရန် အကြံပြုခဲ့သော်လည်း အစိုးရက ရန်ကုန်တွင် နေရာချပေးခဲ့ကြောင်း၊ တခြား IDP စခန်းပိတ်ရန် နမူနာမဖြစ်သင့်ကြောင်း၊ မဟာဗျူဟာတစ်ရပ် အရေးပေါ်လိုအပ်ကြောင်း၊ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ရန်လိုကြောင်း၊ ကမန် အိမ်ထောင်စု ၅၅ စု ပြောင်းရွှေ့ရေးကို မည်သည့်စံနှင့် ရွေးချယ်ခဲ့သည်၊ ၎င်းတို့၏ ဆန္ဒအရလား၊ အားလုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးပြီလား ဆိုသည်များကို ရှင်းပြသင့်ပါကြောင်း။

ရခိုင်အရေးနှင့်ပတ်သက်၍ ပြည်တွင်းတွင်လည်း အကြံကောင်းများ ရနိုင်ပါကြောင်း၊ ပြည်သူ့အသံကို နားထောင်ပေးရန်နှင့် သေသေချာချာ စဉ်းစားပေးရန် အကြံပြုလိုပါကြောင်း၊ အမှန်တကယ် ဒုက္ခရောက်နေသူများကို ကူညီမှုသည် ကောင်းမွန်သည့်လုပ်ရပ် ဖြစ်ပါကြောင်း၊ ဒုက္ခသည်တိုင်း အကြမ်းဖက်သမား မဟုတ်သော်လည်း အကြမ်းဖက်သမားတိုင်းသည် ဒုက္ခသည် အမည်ခံပြီး ရောပါလာတတ်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စိစစ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ပြီး ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးပြီးမှသာ ပိုမိုကောင်းမွန်သည့် အဖြေကို ရှာဖွေဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ယင်းအဆိုနှင့်စပ်လျဉ်း၍ မြစ်ကြီးနား မဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဒွေးဝင်းအောင်(ခ)ဦးပြုံးချို၊ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဝေါ မဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ဘော်လခဲ မဲဆန္ဒနယ်မှ ဦးအေးမောင်၊ ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်၊ ပြည် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးမိုးကြည်၊ ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ၊ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်နှင့် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၂ ခုနှစ် ပဋိပက္ခများ အပြီးတွင် ရမ်းဗြဲမြို့ အမှတ်(၆)ရပ်ကွက် တန်းရှာ(IDP) စခန်း ရှစ်ခန်းတွဲ ၁၂ ဆောင်တွင် ကမန်အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၁၈၆ ဦး နေထိုင်ကြပြီး ရန်ကုန်မြို့သို့ ဆေးကုသမှုခံယူရန်နှင့် ဌာနပြောင်းရွှေ့ဝန်ထမ်းမိသားစုဖြစ်သည့် အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၅၈ ဦး၊ ၂၀၁၇ ခုနှစ် ဧပြီ ၅ ရက်မှ ဇွန် ၇ ရက်အထိ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သည့် အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၀၃ ဦး၊ သံတွဲမြို့သို့ ပြောင်းရွှေ့သည့် အိမ်ထောင်စုသုံးစု၊ လူဦးရေ ၁၁ ဦးဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ် ပဋိပက္ခများအပြီးတွင် ရန်ကုန်မြို့တွင် ၎င်းတို့၏ ဆွေမျိုးများရှိ၍ လည်းကောင်း၊ ၎င်းတို့၏သဘော ဆန္ဒအလျောက် အမှန်တကယ် ပြောင်းရွှေ့နေထိုင်လိုသည့်အတွက်ကြောင့် လည်းကောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ စိစစ်ပြီးနိုင်ငံသားမှတ်ပုံတင် လက်မှတ် ကိုင်ဆောင်ထားသော ကမန်တိုင်းရင်းသားများသာဖြစ်သည့်အတွက် ကြောင့် လည်းကောင်း၊ အဆိုပါအချက်အလက်များနှင့် ပြည့်စုံသူများကိုစိစစ်၍ အိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၁၀၃ ဦးသာ ရန်ကုန်မြို့သို့ ၎င်းတို့၏ ဆန္ဒအရ ပြောင်းရွှေ့ခွင့်ပြုခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၅ အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့် အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည့်အတွက် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ဝန်ကြီးဌာန၌ ကျင်းပခဲ့ပါကြောင်း၊ သက်လူမျိုး၊ သက္ကမ (ဒိုင်းနက်)လူမျိုး၊ မြိုလူမျိုး၊ ခမီလူမျိုး၊ မရမာကြီးလူမျိုး၊ ဟိန္ဒူဘာသာဝင် ကိုယ်စားလှယ်၊ ကမန်ကိုယ်စားလှယ်၊ အစ္စလမ်ဘာသာဝင် ကိုယ်စားလှယ်နှင့် ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်တို့က လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ စေ့စပ်ညှိနှိုင်းမှုများ၊ တွေ့ဆုံရှင်းလင်းမှုများ၊ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၅) အရ နိုင်ငံသားတိုင်းသည် မြန်မာနိုင်ငံအတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအရ ဥပဒေနှင့်အညီ ၎င်းတို့၏ ဆန္ဒအလျောက် အခြေစိုက်နေထိုင်ခြင်းသာဖြစ်သည့်အတွက် အဆိုအား မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်မှ အတည်ပြုပေးရန် တင်ပြသဖြင့် စက်ခလုတ်နှိပ်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၃၆ မဲ၊ ကန့်ကွက်မဲ ၂၃၆ မဲနှင့် ကြားနေမဲ ၈ မဲတို့ဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုကို မှတ်တမ်းအဖြစ်သာ ထားရှိမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

### ✪ အမျိုးသားလွှတ်တော်မှ

ယခုအချိန်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနှင့် သီးခြားခွဲ၍ မှတ်တမ်းတင်ထားရှိခြင်းမရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အစိုးရပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ စာရင်းများကို ပေါင်းစု၍ ဖြေကြားခြင်းဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ စာရင်းများအရ ပုဂ္ဂလိကဘဏ်များမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသို့ ထုတ်ချေးငွေပေါင်း ငွေကျပ် ၃၁၉ ဒသမ ၂၂၈ ဘီလီယံဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့ ထုတ်ချေးငွေ စုစုပေါင်း၏ ၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိပါကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME)သို့ ထုတ်ချေးငွေပေါင်းမှာ ငွေကျပ် ၈၆၈ ဒသမ ၇၃၃ ဘီလီယံ ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့ ထုတ်ချေးငွေ စုစုပေါင်း၏ ၄ ဒသမ ၇၁ ရာခိုင်နှုန်းရှိပါကြောင်း။

အဓိကအချက်မှာ သက်သာသော အတိုးနှုန်းခံစားခွင့် မရရှိသည့် SMEs များအနေဖြင့် ချေးငွေကို ဈေးကွက်ပေါက်ဈေးနှင့် ရရှိနိုင်မှုအခွင့်အလမ်း မြင့်မားတိုးတက်လာစေရေးဖြစ်ပါကြောင်း၊ ယင်းအခြေအနေသို့ ရောက်ရှိစေရန် တစ်ဖက်တွင် SMEs များအနေနှင့် ကိုယ်တိုင်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သကဲ့သို့ ဘဏ်များမှလည်း ချေးငွေထုတ်ချေးရာတွင် နိုင်ငံတကာတွင် ကျင့်သုံးသည့် စွန့်စားရမှုကိုအခြေခံသော ချေးငွေစိစစ်သုံးသပ်မှု ဘဏ်လုပ်ငန်းအခြေခံများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသဖြင့် အနာဂတ်တွင် SMEs များအတွက် ချေးငွေရရှိနိုင်သည့် အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **“အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act)”**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် **“ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း”**ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်အခွင့်အရေးကော်မတီ ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက လွှတ်တော်အခွင့်အရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ကော်မတီ၏အကြံပြုချက်အနေဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် မိမိမဲဆန္ဒနယ်မြေ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ဝင်ရောက်စွက်ဖက်ခြင်းသဘော မသက်ရောက်စေရေး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအခန်း(၁၃)၊ ပုဒ်မ ၆၂ ပါ “ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲရာတွင် လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်” ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်သူ့အကျိုးကို ရှေးရှုကာ အပြုသဘောဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ တောင်းခံသည့်အချက်အလက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုမြန်ဆန်လာပြီး ပြည်သူများကို ကိုယ်စားပြုသော လွှတ်တော်၏ အခန်းကဏ္ဍသည်လည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရှိသည်ဟူသော အကြောင်းပြချက်မှအပ ကျန်ကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများနှင့် အမျိုးသားလွှတ်တော်ရုံး သုတေသနဝန်ဆောင်မှုဌာနများက တောင်းဆိုလာပါက အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေအခန်း(၄) ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ) အရ အမြန်ဆုံးကူညီ ဆောင်ရွက်ပေးသင့်ကြောင်း သက်ဆိုင်ရာသို့ တိုက်တွန်းအကြံပြုပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ကော်မတီ၏ အကြံပြုချက်အနေဖြင့် ပြည်သူများမှ ပေးပို့လာသည့် အချို့သော တိုင်ကြားစာ၊ အသနားခံစာနှင့် တင်ပြချက်များပါ အမှုတွဲများသည် အထောက်အထားခိုင်လုံမှုမရှိခြင်း၊ ရှင်းလင်းတိကျစွာ တိုင်ကြားမှုမရှိခြင်းများကြောင့် ကော်မတီမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း အဆိုပါအမှုဖြစ်ပွားရာဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ အကူအညီရယူလျက် ပြည်သူများ၏ နစ်နာမှုများကို ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ချီတက်နေချိန်တွင် လူမျိုး၊ မွေးဖွားရာဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ ကျား၊ မ မခွဲခြားဘဲ ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးပေးထားသဖြင့် နိုင်ငံတော်တွင် ဒီမိုကရေစီထွန်းကားရေးကို ကော်မတီအနေဖြင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။

ကော်မတီမှ စိစစ်ဆောင်ရွက်ခဲ့သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ် နစ်နာသဖြင့် တင်ပြစာများ၊ အသနားခံစာများ၊ ကွင်းဆင်းလေ့လာစစ်ဆေးတွေ့ရှိချက်များ၊ တိုင်ကြားစာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများက ပြန်လည်စစ်ဆေးအရေးယူဆောင်ရွက်ချက်များကို ကော်မတီက ပြန်လည်သိရှိရမှသာလျှင် ကော်မတီ၏ လုပ်ငန်းများကို ယခုထက် ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်၍ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနနှင့် အဖွဲ့အစည်းများ၏ ဖြေရှင်းချက်များအား ကော်မတီသို့ အချိန်မီ ပြန်လည်ပေးပို့နိုင်ရေး လွှတ်တော်က တိုက်တွန်းပေးသင့်ပါကြောင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ကော်မတီ၏ အကြံပြုချက်အနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာကို အလွတ်ကျက်မှတ်ဖြေဆိုခြင်းပုံစံမှ စဉ်းစားတွေးခေါ် ဖြေဆိုခြင်းပုံစံသို့ ပြောင်းလဲခြင်းကို အချိန်မီကျယ်ပြန့်စွာ ထုတ်ပြန်အသိပေးရန် အကြံပြုပါကြောင်း၊ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်ဆေးပြီး အမှန်တကယ် အောင်၊ ရှုံး ထုတ်ပြန်ရန်(သို့မဟုတ်) ဖြေဆိုသူအားလုံး အအောင်ပေးလျှင် ကျောင်းတွင်းစစ်စစ်ဆေးရန်ဟူသော မိဘများနှင့်ဆရာများ၏ ဝေဖန်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန် အကြံပြုပါကြောင်း။

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆောက်လုပ်ခွင့်ရအဆောက်အအုံများ၏ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာစွာရှိရေးနှင့် အရည်အသွေးပြည့်မီရေးတို့ကို စီမံခန့်ခွဲသူအဆင့်ဆင့်က တာဝန်ခံမှုပြည့်ဝစွာရှိစေရန်၊ ဆရာ ဆရာမများ ရာထူးတိုးပြောင်းရွှေ့ကိစ္စများကို ကျောင်းမဖွင့်မီ ဆောင်ရွက်ရန်၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ပထမခြေလှမ်းဖြစ်သော KG တန်းနှင့် Grade-1 ကျောင်းသား ကျောင်းသူများအား ပညာရေးရည်မှန်းချက် ပေါက်မြောက်အောင်မြင်မှု မည်သို့တိုင်းတာသည်ကို ကျောင်းအလိုက်၊ မြို့နယ်အလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သုံးသပ်သောလုပ်ငန်းများ ကျယ်ပြန့်စွာ သိရှိနိုင်ရန် ထုတ်ပြန်သင့်ပါကြောင်း၊ နှစ်စဉ်အရေအတွက်များစွာ တိုးတက်နေသော ကိုယ်ပိုင်ကျောင်းများကို စည်းစနစ်ကျစွာ ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်စေရန် ပုဂ္ဂလိကကျောင်းဥပဒေကို မြန်ဆန်စွာ ပြဋ္ဌာန်းနိုင်ရန်တို့ကို အကြံပြုပါကြောင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသော အခြားကော်မတီ ၁၂ ခု၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ပြီးဖြစ်၍ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၀၇)အရ နောက်ထပ်သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း၊ မွေးကြူဇင်(သတင်းစဉ်)**

# ဘဏ္ဍာနှစ်မကုန်မီ ပြည်ပကုန်သွယ်မှု ဒေါ်လာ ဘီလီယံ ၃၀ ကျော် ရောက်ရှိပြီး သမိုင်းတစ်လျှောက် ကုန်သွယ်မှု စံချိန်သစ်တင်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရန်အတွက် အစိုးရနှင့်ပြည်သူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရင်း ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပကုန်သွယ်မှုကဏ္ဍသည်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာန၏ ချမှတ်ထားသည့် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ ပို့ကုန်များအား ခိုင်မာသော ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေး၊ ဈေးကွက်သေချာသည့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ပို့ကုန်တင်ပို့မှု လွယ်ကူလျင်မြန်စေရေးနှင့် နိုင်ငံ၏ပြည်ပကုန်သွယ်မှုကဏ္ဍအား နှစ်စဉ်အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

**လေးဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင် ပင်လယ်ရေကြောင်းမှ နိုင်ငံတကာနှင့် ဆောင်ရွက်သည့်နည်းတူ နယ်စပ်မှအိမ်နီးချင်းနိုင်ငံများနှင့်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် စီးပွားရေးမူဝါဒနှင့်အညီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာနများ၊ UMFCCI နှင့် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ အပါအဝင် Stakeholder အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ခဲ့မှုကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မကုန်မီတွင် ပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော်လွန်ပြီး ပြည်ပကုန်သွယ်မှုသမိုင်းတစ်လျှောက် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ ၂ ရက်အထိ) ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော် ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ပို့ကုန် နှစ်ဘီလီယံ၊ သွင်းကုန် နှစ်ဘီလီယံ အပါအဝင် ကုန်သွယ်မှုပမာဏ လေးဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်သွယ်မှုစာရင်းဇယားများအရ သိရပါတယ်။

**နှစ်ပေါင်း ၇၀ အတွင်း စံချိန်သစ်**

ပြည်ပပို့ကုန်ကဏ္ဍကို ကြည့်မယ်ဆိုရင် ဒီနှစ်မှာ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့မှုက အမေရိကန်ဒေါ်လာ ၂၇၈၄ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ အဓိကတင်ပို့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကတော့ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၂ သန်းကျော် တန်ဖိုးအမေရိကန် ဒေါ်လာ ၈၀၇ သန်း၊ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုက တန်ချိန် ၃ ဒသမ ၂ သန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၅ သန်း၊ ရော်ဘာတင်ပို့မှုတန်ချိန် သုည ဒသမ ၁၃၆ သန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၉ သန်း၊ သစ်သီးဝလံမျိုးစုံ တင်ပို့မှု တန်ချိန် ၁ သန်းခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၉ သန်းနှင့် ပြောင်းတင်ပို့မှုတန်ချိန် ၁ ဒသမ ၃ သန်းကျော် တန်ဖိုးအမေရိကန်ဒေါ်လာ ၂၇၂ သန်း တင်ပို့နိုင်ခဲ့ပါတယ်။ ဒီနှစ်ဒီအချိန်ထိတော့ မြန်မာနိုင်ငံရဲ့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုက ယခင်နှစ် ကာလတူထက် တန်ချိန် ၁ ဒသမ ၇ သန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၇၀ အတွင်း စံချိန်သစ် တင်ပို့နိုင်တာကို တွေ့ရပါတယ်။ ပြောင်းတင်ပို့မှုကလည်း ယခင်နှစ်ထက် တန်ချိန် နှစ်သိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၈ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခု ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်အထိ သဘာဝဓာတ်ငွေ့တင်ပို့မှု တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဘီလီယံကျော် တင်ပို့နိုင်ပြီး ပြည်ပပို့ကုန်တင်ပို့မှုတွင် ပထမနေရာတွင်ရှိနေကြောင်း၊ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၃၂ ဘီလီယံနဲ့ ဒုတိယနေရာတွင် ရှိနေကြောင်း သိရပါတယ်။

> “ပြည်ပမှ တင်သွင်းလာသော ကုန်စည်ပမာဏ များပြားလာခြင်းကြောင့် ပြည်တွင်းရှိ အလားတူ ကုန်စည်ထုတ်လုပ်သူတွေ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ဖို့အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေ(မူကြမ်း) Safeguard Law on Increased Import အား ရေးဆွဲလျက်ရှိ”




**ဒေါ်လာ ၁၀၈ သန်း တင်ပို့နိုင်**

ရေထွက်ပစ္စည်းတင်ပို့မှုတွင် ယခု ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်အထိ စုစုပေါင်းတန်ချိန် ငါးသိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၄ သန်းထိ တင်ပို့နိုင်ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၆၀၀၀၀ ခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက် ပစ္စည်းများ တင်ပို့မှုတွင် အဓိကတင်ပို့နိုင်သည့် အမည်များမှာ ငါးမျိုးစုံတန်ချိန် ၃ ဒသမ ၅ သိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၆၀၊ ပုစွန်တန်ချိန် ၁၈၀၀၀ ခန့်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၇ သန်း၊ ကဏန်း တန်ချိန် ၁၈၀၀၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၉ သန်း၊ ငါးရှဥ့်တန်ချိန် ၉၀၀၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈ သန်းနှင့် အခြားရေထွက်ပစ္စည်းများအနေဖြင့် စုစုပေါင်းတန်ချိန် တစ်သိန်းခန့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည့်အပြင် ယခုဘဏ္ဍာနှစ်တွင် တိရစ္ဆာန်ထွက် ပစ္စည်းတွေလည်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ် မတ် ၂ ရက်အထိ တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့နိုင်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄ သန်းကျော် တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၅ သန်း ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုကဲ့သို့ ပိုမိုတင်ပို့နိုင်ခဲ့သည့် အကြောင်းရင်းမှာ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လွတ်လပ်သည့် ဈေးကွက်ကို ဖော်ဆောင်နိုင်ရန် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုသည့်အမိန့်အား ဝန်ကြီးရုံး၏ ၉-၁၀-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာ ၄၉/၂၀၁၇ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ထို့ကြောင့် အမိန့်ကြော်ငြာစာထွက်ပြီးသည့် နောက်ပိုင်းမှစ၍ တင်ပို့နိုင်တဲ့ သိုးအရှင်အကောင်ရေ ၂၅၀၀ တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၀၄၅ သန်း၊ ကျွဲအရှင်ကောင်ရေ ၁၈၆၃ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၄၂ သန်းနှင့် နွားအရှင်ကောင်ရေ ၁၃၉၇၆ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၇၁ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

**ကျောက်စိမ်းတင်ပို့မှု အများဆုံး**

ယခုဘဏ္ဍာနှစ် ပို့ကုန်ကဏ္ဍတွင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် ထူးခြားတင်ပို့မှုအနေနဲ့ သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှုဟာ ဧပြီလမှ မတ် ၂ ရက်အထိ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၁၄ သန်း တင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၅၀၃ သန်း ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ အဓိကတင်ပို့တဲ့ သတ္တုတွင်းထွက်ပစ္စည်းတွေမှာ သတ္တုနဲ့သတ္တုရိုင်းတွေဖြစ်ပြီး တင်ပို့မှု တန်ဖိုးအမေရိကန်ဒေါ်လာ ၆၁၄ သန်း၊ ဒုတိယအနေဖြင့် ကျောက်စိမ်းတင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၉သန်း အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။

သွင်းကုန်တင်သွင်းမှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ် ၂ ရက်အထိ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၇၅ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၃၅ ဘီလီယံရှိတဲ့အတွက် သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဓိက တင်သွင်းတဲ့ပစ္စည်းတွေကတော့ မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်အပိုပစ္စည်းတွေ အမေရိကန်ဒေါ်လာ ၁၄၄၅ သန်း၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေဖြစ်တဲ့ စက်နဲ့စက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၁၂၀ သန်း၊ သံနဲ့ သံမဏိဆောက်လုပ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ ၆၅၅ သန်း၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးပစ္စည်းတွေ အမေရိကန်ဒေါ်လာ ၃၉၄ သန်းဖြစ်ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတွေဖြစ်တဲ့ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၂၉၅ သန်း၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းအမေရိကန်ဒေါ်လာ ၅၆၈ သန်း၊ ဓာတ်မြေဩဇာ အမေရိကန်ဒေါ်လာ ၂၉၅ သန်း၊ ဓာတုဗေဒချည်ခင်တွေ အမေရိကန် ဒေါ်လာ ၂၃၉ သန်းဖြစ်ပြီး လူသုံးကုန်ပစ္စည်းအနေဖြင့် ဆေးဝါးပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၈၃ သန်းတို့ကို နိုင်ငံတော်ရဲ့ လိုအပ်ချက်နဲ့အညီ အဓိကအများဆုံး တင်သွင်းနေတာကို တွေ့ပါတယ်။

ဒါ့အပြင် ယခင်နှစ် ကာလတူထက် ပိုမိုတင်သွင်းနိုင်တဲ့ပစ္စည်းတွေကတော့ ရေနံထွက် ပစ္စည်းတွေဖြစ်တဲ့ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ လေယာဉ်ဆီနဲ့ လေယာဉ်အပိုပစ္စည်းတွေ၊ စက်နဲ့စက်ပစ္စည်းတွေ၊ ဓာတုဗေဒချည်ခင်တွေ၊ ဆေးဝါးပစ္စည်းတွေ ပိုမိုတင်သွင်းလာတာကို တွေ့ရှိရပါတယ်။ ဒီလိုတင်သွင်းတဲ့ ပစ္စည်းတွေဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းတွေ၊ SME လုပ်ငန်းအတွက် လိုအပ်တဲ့ကုန်ကြမ်းပစ္စည်း၊ စက်ပစ္စည်းတွေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ ဆေးဝါးပစ္စည်းတွေ တင်သွင်းရတယ်ဆိုတာဟာ သိသာထင်ရှားလှပါတယ်။

**သွင်းကုန်လိုင်စင်တွေ ထုတ်ပေး**

ဒီလို ကုန်သွယ်မှုကဏ္ဍ တိုးတက်လာအောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဟာ ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုတွေ ဆောင်ရွက်ပေးပြီး သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုသော ကုန်စည်စာရင်း Negative List ကို HS Code လိုင်းပေါင်း ၄၈၁၈ လိုင်းသာ ကျန်ရှိပြီး ၎င်းတို့အား ထပ်မံဖြေလျှော့နိုင်ရေးအတွက် ဆက်စပ်ဌာနတွေ၊ အသင်းအဖွဲ့တွေရဲ့ သဘောထား အကြံပြုချက်တွေ ဆွေးနွေးရယူလျက်ရှိကြောင်း သိရှိရပါတယ်။

ကုန်သွယ်မှုလျင်မြန်ချောမွေ့စေဖို့နဲ့ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ ပို့ကုန်သွင်းကုန်လိုင်စင်တွေအား ဈေးနှုန်းစိစစ်ခြင်းမပြုဘဲ ကုမ္ပဏီတွေက တင်ပြလာတဲ့ ဈေးနှုန်းနဲ့ ကုန်ပစ္စည်းတန်ဖိုး မှန်ကန်ကြောင်း ဝန်ခံကတိဖြင့် စီးပွားရေးကျင့်ဝတ်နဲ့အညီ တင်ပြလာတဲ့ Invoice နဲ့ Sale Contract ပါ ဈေးနှုန်းတွေအတိုင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်တွေကို ခွင့်ပြုထုတ်ပေးခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပြီး လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဥပဒေနဲ့အညီ ကာကွယ်**

ပြည်ပမှ တင်သွင်းလာသော ကုန်စည်ပမာဏ များပြားလာခြင်းကြောင့် ပြည်တွင်းရှိ အလားတူကုန်စည်ထုတ်လုပ်သူတွေ ထိခိုက်နစ်နာမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်ကုစားနိုင်ဖို့အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေ(မူကြမ်း) Safeguard Law on Increased Import အား ရေးဆွဲလျက်ရှိကြောင်းနဲ့ လျှော့ဈေးဖြင့် စုပုံတင်ပို့ခြင်းနဲ့ အစိုးရထောက်ပံ့မှု ရယူတင်ပို့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်း ကုန်စည်ထုတ်လုပ်သူတွေရဲ့ ထိခိုက်နစ်နာမှုကို ကာကွယ်ကုစားပေးမှု Anti-dumping and Countervailing Law ဥပဒေ(မူကြမ်း) အား ရေးဆွဲလျက်ရှိပြီး ကုန်သွယ်မှုကဏ္ဍတွင် WTO သတ်မှတ်ချက်နဲ့အညီ မိမိနိုင်ငံသား လုပ်ငန်းရှင်တွေအား ဥပဒေနဲ့အညီ ကာကွယ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

**စာမျက်နှာ ၈ သို့** ❐

# နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်းများနှင့် ပတ်သက်ပြီး စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း-အခြားစာရင်းရှင် (Union Fund Account –Other Account –UFA –OA) နှင့်ပတ်သက်ပြီး နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး၊ ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးမောင်မောင်ခန့်တို့ ပါဝင်ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဆက်လက်ဖော်ပြလိုက်ပါသည်-**

**(ယမန်နေ့မှအဆက်)**

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ စာရင်းတွေကို မြန်မာ့စီးပွားရေးဘဏ်ကနေပြီး တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ တာဝန်ယူထိန်းသိမ်းပြီး အဲဒီမှာ အစိုးရဌာနတွေအနေနဲ့ ဦးစီးဌာနတွေနဲ့ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများဆိုပြီး သဘောသဘာဝမတူတဲ့ ဌာနတွေရှိပါတယ်။ ဦးစီးဌာနတွေက MD Account ဆိုပြီးတော့ ဖွင့်ကြပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေက SEE Account တွေ၊ OA Account တွေကို ဖွင့်ပြီး ဆောင်ရွက်ကြပါတယ်။

ဘတ်ဂျက်ရဲ့ အနေအထားအရ MD Account က ငွေတွေကို ဘယ်လိုထုတ်လို့ရတယ်၊ သွင်းလို့ရတယ်။ အလားတူပဲ SEE Account က ဘယ်လိုထုတ်လို့ရတယ်၊ သွင်းလို့ရတယ်၊ OA Account က ဘယ်လိုထုတ်လို့ရတယ်၊ သွင်းလို့ရတယ်ဆိုတဲ့ အခြေအနေလေးတွေကိုလည်း သဘောသဘာဝမတူတဲ့ အခြေအနေလေးတွေ အကြောင်းကိုလည်း နည်းနည်းလေးရှင်းပြပေးပါ။

**အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး**

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပထမပိုင်းမှာ UFA စာရင်းတွေနဲ့ ပတ်သက်ပြီးတော့ စာရင်းတွေ ဖွင့်လှစ်ပေးတဲ့ကိစ္စရပ်တွေ၊ ငွေထုတ်သူအရာရှိ ပြောင်းလဲတဲ့ ကိစ္စရပ်တွေ၊ နောက်တစ်ခါ Drawing Limit အကြောင်းပြချက် ကိစ္စရပ်တွေ၊ စာရင်းပိတ်သိမ်းတဲ့ ကိစ္စရပ်တွေနဲ့ စာရင်းထိန်းသိမ်းခြင်းတွေကို ဆောင်ရွက်ပေးပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ UFA စာရင်းရဲ့အောက်မှာ စာရင်းအမျိုးအစားတွေ အမျိုးမျိုးရှိသော်ငြားလည်း စာရင်းရဲ့ သဘောသဘာဝအရ ကျွန်တော်တို့နှစ်မျိုးပဲရှိပါတယ်။ ပထမတစ်မျိုးက ငွေထုတ်စာရင်းတွေပဲ ဖြစ်ပါတယ်။ ငွေထုတ်စာရင်းတွေက ဘာတွေပါလဲဆိုတော့ နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းတွေရဲ့ ငွေထုတ်စာရင်းတွေ ပါဝင်ပါတယ်။ နောက်တစ်ခါ ဘာတွေပါလဲဆိုရင် စည်ပင်သာယာရေးအဖွဲ့အစည်းတွေရဲ့ ငွေထုတ်စာရင်းတွေ နောက်တစ်ခါ ဗဟိုအဖွဲ့အစည်းဝန်ကြီးဌာန၊ ဦးစီးဌာနတို့ရဲ့ ငွေထုတ်စာရင်းတွေပါဝင်ပါတယ်။

ငွေထုတ်စာရင်းတွေကတော့ သက်ဆိုင်ရာဌာနကနေပြီး မြန်မာ့စီးပွားရေးဘဏ်ကို အကြောင်းကြားပြီးတော့ ငွေထုတ်စာရင်းဖွင့်လို့ရတဲ့ စာရင်းတွေဖြစ်ပါတယ်။ ငွေထုတ်စာရင်းဆိုတဲ့ ကိစ္စရပ်ရှိပါတယ်။ စာရင်းရှင်စာရင်းရှိပါတယ်။ စာရင်းရှင် စာရင်းမှာ ဘာတွေပါလဲဆိုရင် OA စာရင်းနဲ့ လှည့်ပတ်ရန်ပုံငွေစာရင်းတွေ ပါဝင်ပါတယ်။ လှည့်ပတ်ရန်ပုံငွေ ဖွင့်လှစ်နိုင်တာကတော့ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနတွေ၊ စည်ပင်သာယာရေးအဖွဲ့အစည်းတွေက မိမိရဲ့ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ရယူပြီးတော့ ဖွင့်လှစ်ရတဲ့ စာရင်းတွေဖြစ်ပါတယ်။

ဒီနေရာမှာ ထပ်ပြီးရှင်းလင်းလိုတာက Drawing Account နဲ့ Other Account တွေရဲ့ ခြားနားချက်ကလေးပါ။ Drawing Account ဆိုတာကတော့ ကျွန်တော်တို့က သက်ဆိုင်ရာဌာန အဖွဲ့အစည်းဟာ မိမိရဲ့ဘဏ်စာရင်းမှာ ငွေလက်ကျန်ရှိစရာ မလိုပါဘူး။ ငွေထုတ်ကန့်သတ်ချက် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမိန့်ရှိရမှာဖြစ်ပြီးတော့ ဘဏ္ဍာရေးခွင့်ပြုချက်အရ သူက ဘဏ်ကို ငွေထုတ်ကန့်သတ်ချက် အကြောင်းကြားစာပေးပို့ပြီးတော့ ထုတ်ယူရတဲ့ စာရင်းမျိုးဖြစ်ပါတယ်။ စာရင်းရှင်စာရင်း OA ဆိုတာကတော့ သူက ဘဏ်မှာ ငွေလက်ကျန်ရှိဖို့လိုအပ်ပြီးတော့ သက်ဆိုင်ရာဌာနကနေပြီးတော့ သက်ဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဘဏ်ကနေ ထုတ်ယူသုံးစွဲနိုင်တဲ့စာရင်းများ ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ဒါဆိုရင် ဘတ်ဂျက်ကနေပြီးတော့ ဌာန၊ အဖွဲ့အစည်းတွေအတွက် ဒီနှစ်အတွက်ကို ဘယ်လောက်သုံးစွဲခွင့်ရှိတယ်ဆိုတာ လွှတ်တော်ကနေ အတည်ပြုပြီးတဲ့အခါကျရင် ဌာနတွေကနေ ဒီနှစ်အတွက်ကို ထုတ်ယူသုံးစွဲကြတယ်။ Drawing Limit တို့ Letter of Credit -LC တို့ ဖွင့်ကြတယ်လို့ ကြားသိရတယ်။ Drawing Limit နဲ့ ငွေထုတ်တဲ့နေရာမှာ သုံးတဲ့ LC တို့ရဲ့ ကွာခြားချက်တွေကိုလည်း ပြောပြပေးပါဦး။

**အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦး**

ဟုတ်ကဲ့ခင်ဗျာ၊ စောစောက ငွေထုတ်ကန့်သတ်ချက်တွေကို ပြောသလိုပါပဲ။ သက်ဆိုင်ရာဌာနတွေအနေနဲ့ ဘဏ္ဍာရေးဆိုင်ရာ ဘတ်ဂျက်တွေ၊ ခွင့်ပြုချက်တွေရပြီဆိုရင် သက်ဆိုင်ရာဌာနကနေပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ကို ငွေထုတ်ကန့်သတ်ချက်တွေ အကြောင်းကြားရပါတယ်။ အဲဒီတော့ ဒီလိုအကြောင်းကြားတဲ့အခါမှာလည်း ဗဟိုအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတွေကိုရော၊ နိုင်ငံတော်ရဲ့ စီးပွားရေးအဖွဲ့အစည်းတွေရော ငွေထုတ်ကန့်သတ်ချက်တွေကို ဘဏ်ကိုအကြောင်းကြားရပါတယ်။ ဒီလို အကြောင်းကြားတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်ကနေ သက်ဆိုင်ရာဘဏ်တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းရဲ့ ငွေထုတ်ကန့်သတ်ချက်တွေကို အကြောင်းကြားရပါတယ်။ အကြောင်းကြားတဲ့အခါ သက်ဆိုင်ရာအဖွဲ့အစည်းတွေက သက်ဆိုင်ရာ ငွေထုတ်ကန့်သတ်ချက် မူဘောင်ထဲကနေပြီးတော့ပဲ ထုတ်ယူခွင့်ရကြတာဖြစ်ပါတယ်။

ဒီလိုလုပ်တဲ့အခါ SEE တွေက ငွေထုတ်ကန့်သတ်ချက်ကို ပေးပို့ရင်ရပြီးတော့ အဖွဲ့အစည်းတွေနဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနတွေကတော့ သုံးလပတ်တစ်ကြိမ် ရန်ပုံငွေဖွင့်လှစ်တဲ့စာရင်းတွေကို ဘဏ်မှာထပ်မံပေးပို့ပြီးတော့ ဒီသုံးလပတ်ငွေထုတ်ကန့်သတ်ချက်အတိုင်း ဘဏ်မှာထုတ်ယူရတဲ့ စာရင်းမျိုးဖြစ်ပါတယ်။ LC ဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ကျွန်တော် ဆရာဦးမောင်မောင်ခန့်ကို မေးလိုတာကတော့ ဆရာတို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)ကနေ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေထဲမှာ နိုင်ငံတော်ကို ရငွေတွေရှာဖွေပေးနေတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်က သယံဇာတဖြစ်တဲ့ ရေနံသဘာဝဓာတ်ငွေ့ကဏ္ဍက ထုတ်ယူပြီးတော့မှ ရငွေရှာဖွေပေးတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ဒီဌာနရဲ့ OA လက်ကျန်တွေက နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအားလုံးရဲ့ OA လက်ကျန်ရဲ့ တစ်ဝက်လောက်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့် MOGE အနေနဲ့ UFA-OA ရှိပါသလား၊ ရှိတယ်ဆိုရင် ဘယ်လိုထိန်းသိမ်းတယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်။

**ဦးမောင်မောင်ခန့်**
**ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

ကျွန်တော်တို့လုပ်ငန်းရဲ့ စာရင်းတွေကို ၂၀၁၂-၂၀၁၃ မှာ UFA မှာရှိတဲ့ Other Account ကို ဖွင့်လှစ်ဆောင်ရွက်ဖို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်စွဲပါ စာအမှတ်နဲ့ ညွှန်ကြားမှုပြုခဲ့ပါတယ်။ အဲဒီလိုညွှန်ကြားခဲ့တဲ့အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ရရှိတဲ့ဝင်ငွေတွေကို Public Private Partnership –PPP နဲ့ သွားဖို့၊ နောက်တစ်ခါ ကိုယ့်ဝင်ငွေနဲ့ကိုယ် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီ Other Account ကို ဖွင့်လှစ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ မှာ စခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဝင်ငွေတွေကို ၂၀၁၂-၂၀၁၃ မှာ ကုန်ကြမ်းဝယ်မှုအတွက် ကျွန်တော်တို့ငွေနဲ့ ကျွန်တော်တို့ ကျခံသုံးစွဲရပါတယ်။ ကျန်တဲ့ငွေတွေကိုတော့ နိုင်ငံတော်က ထောက်ပံ့ခဲ့ပါတယ်။ နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကုန်ကြမ်းဝယ်ယူမှုတွေ၊ ဝင်ငွေခွန်တွေ၊ နိုင်ငံတော်ထည့်ဝင်ငွေကို ကိုယ်ပိုင်ငွေနဲ့ သုံးစွဲရပြီးတော့ ကျန်တဲ့စရိတ်များကိုတော့ နိုင်ငံတော်က ထောက်ပံ့ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ မှာ ကုန်ကြမ်းဝယ်ယူတာတွေ၊ ဝင်ငွေခွန်တွေ၊ နိုင်ငံတော်ထည့်ဝင်ငွေနဲ့ ကမ်းလွန်စီမံကိန်း အသုံးစရိတ်တွေနဲ့ လူမှုစီးပွားအသုံးစရိတ်တွေကို ကိုယ်ပိုင်ငွေနဲ့ ကျခံသုံးစွဲရပါတယ်။ ကျန်တဲ့ငွေတွေကို နိုင်ငံတော်က ထောက်ပံ့ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ မှာကျတော့ ကျွန်တော်တို့ ငွေကြေးစရိတ်ဖြစ်တဲ့ အတိုးကို နိုင်ငံတော်က ထောက်ပံ့ပြီးတော့ ကျန်တဲ့စရိတ်အားလုံးကို ကိုယ့်ငွေနဲ့ကိုယ် သုံးစွဲခဲ့ရပါတယ်။ ၂၀၁၇-၂၀၁၈ မှာတော့ အသုံးစရိတ်အားလုံးကို ကျွန်တော်တို့ ကိုယ်ပိုင်ငွေနဲ့ ကျခံသုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုကျခံသုံးစွဲဆောင်ရွက်တဲ့နေရာမှာ ၂၀၁၂-၂၀၁၃ မှာဆိုရင် OA စာရင်းထဲမှာ ၁၇၈၅ ဒသမ ၄၅၆ ဘီလီယံ ရှိခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ မှာဆိုရင် ၁၀၉၇ ဒသမ ၉၇၁ ဘီလီယံရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ မှာဆိုရင် ၁၁၇၉ ဒသမ ၂၀၃ ဘီလီယံရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ မှာဆိုရင် ၇၈၈ ဒသမ ၈၈၁ ဘီလီယံရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ မှာဆိုရင် ၇၄၇ ဒသမ ၄၂၁ ဘီလီယံရရှိခဲ့ပါတယ်။ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ခုနှစ် OA စာရင်းထဲမှာ ထည့်ထားတဲ့ ငွေတွေဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးတဲ့အခါမှာ ၅၅၉၈ ဒသမ ၉၃၄ ဘီလီယံရှိခဲ့ပါတယ်။

ကျွန်တော်တို့ ငါးနှစ်တာ စုဆောင်းငွေကို ကြည့်မယ်ဆိုရင် အစပိုင်း သုံးနှစ်မှာ နိုင်ငံတော်က ပံ့ပိုးပေးတဲ့ စရိတ်များကြောင့် ဝင်ငွေတွေများနေပေမယ့် နောက်ပိုင်း ၂ နှစ်မှာ ကိုယ့်ငွေနဲ့ကိုယ် သုံးစွဲရတာဖြစ်တဲ့အတွက် OA မှာရှိတဲ့ စာရင်းတွေမှာ လျော့နည်းမှုကို တွေ့ရှိရတာဖြစ်ပါတယ်။

ကျွန်တော်တို့ OA လက်ကျန်ငွေတွေ သုံးစွဲဖို့အတွက် ကျွန်တော်တို့က နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရပါတယ်။ ဘတ်ဂျက်ရေးဆွဲ အကောင်အထည်ဖော်ပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ စစ်ဆေးမှုကို ဦးစွာခံယူရပါတယ်။ အဲဒီနောက် ဘဏ္ဍာရေးကော်မရှင်ကို ထပ်မံတင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်က ထောက်ခံချက်နဲ့ ပြည်ထောင်စုလွှတ်တော်ကို ပေးပို့အတည်ပြုချက် ရယူရပါတယ်။

ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲခွင့်ရရှိတာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာရှိတဲ့ OA စာရင်းတွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တစ်နှစ် နှစ်ကြိမ် စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့ ရရှိတဲ့ကိန်းဂဏန်းတွေကို အတည်ပြုပါတယ်။ ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုပြီးတော့ ခွင့်ပြုပြီးတော့မှ OA Account ထဲကို ထည့်သွင်းခြင်းလုပ်ပြီး နောက်နှစ်တွေအတွက် ဆက်လက်သယ်ဆောင်သွားခြင်းဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

နောက်တစ်ခု ထပ်ပြီးမေးချင်ပါတယ်။ တချို့ မေးမြန်းကြတာ၊ ရေးသားကြတာရှိပါတယ်။ MOGE ရဲ့ OA Account တွေဟာ မြန်မာ့စီးပွားရေးဘဏ်မှာသာမက အခြားဘဏ်တွေမှာ၊ နိုင်ငံခြားဘဏ်တွေမှာ ဖွင့်ထားတာတွေတောင် ရှိတယ်ဆိုပြီး ပြောကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဆရာ့အနေနဲ့ ရှင်းပြပေးပါ။

**ညွှန်ကြားရေးမှူး ဦးမောင်မောင်ခန့်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရဲ့ OA Account တွေကို နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်မှာပဲ စာရင်းဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ နိုင်ငံခြားဘဏ်မှာ ဖွင့်လှစ်ခြင်းမရှိသလို ပြည်တွင်းပုဂ္ဂလိကဘဏ်တွေမှာတောင် ဖွင့်လှစ်ခြင်းမရှိပါဘူး။

**စာမျက်နှာ ၈ သို့** ☆



ရှင်မင်း၊ မွေးကြူ
ဓာတ်ပုံ – ကျော်ဇေယျ

**“ကျွန်တော်တို့ OA လက်ကျန်ငွေတွေ သုံးစွဲဖို့အတွက် ကျွန်တော်တို့က နှစ်စဉ် ဘတ်ဂျက် ရေးဆွဲရပါတယ်။ ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်ပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ စစ်ဆေးမှုကို ဦးစွာခံယူရပါတယ်။ အဲဒီနောက် ဘဏ္ဍာရေးကော်မရှင်ကို ထပ်မံတင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်က ထောက်ခံချက်နဲ့ ပြည်ထောင်စုလွှတ်တော်ကို ပေးပို့အတည်ပြုချက် ရယူရပါတယ်”**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် မန်နေဂျာအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၄**
ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် မန်နေဂျာ Ms. Norah Babic နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အထောက်အကူပြု ဝန်ထမ်းများအတွက် လုပ်ငန်းခွင်စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး၊ နည်းပညာအကူအညီပေးနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၇ မှ

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ဆရာမ ဒေါ်စီစီပြုံးအနေနဲ့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့ SEE တွေရဲ့ UFA-OA တွေဟာ ဘတ်ဂျက်မှာလည်း ပါပြီးသားဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲကိုလည်း ဝင်ရောက်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းထဲကိုလည်း အသားတင်ဝင်ရောက်ပါတယ်။ နိုင်ငံတော်ကလည်း နှစ်စဉ်ဘတ်ဂျက်လိုငွေပြတဲ့ ဘတ်ဂျက်နဲ့ သွားနေတဲ့အတွက် SEE တွေရဲ့ UFA-OA တွေဟာ ဘတ်ဂျက်မှာပါခဲ့ရင် လိုငွေပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိတယ်။ မပါခဲ့ရင် လိုငွေပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိမယ်ဆိုတာ ဘဏ္ဍာရေးရှုထောင့်ကနေ ဆွေးနွေးပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံး**

နိုင်ငံတော်ရဲ့ လိုငွေဖြည့်ဆည်းတယ်ဆိုတာ တကယ်တော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ထိန်းသိမ်းထားတဲ့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ ဒီစာရင်းကြီးတစ်ခုလုံးကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်စာရင်းတွေကို ညှိနှိုင်းတယ်၊ စာရင်းချုပ်တယ်။ ပြီးရင် ဒီစာရင်းတွေကနေ ပေါ်ပေါက်လာတဲ့ ပိုငွေ၊ လိုငွေစာရင်းက ဗဟိုဘဏ်မှာရှိတဲ့ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းကို ရောက်ရှိလာတယ်။ ပြီးရင် ဒီစာရင်းတွေကို စုစည်းပြီး ရှင်းလင်းတာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အတွက် SEE OA မှာလက်ကျန်ငွေတွေက ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်းကို အလိုအလျောက် ဖြည့်ဆည်းပြီးသားဖြစ်သွားပါတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အစိုးရဌာနအဖွဲ့အစည်းတွေရဲ့ ရငွေ၊ သုံးငွေတွေကြောင့် ဖြစ်ပေါ်လာတဲ့ လိုငွေ၊ ပိုငွေတွေပါ။ လိုငွေဖြစ်ပေါ်လာခဲ့ရင် SEE OA က လက်ကျန်ငွေက တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးတဲ့သဘောဖြစ်ပါတယ်။ တစ်နည်းအားဖြင့် SEE တွေမှာ နှစ်အလိုက် စုဆောင်းလာတဲ့ OA လက်ကျန်တွေရှိပါတယ်။ ဒီ OA လက်ကျန်တွေဟာ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းရဲ့ လိုငွေကို ဖြည့်ဆည်းပေးနေတဲ့ သဘောရှိပါတယ်။ တကယ်လို့သာ SEE လက်ကျန်ငွေမရှိခဲ့ဘူးဆိုရင် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်းရဲ့ လိုငွေဟာ ပိုမိုလာမှာဖြစ်ပြီးတော့ နိုင်ငံတော်မှာ ကြွေးမြီတွေ၊ ကြွေးမြီပေါ်မှာ ပေးရတဲ့ အတိုးစရိတ်တွေဟာ မြင့်မားလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မအနေနဲ့ ပြောချင်တာကတော့ SEE လက်ကျန်ငွေတွေဟာ လိုငွေဖြည့်ဆည်းမှုကို တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်နေတာကို ပြောကြားလိုပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

နောက်တစ်ခု မေးချင်တာက ဆရာမဒေါ်နွဲ့နွဲ့ဝင်းကိုပါ။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကို ရေးဆွဲအကောင်အထည်ဖော်နေတဲ့ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ ရှေ့အလားအလာကို ဆရာမတို့ ဆောင်ရွက်နေတဲ့ အနေအထားနဲ့ သုံးသပ်ပြောကြားပေးစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း**

နိုင်ငံတော်ရဲ့ဘတ်ဂျက်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မတိုင်မီက SEE ရဲ့ ရငွေက စုစုပေါင်းရငွေရဲ့ ခြောက်ဆယ်ရာခိုင်နှုန်းကျော်လောက်ရှိပါတယ်။ အခုချိန်မှာ SEE ရငွေဟာ စုစုပေါင်းရငွေရဲ့ ၄၉ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ SEE ရငွေလျော့နည်းသွားတယ်။ SEE ရငွေတွေ၊ အသုံးစရိတ်တွေကို ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနကနေ စိစစ်သုံးသပ်လျက်ရှိပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးစီမံချက်အောက်မှာ PER ဆိုတာရှိပါတယ်။ Public Expenditure Review ပါ။ အစိုးရအသုံးစရိတ်ပြန်လည်သုံးသပ်ခြင်းမှာလည်း SEE ကို အခန်းကဏ္ဍတစ်ခုအနေနဲ့ စိစစ်သုံးသပ်လျက်ရှိပါတယ်။ နောက် ပြည်ထောင်စုလွှတ်တော်ကလည်း SEE သုံးသပ်ဖို့အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်နေပါတယ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကရော၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်မှာပါ UFOTA ကနေပြီး Advisor ရှိပါတယ်။ ဒီ Advisor နဲ့လည်း SEE တွေကို ကြီးကြပ်ဖို့အတွက် SEE Monitoring Manual ကို ရေးဆွဲနေတာရှိပါတယ်။ SEE တွေဟာ တစ်ချိန်ကျ မိမိငွေကြေးပေါ်မှာ ရပ်တည်နိုင်ပြီဆိုရင် တချို့သော SEE တွေကိုတော့ Corporatization အနေနဲ့ ပြောင်းလဲဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါပေမယ့် တချို့ကိုတော့ နိုင်ငံပိုင်အဖြစ် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**

ကျေးဇူးတင်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးပွဲကနေရရှိလာတဲ့ အချက်တွေကို အနှစ်ချုပ်တင်ပြရရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ OA စာရင်းတွေဟာ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာ အပြည့်အဝပါဝင်ပါတယ်။ နောက်တစ်ခုက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေရဲ့ စာရင်းထဲမှာပဲရှိတဲ့ စာရင်းတွေဖြစ်ပါတယ်။ ဒီစာရင်းတွေဟာ နိုင်ငံပိုင်တွေဖြစ်ပြီး နိုင်ငံတော်ကနေ အစိုးရဌာနအားလုံး စာရင်းဖွင့်ရမယ်လို့ သတ်မှတ်ထားတဲ့ မြန်မာ့စီးပွားရေးဘဏ်မှာပဲ စာရင်းဖွင့်ထားတဲ့ စာရင်းတွေပဲဖြစ်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ ပုံမှန်စာရင်းစစ်ဆေးမှုကိုလည်း အပြည့်အဝခံယူရတဲ့ စာရင်းတွေဖြစ်ပါတယ်။ နောက် OA စာရင်းတွေကို သက်ဆိုင်ရာ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတွေက သူတို့သဘောနဲ့ သူတို့စီမံခန့်ခွဲသုံးစွဲလို့မရပါဘူး။ နှစ်စဉ်လွှတ်တော်ကအတည်ပြုတဲ့ ဘတ်ဂျက်ဥပဒေအတိုင်း၊ ဘတ်ဂျက်ဥပဒေမှာပါတဲ့ အသုံးစရိတ်အတိုင်းပဲ သတ်မှတ်ချက်နဲ့ ထုတ်ယူသုံးစွဲရတဲ့ စာရင်းတွေဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကတော့ နိုင်ငံတော်ကိုယ်စားစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှုနဲ့ OA စာရင်းတွေကို လည်ပတ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

အိမ်တစ်အိမ်ရဲ့ဥပမာနဲ့ တင်ပြရရင် မိဘနဲ့ သားသမီးလိုပါပဲ။ နိုင်ငံတော်က မိဘသဖွယ်ဖြစ်ပြီး သူ့မှာရှိတဲ့ သားသမီးတွေထဲက ဝင်ငွေရှာပေးတဲ့ သားသမီးရှိသလို ဝင်ငွေရှာဖွေမပေးနိုင်ပေမယ့် တခြားတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ပေးတဲ့ သားသမီးတွေရှိမှာပါ။ ကျွန်တော်တို့ရဲ့ ဘတ်ဂျက်ကလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့အတိုင်းပဲ ဗဟိုအဖွဲ့အစည်းတွေက စပြီး နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရားကြီး လည်ပတ်အောင် ဆောင်ရွက်တဲ့နေရာမှာ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတွေဆိုပြီး ရှိပါတယ်။

နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းတွေကတော့ မိဘသဖွယ်ဖြစ်တဲ့ နိုင်ငံတော်ကို ဝင်ငွေရှာဖွေပေးတဲ့ ဌာနတွေဖြစ်ပါတယ်။ ဝင်ငွေရှာဖွေမပေးနိုင်သော်လည်း လုံခြုံရေးတာဝန်၊ ကာကွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် ဒီဌာနတွေကလည်း ရငွေ ရှာဖွေမပေးနိုင်သော်လည်း တာဝန်ထမ်းဆောင်နေကြပါတယ်။ မိဘသဖွယ် နိုင်ငံတော်က စီမံခန့်ခွဲပြီးတော့ ရငွေရှာဖွေပေးတဲ့ SEE တွေအတွက် သုံးရသလို ရငွေရှာဖွေမပေးနိုင်ပေမယ့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ဌာန၊ အဖွဲ့အစည်းတွေကိုလည်း သုံးစွဲရတာရှိပါတယ်။ ဒါကြောင့် နှစ်စဉ် ဘတ်ဂျက်ရေးဆွဲပြီး သုံးစွဲနေရတာဖြစ်ပါတယ်။

ပကတိအခြေအနေအတိုင်း တင်ပြရရင် နိုင်ငံတော်ရဲ့ရငွေဟာ သုံးငွေကို ကာမိခြင်း၊ လုံလောက်ခြင်းမရှိသေးပါဘူး။ လိုငွေဖြစ်ပေါ်တဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ လိုငွေဖြစ်ပေါ်တဲ့ ဘတ်ဂျက်ကို မများအောင် လိုငွေနဲ့ GDP အချိုးကို ငါးရာခိုင်နှုန်းအောက်မှာ ရှိနေအောင်လို့ ထိန်းသိမ်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုငါးရာခိုင်နှုန်းထက် မကျော်အောင် ထိန်းသိမ်းပြီး ဆောင်ရွက်နေတဲ့အထဲမှာ ခုနကတင်ပြခဲ့တဲ့ SEE တွေရဲ့ OA ငွေတွေရှိနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ လိုငွေကို ထိန်းသိမ်းရာမှာ အများကြီး အထောက်အကူပြုပါတယ်။

ဒီ OA တွေ ဒီလိုလက်ကျန်တွေ ဖြစ်ပေါ်နေသော်လည်းပဲ တကယ်တော့ ဘဏ္ဍာနှစ်နဲ့ နိုင်ငံတော်က သုံးစွဲတဲ့အထဲမှာ ပါရှိပြီးသားဖြစ်ပါတယ်။ မိဘသဖွယ် နိုင်ငံတော်အနေနဲ့ကတော့ ဘယ်သူက ဘယ်လောက်ရှာဖွေပေးထားတယ်ဆိုတာကို ကိန်းဂဏန်းအနေနဲ့ မှတ်တမ်းတင်ထားတဲ့ သဘောပါ။ တစ်ချိန်မှာ သားသမီးလိုဖြစ်တဲ့ SEE တွေ သူ့ဝင်ငွေနဲ့သူ ရပ်တည်တဲ့အချိန် ထောက်ပံ့ပေးနိုင်အောင်လည်း ဖြစ်ပါတယ်။ အလားတူ SEE OA ထဲကနေ ခွဲပေးခဲ့တဲ့ သာဓကတွေရှိပါတယ်။ ရန်ကုန်နဲ့မန္တလေးမှာရှိတဲ့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွေ ဘတ်ဂျက်အပြင်ကို ထွက်ပြီးလုပ်နေကြပါပြီ။ ဘတ်ဂျက်အပြင်မှာ ဆောင်ရွက်တဲ့အခါ ပေးသင့်ပေးထိုက်တဲ့ OA လက်ကျန်ကို ခွဲဝေပေးတာရှိပါတယ်။ ဒါတွေနဲ့ သူတို့လည်ပတ်နေပါတယ်။ ဥပမာ တင်ပြတာပါ။

OA စာရင်းတွေနဲ့ ပတ်သက်ပြီး ပြည့်စုံရှင်းလင်းသွားမယ်လို့ ထင်ပါတယ်။ မေးမြန်းလိုတာရှိရင်လည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာနနဲ့ မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်းတွေကို အချိန်မရွေးဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

---

❐ စာမျက်နှာ ၆ မှ

ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် နိုင်ငံတော်သို့ပေးသွင်းရမည့် ငွေကြေးပေးသွင်းမှုများကို မြန်မာနိုင်ငံသားများဘဏ် MCB နှင့် ချိတ်ဆက်၍ e-Payment စနစ်ဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုဆောင်ရွက်ရာတွင် ငွေသားကိုင်ဆောင်ပေးသွင်းရသည့် စနစ်အစား ဘဏ် ၂၃ ခုနှင့် ချိတ်ဆက်ထားသည့် MPU-Myanmar Payment Union စနစ်ဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၁၉ ရက်မှစ၍ နေပြည်တော်ရုံးအမှတ်(၃)နှင့် ရန်ကုန်တို့တွင် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်စခန်းများရှိ မူဆယ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီကုန်သွယ်ရေးဇုန်များတွင်လည်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက် မှစတင်၍ Online ကြေးနှင့် သွင်းကုန်လိုင်စင်ကြေးနှစ်မျိုးအား MPU စနစ်ဖြင့် ငွေကြေးပေးသွင်းမှုကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်စခန်းများတွင် ဆောင်ရွက်ရန် စီမံထားကြောင်း သိရှိရပါတယ်။ ဒါ့အပြင် နိုင်ငံတော်သို့ပေးသွင်းရသည့် အခြားငွေစာရင်းခေါင်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပါတယ်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မည်မျှပင်ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနေပေမယ့်လည်း စိန်ခေါ်မှုအခက်အခဲများကတော့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကတော့ နိုင်ငံရဲ့ အဓိက တင်ပို့နေတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ် တင်ပို့ရာမှာ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစု ကုန်ကျစရိတ်မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ (Value Added) ထုတ်လုပ်မှုနည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ် တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်း စတဲ့အချက်များဟာ လက်ရှိလယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရာမှာ ရင်ဆိုင်နေရတဲ့ အခက်အခဲများ စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။

ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်း နိုင်ငံတွေနဲ့ မယှဉ်နိုင်တဲ့အချက်ကတော့ ကုန်စည်သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်(LogisticCost)တွေ မြင့်တက်နေတာပဲဖြစ်ပါတယ်။ ပြည်ပသို့ ဆန်၊ ဆန်ကွဲများနဲ့ အခြားသော ကုန်စည်များကို ပင်လယ်ရေကြောင်းမှတစ်ဆင့်တင်ပို့ရာမှာ ဆိပ်ကမ်းများ၌ အခက်အခဲများရှိနေဆဲ ဖြစ်ပါတယ်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ-၁ ဦးဆောင်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီ ဖြေရှင်းပေးနိုင်ရေး လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်၍ ညှိနှိုင်းအဖြေရှာမှုများပြုလုပ်လျက်ရှိကြောင်းသိရှိရပါတယ်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိသောကြောင့် ပြည်ပကုန်သွယ်မှုတိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်း၊ မိမိနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာကိစ္စများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု Mission များစေလွှတ်ခြင်း၊ ဈေးကွက်သစ်များရှာဖွေပြီး ထိုးဖောက်ဝင်ရောက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ ပြင်ဆင်ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပြည်ပကုန်သွယ်မှုမှာ သမိုင်းတစ်လျှောက် အများဆုံး ကုန်သွယ်မှုပမာဏအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ကျော် ရောက်ရှိခဲ့ပြီး ဘဏ္ဍာနှစ် မကုန်မီမှာပင် ယခင်ကာလတူ ဘဏ္ဍာနှစ်ထက် ဒေါ်လာလေးဘီလီယံခန့် ပိုမိုဆောင်ရွက်နိုင်ကြောင်း လေ့လာသုံးသပ်အကြံပြုရေးသားတင်ပြလိုက်ရပါတယ်။

✳ ကျောဖုံးမှ

သူတို့ အများစုဟာ စိုးရိမ်ကြောက်လန့် စိတ်ကြောင့် ထွက်ပြေးသွားခဲ့ကြတာဖြစ်ပါတယ်။

**ထွက်ပြေးဖို့ စည်းရုံး**

အကြမ်းဖက်တိုက်ခိုက်မှုတွေနောက်ပိုင်း တပ်မတော်က ရှင်းလင်းမှုတွေ ဆောင်ရွက်တဲ့အခါ သူတို့ရဲ့ အကြမ်းဖက်မှုမှာ ပါဝင်ခဲ့ခြင်းကြောင့်သော်လည်းကောင်း၊ သံသယဖြင့်သော်လည်းကောင်း ဖမ်းဆီးခံရမှာကို စိုးရိမ်လို့ထွက်ပြေးသွားကြတာပါ။

ဒုတိယအကြောင်းကတော့ ARSA နဲ့ သူ့ရဲ့ထောက်ခံသူတွေရဲ့ ခြိမ်းခြောက်မှုကြောင့် ဖြစ်ပါတယ်။ သူတို့အများအပြားဟာ ထွက်ပြေးဖို့အတွက် ခြိမ်းခြောက်မှုရရှိခဲ့တယ်လို့ သိရပါတယ်။

တတိယအကြောင်းကတော့ ယင်းတို့အနက် အများအပြားဟာ တတိယနိုင်ငံတစ်ခုမှာ အခြေချခွင့်ရမယ်၊ ဒါမှမဟုတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံက စခန်းတွေမှာ စားဝတ်နေရေး ပိုမိုပြေလည်မယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ထွက်ပြေးဖို့ စည်းရုံးခံခဲ့ကြရတယ်လို့ သိရပါတယ်။

အခုတော့ ပြန်လည်ခေါ်ယူရေးနဲ့ပတ်သက်လို့ နှစ်နိုင်ငံသဘောတူညီချက်တွေထဲက အရေးကြီးတဲ့ အချက်အလက်အချို့ကို အနည်းငယ်တင်ပြလိုပါတယ်။

**သဘောတူညီချက်**

အားလုံးသိပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး AH Mohamad Ali တို့ဟာ နေရာရွှေ့ပြောင်းသွားခဲ့ကြတဲ့သူတွေကို ပြန်လည်ခေါ်ယူရေးနဲ့ပတ်သက်လို့ သဘောတူညီချက်တစ်ရပ်ကို နေပြည်တော်မှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ဒီသဘောတူညီချက်ရဲ့ အဓိကသတ်မှတ်ချက်တွေကတော့ ၁၉၉၃ ခုနှစ်က နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်နဲ့ အတူတူပဲဖြစ်ပါတယ်။ သဘောတူညီချက်ရဲ့ အရေးကြီးတဲ့ အချက်တစ်ခုကတော့ **"မြန်မာပြည်မှာ နေထိုင်ခဲ့ကြောင်း အထောက်အထားတင်ပြနိုင်တဲ့သူကို ပြန်လည်ခေါ်ယူမှာဖြစ်ပါတယ်"**။

ကျွန်တော်နားလည်သလောက် နေထိုင်ခဲ့ကြောင်း အထောက်အထားဆိုတာ တော်တော်ကျယ်ပြန့်ပြီး အမျိုးသားမှတ်ပုံတင်ကတ်၊ ယာယီမှတ်ပုံတင်ကတ်၊ စီးပွားရေးလုပ်ငန်းတစ်ခုခု ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ ကျောင်းတက်ရောက်နေကြောင်း ထောက်ခံချက်နဲ့ နေထိုင်ခဲ့တဲ့ ရပ်ကွက်နာမည် စသည်တို့ဖြစ်ပါတယ်။

**အပျက်မြင်ရှုထောင့်က သုံးသပ်**

ပြန်လည်ခေါ်ယူမှုကိုတော့ လက်မှတ်ရေးထိုးပြီး နှစ်လအတွင်း (၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မတိုင်မီ) စတင်ဖို့ သဘောတူခဲ့ကြပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ကိုယ့်ရဲ့ကတိကဝတ်တွေကို ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ချက်နဲ့ ပြင်ဆင်မှုတွေ အချိန်မီပြီးဖို့ အစွမ်းကုန်အားထုတ်ခဲ့ပါတယ်။

ပြင်ဆင်မှုအားလုံးဟာ အချိန်မီပြီးစီးခဲ့ပါတယ်။

ချစ်ကြည်ရင်းနှီးမှုကို ပြသသည့်အနေဖြင့် ဟိန္ဒူဘာသာဝင် ၇၀၀ ကျော်နဲ့ မူဆလင်ဘာသာဝင် ၅၀၀ တို့ကို အမြန်ဆုံးခေါ်ယူနိုင်ဖို့အတွက် စိစစ်ပြီး လူ ၁၂၀၀ ကျော်စာရင်းကို မြန်မာက ဘင်္ဂလားဒေ့ရှ်အစိုးရဆီကို ပေးပို့ခဲ့ပါတယ်။

ဖေဖော်ဝါရီလလယ်မှာ ဘင်္ဂလားဒေ့ရှ်အစိုးရက ပုံစံ ၈၀၀၀ ကျော်ကို ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ အချက်အလက်တွေနဲ့ လက်ဗွေစစ်ဆေးမှုလုပ်ဖို့ လိုအပ်ချက်တွေ ဘာမှပါမလာခဲ့ပါဘူး။ ဥပမာပြောရရင် အိမ်ထောင်ဦးစီးရဲ့ လက်ဗွေ၊ ကိုယ်ပေါ်ထင်ရှားတဲ့အမှတ်အသားနဲ့ ရှင်းလင်းပြတ်သားတဲ့ ဓာတ်ပုံတို့ ပါမလာခဲ့ပါ။

ကျွန်တော်တို့ အံ့သြတုန်လှုပ်ခဲ့ရတာက မတ်လ ၇ ရက်နေ့မှာ အဆင့်မြင့်ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ပါးက ပြန်လည်ခေါ်ယူရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ အားထုတ်မှုတွေကို အပျက်မြင်ရှုထောင့်က သုံးသပ်ဝေဖန်ပြီး နိုင်ငံတကာမီဒီယာတွေကို ပြောခဲ့တာပါပဲ။

**ရိုးသားစွာ ယုံကြည်**

ဒီပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်ကို မည်သူတစ်ယောက်ကမှ နိုင်ငံရေးအမြတ်မထုတ်သင့်ပါ။ ဒီလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန်ဆောင်ရွက်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း အဲဒီလိုပဲ ဆောင်ရွက်လိမ့်မယ်လို့ ရိုးသားစွာ ယုံကြည်ပါတယ်။

အခြားတစ်ဖက်မှာ နိုင်ငံတကာမီဒီယာတွေအနေနဲ့ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်နဲ့ အခြေအနေကို မျှမျှတတနဲ့ လုံလုံလောက်လောက်ရေးသားဖော်ပြပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။



ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်လည်ဖြေကြားစဉ်။

**လုံခြုံရေးကို အလေးအနက်ထား**

နောက်ဆုံးအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းက အရေးကြီးတဲ့ တိုးတက်ဖြစ်ပေါ်မှုအချို့ကို ပြောပြလိုပါတယ်။

ပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်မှာ မြန်မာအစိုးရကို ကူညီပံ့ပိုးဖို့အတွက် UNHCR နဲ့ UNDP တို့နဲ့ ဆွေးနွေးနေပါတယ်။

တစ်ချိန်တည်းမှာပဲ သတင်းမီဒီယာတွေအတွက် ရခိုင်မြောက်ပိုင်းသို့ ခရီးစဉ်တွေကို နှစ်ပတ်တစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့မှာ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေး အကန့်အသတ်တွေနဲ့ လုံခြုံရေးစိုးရိမ်ရမှု စသည်တို့ ရှိတဲ့အတွက် လူဦးရေနဲ့ သွားရောက်တဲ့နေရာတွေကို ကန့်သတ်ထားရှိရပါတယ်။

လူတော်တော်များများကို ARSA က လက်လုပ်မိုင်းတွေ လုပ်တတ်အောင် လေ့ကျင့်ထားခဲ့ပြီးဖြစ်လို့ လုံခြုံရေးကို အလေးအနက်ထားစဉ်းစားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ အနေအထားနဲ့ အခက်အခဲကို အားလုံးနားလည်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နောက်လာမယ့် ခရီးစဉ်ကတော့ နိုင်ငံတကာမီဒီယာသမားတွေအတွက်ဖြစ်ပြီး မတ်လ ၁၆ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ရှင်းလင်းပြောကြားချက်ကို အဆုံးမသတ်ခင် ဒီပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီလာကြဖို့ နိုင်ငံတကာ အသိုက်အဝန်းနဲ့ မီဒီယာကို ကျွန်တော်ပန်ကြားလိုပါတယ်"ဟု ပြောကြားသည်။

**အသင့်အနေအထားရှိ**

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လာမည့်သူများ လက်ခံရေးနှင့်ပတ်သက်ပြီး မိမိတို့ဘက်မှ အသင့်အနေအထားရှိကြောင်းကို ပြောကြားရာတွင် အချက်သုံးချက်ရှိပါကြောင်း။

တစ်အချက်မှာ ပြန်လာမည့်သူများနှင့် နယ်စပ်ဒေသတွင် နေထိုင်သည့်သူများ၊ နှစ်အချက်မှာ နိုင်ငံတကာအသိုက်အဝန်း၏ ပါဝင်ပတ်သက်မှုနှင့် သုံးအချက်မှာ UNHCR နှင့် WFP တို့၏ ပါဝင်ပတ်သက်မှုများ ဖြစ်ပါကြောင်း။

**အမည်စာရင်းရရှိ**

မကြာသေးမီက နိုင်ငံတကာအသိုက်အဝန်းက စိတ်ဝင်စားလေ့ရှိသော တစ်အချက်နှင့် ပတ်သက်ပြီး ရှင်းပြလိုသည်မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅၊ ၁၆ ရက်နေ့က နေပြည်တော်တွင် ကျင်းပသော ပထမအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် အစ္စလမ်ဘာသာဝင် ၇၅၀ အပါအဝင် အမည်စာရင်း ၁၂၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မိမိတို့ပေးပို့ခဲ့ပါကြောင်း၊ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လာမည့် သူများကို မိမိတို့ စောင့်မျှော်နေပါကြောင်း။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ဒါကာမြို့တွင် ကျင်းပသည့် မြန်မာ- ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးများ အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးအပ်သည့် လူပေါင်း ၈၀၃၂ ဦး၏ အမည်စာရင်းကို မိမိတို့ရရှိခဲ့ပါကြောင်း။

စိစစ်ရေးလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိသူများက လုပ်ဆောင်ခဲ့ပါကြောင်း၊ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ လက်ခံရရှိသော ဖြည့်စွက်ရမည့် စာရွက်(Form) များမှာ နှစ်ဦးနှစ်ဖက်သဘောတူညီထားသည့် စိစစ်ရေး (Form)များ မဟုတ်သည်ကို တွေ့ရှိရပါကြောင်း။

**အချက်အလက်များ ပါဝင်မှုမရှိ**

ထို့ပြင် အဆိုပါ စိစစ်ရေး (Form) များမှာ နေထိုင်ရာအရပ်၊ မိသားစုတစ်ဦးချင်း၏ လက်မှတ်နှင့် လက်ဗွေ၊ ဓာတ်ပုံနှင့် အခြားသော အထောက်အထား အပါအဝင် အခြေခံသတင်းအချက်အလက်များ ပါဝင်မှုမရှိပါကြောင်း။

ထို့ကြောင့် သဘောတူညီထားသည့် စိစစ်ရေး (Form) ဖြင့်သာ အသုံးပြုရေးအတွက် ရန်ကုန်ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးနှင့် ဒါကာရှိ မြန်မာသံရုံးမှတစ်ဆင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်က ဘင်္ဂလားဒေ့ရှ်ဘက်ကို မိမိတို့အကြောင်းကြားခဲ့ပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်မျဉ်းအနီး ယာယီနေထိုင်သောသူများနှင့် ပတ်သက်ပြီး နိုင်ငံတကာမီဒီယာများက ရေးသားဖော်ပြမှုများရှိခဲ့ပါကြောင်း၊ အမှန်တကယ်မူ နှစ်နိုင်ငံအစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်ပါ အပိုဒ်(၁၄) ကို ရှင်းရှင်းလင်းလင်းသိရှိရန် ခရိုင်အာဏာပိုင်များနှင့်အတူ စောစောကတည်းကပင် ရှင်းပြထားခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပမာအနေဖြင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ သံတမန်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က နယ်စပ်ဒေသသို့သွားပြီး ရွာသူရွာသားများ၊ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပါကြောင်း။

**ခြေကုပ်စခန်း အဖြစ်မခံနိုင်**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်များသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က အဆိုပါ နယ်စပ်သို့ သွားရောက်ခဲ့သည့် ကျေးရွာအကြီးအကဲများနှင့်တွေ့ဆုံကာ မိမိတို့နေရပ်သို့ ပြန်လာကြရန်နှင့် နှစ်နိုင်ငံအစိုးရအကြား ၁၉၉၈ ခုနှစ်က ချုပ်ဆိုထားသော စာချုပ်ပါအချက်များကို လိုက်နာကြရန် တိုက်တွန်းခဲ့ပါကြောင်း။

နယ်စပ်ဒေသတွင် ရှိနေသူများကို ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာအာဏာပိုင်များက အကြမ်းဖက်သမားများ၏ အန္တရာယ်မှ တာဝန်ရှိသူများကို ကာကွယ်ရန် နယ်စပ်ဒေသတွင် နေထိုင်သောသူများနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ အင်အားပြခြင်းဟူသည့် နည်းလမ်းကို အသုံးပြုခဲ့ပါကြောင်း၊ မြန်မာအစိုးရသည် အဆိုပါဒေသအား ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့၏ ခြေကုပ်စခန်း အဖြစ်မခံနိုင်ပါကြောင်း။

မိမိတို့အနေဖြင့် ချမှတ်ထားသည့် အစီအစဉ်များအတိုင်း စိစစ်ရေးလုပ်ငန်းများ ပြီးဆုံးပါက ၎င်းတို့ကို ပြန်လည်ပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ သူတို့ဘက်ကလည်း ဥပဒေကို လိုက်နာပြီး မူလနေရာသို့ ပြန်လာလိုသည်ဟု ပြောကြားခဲ့ပါကြောင်း၊ မြန်မာအာဏာပိုင်များက ၎င်းတို့၏ အရေးကိစ္စများကို ဆောင်ရွက်ရန် လုပ်သည့်အခါ ၎င်းတို့က ကြိုတင်သတ်မှတ်ချက်များဖြင့် တောင်းဆိုမှုများ ပြုလုပ်လာခဲ့ပါကြောင်း။

**တရားမဝင်နေထိုင်မှုကို ခွင့်မပြု**

ဘေးကင်းစွာ ပြန်လည်ပို့ဆောင်ရေးနှင့် ပတ်သက်မှုမရှိဘဲ နိုင်ငံရေးနှင့်နွယ်သည့် တောင်းဆိုမှုများကို ပေါ်ပေါ်တင်တင် တောင်းဆိုခဲ့သော Dil Mohamed ပြောကြားချက်များကို မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ခဲ့ကြပါကြောင်း။

နယ်စပ်ဒေသ စာချုပ်နှင့် ဥပဒေအရ ၎င်းတို့ နေထိုင်သည့် နယ်နိမိတ်မျဉ်းတွင် မည်သူတစ်ဦးတစ်ယောက်မျှ နေထိုင်ခွင့်မရှိပါကြောင်း၊ ယင်းဒေသသည် ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ ခြေကုပ်စခန်းဖြစ်လာမည့် အခြေအနေရှိ၍ အန္တရာယ်ကြီးမားပါကြောင်း၊ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ကန့်သတ်ထားသော အဆိုပါဒေသတွင် ဝင်ရောက်နေထိုင်မှုများကို ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က နေပြည်တော်တွင် နှစ်နိုင်ငံသဘောတူထားသည့် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများကို ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့က ပျက်ပြားသွားအောင် လုပ်ဆောင်ခဲ့စဉ်ကတည်းက နယ်နိမိတ်မျဉ်းတွင် တရားမဝင်နေထိုင်မှုကို မိမိတို့ခွင့်မပြုခဲ့ပါကြောင်း။

**တရားဥပဒေစိုးမိုးရေး**

နယ်စပ်ဒေသတွင် နေထိုင်သူများနှင့် ရောနှောကာ အကြမ်းဖက်သမားများ ရှိနေနိုင်သဖြင့် မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသရှိ နေထိုင်သူများ ဘေးကင်းရေးအတွက် လိုအပ်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ရပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ တရားဥပဒေစိုးမိုးရေးအတွက် ဖြစ်သည့် ပြန်လည်ပို့ဆောင်ရေးအစီအစဉ်ကို မထိခိုက်ရန်ဖြစ်ပါကြောင်း၊ ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး နယ်စပ်ရှိ လုံခြုံရေးနှင့် အစိုးရဝန်ထမ်းများကို ကာကွယ်ရန် အနည်းငယ်သော လုံခြုံရေးတပ်ဖွဲ့ဝင်များကိုသာ ထားရှိခဲ့ပါကြောင်း။

ရခိုင်ဒေသတွင် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အပြုသဘောပါဝင်နိုင်သည့် အခန်းကဏ္ဍများစွာရှိပါကြောင်း၊ မိမိတို့လက်ရှိ အဓိကလုပ်ဆောင်ချက်မှာ လူသားချင်း စာနာထောက်ထားရေး၊ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် အဖွဲ့အစည်းနှစ်ရပ်အကြား ငြိမ်းချမ်းစွာ အတူတကွ နေထိုင်နိုင်ရေးတို့ ဖြစ်ပါကြောင်း။

**အကူအညီပေးနိုင်**

နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပကတိအခြေအနေကို သိရှိနားလည်ပြီး ပြန်လည်သင့်မြတ်ရေးနှင့် ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးခြင်းဖြင့် မိမိတို့ကို အကူအညီပေးနိုင်ပါကြောင်း။

မြန်မာအာဏာပိုင်များသည် ၂၀၁၈ ဖေဖော်ဝါရီ ၂၃ ရက်က နေပြည်တော်တွင် UNHCR ကိုယ်စားလှယ်နှင့် UN ဌာနေညှိနှိုင်းရေးမှူးနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ၂၀၁၇ နိုဝင်ဘာ ၂၃ ရက်က နှစ်နိုင်ငံအကြား သဘောတူညီခဲ့သော ရခိုင်ဒေသမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအစီအစဉ်နှင့်အညီ ပြန်လည်ပို့ဆောင်ရေး အစီအစဉ်များတွင် ပါဝင်ကူညီရန် အဆိုပါအဖွဲ့အစည်းနှစ်ခုနှင့် မိမိတို့ဆွေးနွေးခဲ့ပါကြောင်း။

ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေးအပြင် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအားလုံး အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ဝိုင်းဝန်းလုပ်ဆောင်ရန် UNHCR နှင့် UNDP တို့အနေဖြင့် အသင့်တော်ဆုံးအချိန်ဟု မိမိတို့ယူဆပါကြောင်း၊ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီရန် ၎င်းတို့၏ ကမ်းလှမ်းချက်များနှင့်အတူ ၂၀၁၈ ခုနှစ် မတ် ၉ ရက်က ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်ရာ အစိုးရအနေဖြင့် ၎င်းတို့၏ ကမ်းလှမ်းချက်များကို စဉ်းစားသုံးသပ်လျက်ရှိပါကြောင်း။

**စားနပ်ရိက္ခာ ဖြန့်ဝေ**

လောလောဆယ်အနေဖြင့် Red Cross Movement, AHA Centre, Philippines Red Cross, Thai Red Cross Societies နှင့် ဒေသခံလုပ်အားပေးများမှ တစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးအပ်နေပါကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကတည်းကပင် ရခိုင်ပြည်နယ်၌ ၎င်းတို့၏ အစားအသောက်ထောက်ပံ့သည့် လုပ်ငန်းများ ပြန်လည်စတင်ရန် WFP ကို မိမိတို့ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆-၂၈ က ရောမတွင် ကျင်းပသော အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် တင်သွင်းခဲ့သည့် Myanmar Country Strategic Plan (၂၀၁၈-၂၀၂၂) ဆိုင်ရာ WFP ၏ အစီရင်ခံစာအရ ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၆ ရက် WFP ဝင်ခွင့်ရရှိကတည်းက မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် လစဉ် စားနပ်ရိက္ခာ ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၅၇၀၀၊ အသက် ငါးနှစ်အောက် ကလေး ၁၄၀၀ အပါအဝင် လူပေါင်း ၃၉၀၀၀ ကို WFP က ပံ့ပိုးမှုပြုလုပ်ခဲ့ပါကြောင်း။

စာမျက်နှာ ၁၀ သို့ ✰

☆ စာမျက်နှာ ၉ မှ

မြန်မာအစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပြုလုပ်ခဲ့သော ကတိကဝတ်များအပေါ် တာဝန်ရှိသည့် နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ စိစစ်ရေးလုပ်ငန်းများ ပြီးဆုံးပြီးနောက် စနစ်တကျ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းအတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကတည်းကပင် စတင်ရန် အသင့်ရှိနေခဲ့ပါကြောင်း ပြောကြားသည်။

**လူတိုင်းအတွက် လုံခြုံမှုများ ဖော်ဆောင်ရေး**

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရန် အားလုံးအဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ပြန်လာမည့်သူများ အဆင်သင့်ဖြစ်အောင် UEHRD အနေဖြင့် ကြိုဆိုရေးစခန်းများ၊ လက်ခံရေးစခန်းများနှင့် နေရာချထားရေးစခန်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးကာကွယ်ရေး၊ မတူကွဲပြားမှုများ၏ အလှတရားကို ဖော်ဆောင်ရေး၊ သည်းခံစိတ်ထားရှိရေးနှင့် လူတိုင်းအတွက် လုံခြုံမှုများကို ဖော်ဆောင်ရေးစသည့် အဓိကအချက်များကို လုပ်ဆောင်ထားပါကြောင်း။

**ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး**

နိုင်ငံတော်အစိုးရက မိမိကို တာဝန်ပေးထားသည့်အတွက် ပြန်လာမည့်သူများကို လက်ခံရေး၊ ကြိုဆိုရေး၊ နေရာချထားရေးနှင့် ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်း စသည့် လုပ်ငန်းများကိုလည်း မိမိတို့ဘက်က ဆောင်ရွက်ပေးရန်ရှိပါကြောင်း၊ UEHRD အနေဖြင့် စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာစေရန် ပြန်လည်ဖန်တီးပေးမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုနှင့်ပတ်သက်၍လည်း မိမိတို့ UEHRD အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လူသားချင်း စာနာထောက်ထားသည့် အကူအညီများ ထိရောက်စွာပေးအပ်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

UEHRD ၏ ထူးခြားချက်သည် နိုင်ငံတော်အစိုးရက လုပ်ဆောင်ခြင်းမဟုတ်ဘဲ အမျိုးသားတုံ့ပြန်မှုအနေဖြင့် ပုဂ္ဂလိကရော၊ ပြည်သူရော အားလုံးပေါင်းပြီး လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ UEHRD နှင့် ပတ်သက်သည့် လုပ်ငန်းများကို ခွဲလျှင် ၁၀ ခုလောက်ရှိကြောင်း၊ အရေးကြီးဆုံးကတော့ လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တိုင်းဒေသကြီးအစိုးရနှင့် ခရိုင်တာဝန်ရှိသူများ အားလုံးပေါင်းစပ်ပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**မေတ္တာရပ်ခံ**

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာတွင် ယနေ့ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတကာသို့ အဓိက ပေးလိုသည့် အကြောင်းအရာ၊ အချက်အလက်က ဘာဖြစ်မလဲဆိုသည့် မေးခွန်းနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက "ကျွန်တော်တို့ကို ကူညီပေးပါ၊ နားလည်ပေးပါ၊ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာမီဒီယာရဲ့ ပံ့ပိုးမှုကြောင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ခဲ့ပြီ၊ အဲဒီလမ်းကြောင်းပေါ်မှာ ရှေ့ဆက်ပြီးတော့ လျှောက်လှမ်းနိုင်ဖို့အတွက် ကူညီပါလို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဖြေကြားသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖမ်းဆီးရမိသူများအား မည်သည့်ပုဒ်မများဖြင့် အရေးယူထားသည်၊ မည်သည့်ပြစ်ဒဏ်များချမှတ်သည်၊ လက်ရှိအရေးအတွက် မည်မျှရှိသည် စသည့် မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းက "ဖမ်းဆီးထားတဲ့ ၃၈၄ ဦးထဲမှာ အကြမ်းဖက်မှုဥပဒေနဲ့ အရေးယူထားတာ ၂၄၈ မှု၊ လက်နက်ဥပဒေနဲ့ အရေးယူထားတာ ငါးမှုရှိပါတယ်၊ အချို့ သူတွေကျတော့ တစ်ဦးတည်းကနေ နှစ်မှု၊ သုံးမှု စသည်အားဖြင့် ထပ်နေတာလည်း ရှိပါတယ်၊ ဒါကြောင့် စုစုပေါင်းအမှု ၂၅၃ မှုရှိပါတယ်၊ ဆက်စပ်ဖြစ်စဉ်တွေဆိုတာကတော့ မီးရှို့မှု၊ မီးပေါ့ဆမှု၊ ဆဲဆိုခြိမ်းခြောက်မှု၊ ပုန်းလျှိုးကျော်နင်းမှု၊ ယာဉ်တိမ်းမှောက်မှု၊ နာကျင်မှု၊ ခိုးမှု၊ မတရားအသင်း၊ လူသတ်မှု၊ မုဒိမ်းမှု၊ လက်နက်မှု၊ လုယက်မှု စတာတွေနဲ့ အရေးယူထားတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ဖမ်းဆီးခဲ့တဲ့ ၃၈၄ ဦးကို အမှုစစ်ကြောလိုက်တဲ့အခါမှာ မပေါ်လို့ လွတ်သွားတဲ့ ဦးရေက ၂၉ ဦးရှိပါတယ်၊ ချုပ်နှောင်ထားတဲ့ အခုလက်ရှိ တရားခံပေါင်းက ၃၅၅ ဦး ရှိနေပါသေးတယ်"ဟု ဖြေကြားသည်။

**အကြမ်းဖက်မှုထဲမှာ ပါဝင်**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ဆက်လက်ဖြေကြားရာတွင် "မောင်တောဖြစ်စဉ် ဖြစ်ခဲ့တဲ့ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်ကနေ ပြီးတော့ ယနေ့အချိန်အထိ မောင်တောခရိုင်အတွင်းမှာ မူလလူဦးရေကတော့ ၁၀၀၅၄၂၉ ဦး ရှိပါတယ်၊ လက်ရှိနေထိုင်လျက်ရှိတာက ၄၆၉၆၆၅ ဦး နေထိုင်လျက်ရှိပါတယ်၊ နေရပ်စွန့်ခွာသွားတာ ၅၃၅၇၆၄ ဦးရှိပါတယ်"ဟု ဖြေကြားသည်။

ပြန်လည်လက်ခံရေးအတွက် စိစစ်ပြီးသည့် လူဦးရေ ၃၀၀ ကျော်နှင့်ပတ်သက်၍ မေးခွန်းကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြေ့လှိုင်က ဖြေကြားရာတွင် "ဘင်္ဂလားဒေ့ရှ်ဘက်ကနေပြီး ပြည်ထဲရေးကို ဖေဖော်ဝါရီလထဲမှာ လူဦးရေ ၈၀၀၀ ကျော်စာရင်းကို ပေးလိုက်တယ်၊ ကျွန်တော်တို့ ပေးတဲ့ပုံစံနဲ့ ပြန်ပေးတာ မဟုတ်ပါဘူး၊ သူတို့ပြုလုပ်ထားတဲ့ ပုံစံတစ်ခုနဲ့ ပေးလိုက်ပါတယ်၊ အဲဒီထဲမှာ အိမ်ထောင်စု ၁၆၇၃ စုပါဝင်ပါတယ်၊ လူဦးရေက ၈၀၃၂ ဦးဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြန်ပြီး စိစစ်တဲ့အခါ မနေ့ကအထိ အိမ်ထောင်စု ၉၃ စု စိစစ်ပြီးဖြစ်ပါတယ်၊ လူဦးရေအားဖြင့် ၄၅၆ ဦး စိစစ်ပြီးဖြစ်ပါတယ်၊ အဲဒီအထဲမှာ အကြမ်းဖက်မှုထဲမှာ ပါဝင်နေတာ သုံးဦးတွေ့ရှိရပါတယ်၊ နှစ်နိုင်ငံ သဘောတူညီချက်တွေအရ ဒီကနေ ပုံစံတွေကို ပို့ထားခဲ့ပါတယ်၊ အဲဒီပုံစံတွေကို ဖြည့်ပေးဖို့ ပြောထားပါတယ်"ဟု ဖြေကြားသည်။

**နိုင်ငံတကာမှ ဖိအားပေး**

တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံမည့် အစီအစဉ်၊ ကျေးရွာများတွင် အုပ်ချုပ်ရေးစခန်းများ တည်ဆောက်နေသည်ဟု စွပ်စွဲမှုနှင့် မြန်မာနိုင်ငံကို အရေးယူရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ ဖိအားပေးနေသည့်အပေါ် အစိုးရအနေဖြင့် မည်သို့တုံ့ပြန်မည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက "ကျွန်တော်တို့ စောစောက ရှင်းပြသလိုပဲ ဇန်နဝါရီ ၂၃ ရက်ကတည်းက လက်ခံဖို့ အဆင်သင့်ဖြစ်နေပါပြီ၊ တောင်ပြိုလက်ဝဲနဲ့ ငါးခူရစခန်းမှာ ပြန်လည်လက်ခံပေးဖို့ ကျွန်တော်တို့ဝန်ထမ်းတွေ အားလုံးအဆင်သင့်ဖြစ်နေပါပြီ"ဟု ဖြေကြားသည်။

**ကိုယ့်ဘက်ကတော့ လိပ်ပြာသန့်**

ဆက်လက်၍ ဒေါက်တာအောင်ထွန်းသက်က "လက်ခံတဲ့ ပုံစံအဆင့်သုံးဆင့်ကို သိဖို့လိုပါတယ်၊ ပထမဆုံးအဆင့်ကတော့ တောင်ပြိုလက်ဝဲနဲ့ ငါးခူရမှာ ကြိုဆိုရေးစခန်း ရှိပါတယ်၊ အဲဒီစခန်းမှာ စစ်ဆေးပြီးပြီးချင်း လက်ခံပြီးသူတို့အတွက် နေရာချထားဖို့ စီစဉ်ပေးတာပါ၊ အခုအပြောအဆိုခံနေရတာတော့ အဲဒီနေရာချထားတဲ့ နေရာတွေမှာ ဘယ်လိုဘယ်နည်းဆောင်ရွက်နေတယ်ဆိုတာ သိချင်ကြတာပါပဲ၊ ကျွန်တော်တို့အမြင်ကတော့ ရိုးရိုးသားသားရှင်းလင်းနေတာပါ၊ လာတဲ့သူတွေအတွက် အဆောင်တွေ ဆောက်ပေးဖို့လိုတယ်၊ အဲဒီလိုဆိုတော့ ရှိတဲ့အခြေအနေကို အဆင်အပြေဆုံးဖြစ်အောင် မြေယာရှင်းလင်းရေးလုပ်တာရှိပါတယ်၊ မြေယာရှင်းလင်းရေးလုပ်တဲ့ သွေးရိုးသွားရိုးကိစ္စကို တခြားအဓိပ္ပာယ်ကောက်တဲ့ ပုံစံတွေရှိတာတွေ့ရတယ်၊ ကိုယ့်ဘက်ကတော့ လိပ်ပြာသန့်ပါတယ်၊ အခုအကွက်တွေ ချနေပါပြီ၊ ဘာကြောင့်လဲဆိုတော့ ရွာတွေကို စနစ်တကျပြန်လည်တည်ဆောက်ဖို့ဆိုရင် မြေကြီးတွေရှင်းမှရမှာပါ၊ ဒါကိုယ့်ရဲ့ လက်ရှိအနေအထားကိုပြောတာပါ၊ ပြီးသွားရင်တော့ အဆောက်အအုံတွေ ဆောက်ဖို့လုပ်နေတာရှိပါတယ်။

**သိက္ခာရှိအောင် ကြိုးစား**

အဆောက်အအုံတွေဆောက်ဖို့ အဆောက်အအုံပစ္စည်းတွေကို အဆင်သင့်ဖြစ်အောင် ကြိုးစားနေတာဖြစ်ပါတယ်၊ ပြန်လာတဲ့သူတွေ အားလုံးကို ကြိုဆိုတယ်၊ လုံခြုံမှုရှိအောင်၊ သိက္ခာရှိအောင် ကြိုးစားကြည့်မှာပါ၊ ဒါပေမယ့် အဲဒီလို ကြိုးစားတာက ကိုယ့်ဘက်က လုပ်နိုင်တာ၊ ဖိအားပေးတာကတော့ သူတို့ကပေးတာပါ၊ အလုပ်နဲ့ သက်သေပြကြည့်တာပေါ့၊ မြန်မာနိုင်ငံကို အရေးယူဖို့ နိုင်ငံတကာဖိအားကို ဘယ်လို လုပ်မလဲဆိုတော့ အက်ရှင်နဲ့လုပ်ပါမယ်"ဟု ဖြေကြားသည်။

ရခိုင်ပြည်နယ်သို့ Media Trip များ စေလွှတ်ရာတွင် အစိုးရစီစဉ်သည့်နေရာကိုသာ သွားရမည်(သို့) သွားလိုသည့် နေရာကို စီစဉ်ပေးမည် (သို့) မိမိအစီအစဉ်ဖြင့် သွား၍ ရ၊ မရ ကိစ္စနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက "ကျွန်တော်ပြောတဲ့ အထဲမှာပါပါတယ်။ လောလောဆယ်မှာ လုံခြုံရေးစိုးရိမ်ရတယ်၊ သွားရေးလာရေး အခက်အခဲရှိတယ်၊ တချို့နေရာတွေဆိုရင် ရဟတ်ယာဉ်နဲ့ သွားရတယ်၊ တည်းဖို့ ပြုဖို့ကလည်း အခက်အခဲရှိတယ်၊ လောလောဆယ်မှာတော့ Guided Trip ပဲ လုပ်ပေးနိုင်တယ်၊ သို့သော် သွားသင့်သွားထိုက်တဲ့နေရာတွေတော့ ထည့်ဖြစ်အောင်လုပ်နေပါတယ်၊ တောင်းဆိုမှုတွေရှိပါတယ်၊ လုံခြုံရေးတာဝန်ယူရတဲ့ ပုဂ္ဂိုလ်တွေရဲ့ သူတို့ရဲ့ သဘောထားပေါ်မှာ မူတည်ပြီးတော့ စီစဉ်ဆောင်ရွက်ပေးပါမယ်"ဟု ဖြေကြားသည်။

**အထောက်အထားတွေနဲ့ ပြောတာမဟုတ်**

မောင်တောဒေသရှိ ကလေးငယ်များ အာဟာရချို့တဲ့နေခြင်းကို Slow Ethnic Cleansing ဟု စွပ်စွဲနေခြင်းအပေါ် အစိုးရအနေဖြင့် မည်သို့တုံ့ပြန်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီကလေးငယ်တွေရဲ့ အာဟာရဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး အမျိုးမျိုးပြောကြတာတွေရှိပါတယ်၊ တချို့ဟာတွေကလည်းပဲ တိကျမှန်ကန်တဲ့ Data အထောက်အထားတွေနဲ့ ပြောတာမဟုတ်ပါဘူး၊ အဲဒီအတွက်ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးစီးပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးတွေအတွက် Nutritional Statistics Survey Micro Nutrient Survey တစ်ခုဆောင်ရွက်နေတာရှိပါတယ်။ ဒါဟာဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးတွေရဲ့ Nutritional Statistics ကိုကြည့်ရင် ရခိုင်ပြည်နယ်တစ်ခုတည်းမဟုတ်ဘူး၊ တခြားပြည်နယ်တွေမှာရော ဘယ်လိုအခြေအနေရှိလဲဆိုတာ သိလာနိုင်မှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်တစ်ခုတည်း ကွက်ကွက်ကွင်းကွင်း သတ်သတ်မှတ်မှတ် Malnutrition၊ Under Nutrition ဖြစ်နေတာမဟုတ်ဘူးဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**အပြည့်အဝ ဆောင်ရွက်**

ဒ့ါအပြင် ရခိုင်ပြည်နယ်အတွက်ကို အထူးဦးစားပေး အစီအစဉ်အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ Nutrition နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို အများကြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ဒီကလေးတွေအတွက် လိုအပ်တဲ့အစားအသောက်ဆိုလည်း World Food Programme - WFP ကနေ လိုအပ်တဲ့ Food တွေ၊ Supply လုပ်နေသလို၊ လိုအပ်တဲ့ Supplementary တွေ၊ လိုအပ်တဲ့ Vitamin တွေ၊ Micro-Nutrient တွေ ဒါတွေကိုလည်း အပြည့်အဝထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထား**

ဒ့ါပြင် Malnutrition ကိစ္စဟာ ဦးစီးဌာနတစ်ခုတည်းနဲ့ သက်ဆိုင်တာ မဟုတ်ပါဘူး၊ Multi Ministry နဲ့ သက်ဆိုင်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဦးစီးဌာနတွေ၊ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ရဲ့ Master Plan တွေ ဆွဲပြီး ဆောင်ရွက်နေတာတွေလည်းပဲ ရှိပါတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကလေးတွေမှာ ဖြစ်တတ်တဲ့ ကူးစက်ရောဂါတွေကြောင့်လည်းပဲ Malnutrition တွေ ဖြစ်နိုင်တဲ့အတွက် ကူးစက်ရောဂါတွေအတွက် လိုအပ်တဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကိုလည်း အထူးမြှင့်တင်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒ့ါပြင် Malnutrition ကို ဖြစ်စေတဲ့ အကြောင်းအရင်းတစ်ခုကတော့ သံကောင်၊ တုတ်ကောင်၊ Infestation ရဲ့ Infection တွေပါ၊ ဒါတွေအတွက်လည်း ကျွန်တော်တို့တွေက ပုံမှန်သံချတဲ့လုပ်ငန်းတွေ လုပ်ပေးနေတာတွေလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်၊ ဒ့ါပြင် တစ်ဆက်တည်းမှာပဲ တင်ပြလိုတာကတော့ ပြန်လည်ဝင်ရောက်လာမယ့် ပြန်လည်ဝင်ရောက်လာသူတွေမှာ ပါဝင်လာမယ့် ကလေးတွေ၊ ကိုယ်ဝန်ဆောင်တွေအတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်၊ Nutrition နဲ့ ပတ်သက်တဲ့ Survey တွေ၊ လိုအပ်တဲ့ ကိုယ်အရပ်တိုင်းတာ၊ အလေးချိန်တိုင်းတာ ဒါတွေကိုလည်း Monitor လုပ်ထားပါမယ်။



ဧရာဝတီသတင်းဌာနမှ မေးမြန်းစဉ်။



NIKKEI သတင်းဌာနမှ မေးမြန်းစဉ်။



NIPPON TV သတင်းဌာနမှ မေးမြန်းစဉ်။



မြန်မာ့အလင်းသတင်းစာမှ မေးမြန်းစဉ်။



frontier myanmar သတင်းဌာနမှ မေးမြန်းစဉ်။



နယူးယောက်တိုင်းမ် သတင်းဌာနမှ မေးမြန်းစဉ်။



Phoenix TV မှ မေးမြန်းစဉ်။

**" ကျွန်တော်တို့ အံ့ဩတုန်လှုပ်ခဲ့ရတာက မတ် ၇ ရက်မှာ အဆင့်မြင့် ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ပါးက ပြန်လည်ခေါ်ယူရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ရဲ့ အားထုတ်မှုတွေကို အပျက်မြင်ရှုထောင့်က သုံးသပ်ဝေဖန်ပြီး နိုင်ငံတကာမီဒီယာတွေကို ပြောခဲ့တာပါ။ ဒီပြန်လည်ခေါ်ယူရေးလုပ်ငန်းစဉ်ကို မည်သူတစ်ယောက်ကမှ နိုင်ငံရေးအမြတ်မထုတ်သင့်ပါ။ ဒီလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန် ဆောင်ရွက်နေပါတယ် "**

စာမျက်နှာ ၁၁ သို့ ❇

# သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာအီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti အား ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၄**

၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌဦးအေးသာအောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ယင်းဥပဒေကြမ်းကိုပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၁၈ ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❈ စာမျက်နှာ ၁၀ မှ

"အဲဒီမှာ Malnutrition တွေပါလာရင် ချက်ချင်း Treatment ပေးနိုင်အောင်လည်း Facilities တွေ ဆောင်ရွက်ထားပါတယ်၊ ကျွန်တော်တို့အနေနဲ့ Nutrition နဲ့ ပတ်သက်ပြီးတော့ ချက်ချင်း တစ်ရက်၊ နှစ်ရက်နဲ့ လုပ်ဆောင်ခွင့်ရတဲ့ကိစ္စ မဟုတ်ပါဘူး။ နှစ်ရှည်လများ ဆောင်ရွက်မှ ဒီ Nutrition ကိစ္စဟာ ဆောင်ရွက် အောင်မြင်မှာဖြစ်ပါတယ်၊ ဒါကြောင့်မို့ ဒီအခြေအနေတွေကို တိတိကျကျ သိသာနိုင်ဖို့အတွက် ဒီ Survey ကို လုပ်နေတာဖြစ်ပါတယ်၊ ဒီ Surveyဟာ ဒီ April မှာ ပြီးပါမယ်။ အဲဒါ ပြီးတဲ့အခါမှာ ထွက်ရှိလာတဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ ဝန်ကြီးဌာနမှာရှိတဲ့ Nutrition Project ကို ကိုင်တွယ်နေတဲ့ ဌာနကနေပြီးတော့ လိုအပ်တဲ့လက်ရှိလုပ်ဆောင်နေတဲ့ လုပ်ငန်းတွေထက် ပိုမိုကောင်းမွန်တဲ့၊ ပိုပြင်တဲ့၊ အကျိုးရှိတဲ့ လက်တွေ့အသုံးကျနိုင်တဲ့ လုပ်ငန်းတွေကို ထပ်ပြီးတော့ ဖြည့်တင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့ တစ်ခုတည်းမဟုတ်ပါဘူး၊ International က ဖြစ်တဲ့ WHO၊ UNICEF တို့နဲ့ Support တွေနဲ့လည်း ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်" ဟု ဖြေကြားသည်။

### အပြင်းထန်ဆုံး စွပ်စွဲချက် နှစ်ခု

ရခိုင်အရေးနှင့်ပတ်သက်၍ Ethnic cleansing၊ Genocide ဖြစ်သည်ဟု အနောက်နိုင်ငံများက သတ်မှတ်နေမှုအပေါ် မည်သို့တုံ့ပြန်မည်နှင့် စစ်တွေနှင့် ကျောက်ဖြူရှိ IDP စခန်းများကို ပိတ်သိမ်း၍ မည်သို့နေရာချထားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒေါက်တာ အောင်ထွန်းသက်က "ဒီနှစ်ခုလုံးက နိုင်ငံတကာ စွပ်စွဲချက်ထဲမှာ အပြင်းထန်ဆုံး စွပ်စွဲချက် နှစ်ခုဖြစ်ပါတယ်။ Ethnic cleansing, Genocide ဆိုတာဟာ ကျွန်တော်တို့ လွန်ခဲ့တဲ့အပတ်က ဂျီနီဗာမှာရော၊ ဘာလင်မှာရော ဒီမေးခွန်းမေးကြပါတယ်။ ဒီလိုမေးတဲ့အခါမှာ ကျွန်တော့်အနေနဲ့၊ နိုင်ငံတော်အနေနဲ့ ပြတ်ပြတ်သားသား အဖြေပေးတာတော့ Ethnic cleansing မရှိပါဘူး။ ဒါက ပြတ်ပြတ်သားသား အာမခံတဲ့အခြေအနေကို တင်ပြတာပါ။ ဒါကတော့ ရှင်းပါတယ်။ ဘာမှမေးခွန်းလည်း ထုတ်စရာမရှိဘူး။ တစ်ခုရှိတာက ကိုယ့်နိုင်ငံမှာ ဖြစ်တာတွေအားလုံးကို Ethnic cleansing လို့ ပြောလိုက်တာနဲ့၊ Genocide လို့ ပြောလိုက်တာနဲ့ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုအခြေအနေ လုံးဝမရှိပါဘူး၊ မဟုတ်ပါဘူးလို့ ပြောရတာ အင်မတန် ခက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကိုယ့်လိပ်ပြာ ကိုယ်သန့်ပါတယ်"ဟု ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက "ရခိုင်ပြည်နယ်မှာ စစ်တွေ၊ ပေါက်တော၊ ကျောက်တော်၊ မြေပုံ၊ ကျောက်ဖြူ စုစုပေါင်း IDP စခန်း ၁၉ ခု ရှိပါတယ်၊ ဒါတွေကို ၂၀၁၄၊ ၂၀၁၅ ခုနှစ်ကနေ စပြီးတော့ နှစ်အလိုက် စခန်းတွေကို ဖျက်သိမ်းပြီးတော့ မူလအနေအထား ရောက်အောင် ပြောင်းရွှေ့ခဲ့ပါတယ်၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပေါက်တောမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ် စခန်း လေးခုကနေ အိမ်ခြေ ၁၆၈၀ ကို ကျွန်တော်တို့ ရွှေ့ပြောင်းနိုင်ခဲ့ပါတယ်၊ အလားတူ ၂၀၁၅-၂၀၁၆ ခုနှစ်မှာလည်း အိမ်ခြေပေါင်း ၂၅၁၃ ကို စခန်း ခုနစ်ခုကနေ ရွှေ့ပြောင်းနိုင်ခဲ့ပါတယ်"

### အချိန်ယူဆောင်ရွက်ရ

၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပေါက်တော IDP က ၃၆၅ အိမ်ကို ရွှေ့ပြောင်းပေးနိုင်ခဲ့ပါတယ်။ အချုပ်အားဖြင့် ပြောမယ်ဆိုရင် IDP စခန်းဟာ ရခိုင်ပြည်နယ်အတွင်းမှာ စစ်တွေမြို့နယ်နဲ့ ကျောက်ဖြူမြို့နယ် နှစ်နေရာမှာပဲ ကျန်ပါတယ်။ ဒီနှစ်နေရာမှာ စစ်တွေခရိုင်ထဲမှာရှိတဲ့ မြေပုံတောင်ပေါ် IDP စခန်းကို ရွှေ့ပြောင်းဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ IDP စခန်းတွေကို ဖျက်သိမ်းတဲ့အခါမှာ မူလနေရာမှာ ပြန်လည်နေရာချထားဖို့ဆိုတဲ့ အချက်က အဓိက အရေးကြီးတာဖြစ်တဲ့အတွက် ဒီအချက်ကိုရရှိဖို့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေရတာတွေရှိပါတယ်။ ဒါကြောင့် အချိန်ယူပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီနှစ်မှာ ကျောက်ဖြူ IDP စခန်းကို မူလနေရာမှာ ပြန်လည်နေရာချထားဖို့အတွက် ကျွန်တော်တို့အနေနဲ့ မြေပြင်မှာ ညှိနှိုင်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

### မျှမျှတတ စဉ်းစားတတ်ဖို့လို

ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် နေရပ်ပြန်သူများအနေဖြင့် လုံခြုံမှုမရှိမည်ကို စိုးရိမ်ခြင်းအပေါ် ဆောင်ရွက်ပေးမည့်အခြေအနေနှင့် စပ်လျဉ်း၍ ဒေါက်တာ အောင်ထွန်းသက်က "ဒီဖြစ်စဉ်မှာ အပိုင်းသုံးပိုင်းရှိပါတယ်၊ ပထမအပိုင်းက အကြမ်းဖက် တိုက်ခိုက်တာ၊ တကယ်တမ်းတိုက်ခိုက်တာ တော်ရုံတန်ရုံ လွယ်တာမဟုတ်ဘူး။ စခန်း ၃၀ ကို တစ်ပြိုင်တည်း တိုက်ခိုက်တာ၊ ဘာမှမပြောဘူး၊ ဒါပေမယ့် ဒုတိယအပိုင်းဖြစ်တဲ့ တပ်ဖွဲ့ဝင်တွေရဲ့ တုံ့ပြန်မှုလိုတာတို့၊ ပိုတာတို့ ဒါတွေပြောကြတာရှိတယ်၊ တတိယအပိုင်းအနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ရော၊ ပြည်သူတွေအနေနဲ့ရော အဆင်ပြေအောင် ပြန်လည်ထူထောင်ရေးလုပ်နေတဲ့အကြောင်းကို လုံးဝအာရုံမရှိကြဘူး၊ ဒါကြောင့် မီဒီယာတွေကို ပန်ကြားချင်တာတော့ တစ်နဲ့သုံးကို ပြောပါလို့ မပြောပါဘူး၊ နှစ်ကို ပြောတဲ့အချိန်မှာ တစ်နဲ့သုံးကို သတိထားဖို့လိုပါတယ်။ အားလုံးမျှမျှတတ စဉ်းစားတတ်ဖို့လိုပါတယ်၊ အထူးသဖြင့် ပြည်တွင်း မီဒီယာက သတိထားဖို့လိုပါတယ်၊ နိုင်ငံခြားမီဒီယာကတော့ သူတို့ရဲ့ သဘောထားတွေနဲ့ တစ်၊ နှစ်၊ သုံး ရှိတာကို သိရက်နဲ့ ဖော်ထုတ်တာတို့၊ ဦးစားပေးတာ တစ်မျိုးပါ၊ တတ်နိုင်ရင်တော့ တစ်ရော၊ နှစ်ရော၊ သုံးရော အပိုင်းသုံးပိုင်းစလုံးကို တင်ပြပေးပါလို့ တောင်းပန်ချင်ပါတယ်"ဟု ဖြေကြားသည်။

### ထွန်ယက်ပေးသွားမည်

ရခိုင်ပြည်နယ်မြောက်ပိုင်း နေရပ်စွန့်ခွာသူများ၏ လယ်ကွင်းများတွင် ဆက်လက် စိုက်ပျိုးမည့်ကိစ္စ သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွဋ်က "ခုနက မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ ပြင်ဆင်ထားရှိတာက မောင်တောမြို့နယ်အတွင်း စုစုပေါင်း ဧက ၇၁၀၀၀ ရှိပါတယ်၊ ဧက ၇၁၀၀၀ လုံးတော့ မစိုက်နိုင်ဘူး၊ ဒါပေမယ့် အခြေအနေပေးတဲ့ နေရာဒေသတွေမှာ၊ မောင်တောမြို့နယ်မှာ မိုးစပါးစိုက်ဧက တစ်သောင်းအတွက် ကျွန်တော်တို့ စီမံချက်ချထားပြီးဖြစ်ပါတယ်၊ မိုးစပါး ဧကတစ်သောင်းကို စိုက်တဲ့အခါမှာ ပြန်လည်ဝင်ရောက်လာတဲ့သူတွေ နေရာချထားမယ့် ကျေးရွာအုပ်စု ၁၁ အုပ်စုကို အခြေခံပြီးတော့ တစ်ဆက်တစ်စပ်တည်း တည်ရှိတဲ့ ကျေးရွာအုပ်စု ခြောက်အုပ်စု အပါအဝင် စုစုပေါင်းကျေးရွာအုပ်စု ၁၇ အုပ်စုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနတို့ ညှိနှိုင်းပြီးတော့ မိုးစပါးစိုက်ဧကတစ်သောင်းကို စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများနဲ့ ထယ်တစ်လှော၊ ထွန်နှစ်လှော နှုန်း ထွန်ယက်ပေးသွားမှာ ဖြစ်ပါတယ်။"

"စိုက်ပျိုးမယ့် နည်းစနစ်ကတော့ အခုလည်း ကျင့်သုံးနေကြတဲ့ ကြဲပက်စနစ်ပဲဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ အပြည့်အဝ စီမံချက်ဆွဲထားပြီးဖြစ်ပါတယ်၊ မောင်တောမြို့နယ်မှာ ဧကတစ်သောင်း စိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု ဖြေကြားသည်။

### အားလုံးကို မှန်တယ်လို့ ဘယ်တော့မှ လက်မခံ

R2P နှင့် ပတ်သက်၍ စိုးရိမ်မှုများရှိနေပြီး နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် နိုင်ငံကို အရေးယူရန် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်နှင့် နိုင်ငံများ၏လုပ်ရပ်များကို ရပ်တန့်နိုင်ရန် စွမ်းဆောင်နိုင်မှု ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒေါက်တာ အောင်ထွန်းသက်က "သူများစွပ်စွဲတာတွေ အားလုံးမမှန်ကန်ဘူးဆိုတာ ကျွန်တော်တို့ ပြည်တွင်းရော၊ ပြည်ပမှာရော သွားနေတာ၊ ကိုယ့်အကြောင်းကို ကိုယ်တင်ပြမှာပါ၊ ခုနက ပြောသလို စွပ်စွဲတာလည်း စွပ်စွဲတာ၊ R2P လုပ်တဲ့သူတွေလည်း လုပ်တာပဲ၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ ကိုယ်လုပ်နိုင်တာတွေ လုပ်ဖို့တာဝန်ရှိပါတယ်၊ အဲဒါကိုတော့ စိတ်ချစေချင်တယ်၊ ဒီအတိုင်း လက်ပိုက်ကြည့်ပြီးတော့ လုပ်သမျှအားလုံးခံမယ့် အနေအထား မဟုတ်ဘူး၊ ကျွန်တော်တို့ ခံစရာအကြောင်းလည်း မရှိဘူး၊ ခံမယ့်လူမျိုးလည်း မဟုတ်ဘူး၊ ဒါကြောင့် ဒါကို သတိထားစေချင်တယ်၊ သူတို့ လုပ်တာတွေ အားလုံး၊ ဖိအားတွေအားလုံးကို ဒီအတိုင်း လက်ပိုက်ကြည့်ပြီး အားလုံးကို မှန်တယ်လို့ ဘယ်တော့မှ လက်မခံဘူး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးအတွက်ကတော့ ကျွန်တော်တို့ စောင့်ရှောက်ရမယ်"

### နားလည်မှုရှိအောင် လုပ်ဖို့လို

"ကိုယ့်နိုင်ငံသည် လွတ်လပ်တဲ့နိုင်ငံ၊ သူတို့ပြောတာတွေ အားလုံးကို လက်မခံဘူး မဟုတ်ဘူး၊ ကိုယ့်နိုင်ငံက ကိုယ့်နိုင်ငံပဲ၊ ဒါသူတို့အကြောင်းနဲ့ သူတို့၊ သူတို့ကို မပြောဘူး၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ ကိုယ်လုပ်စရာရှိတာကိုလုပ်မယ်"

"ကျွန်တော်တို့မှာ အင်မတန်မှ ထိလွယ်၊ ရှလွယ်၊ သိမ်မွေ့လွယ်တဲ့ ကာလဖြစ်ပါတယ်၊ ဒီကာလမှာ အနှောင့်အယှက်ဖြစ်မယ့်ဟာတွေအားလုံးကို တတ်နိုင်သမျှ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ အချင်းချင်း စည်းလုံးပြီးတော့ နားလည်မှုရှိအောင်လုပ်ဖို့လိုပါတယ်၊ တစ်ဖက်ကလည်း သူတို့ပြောလိုက်လို့ နားထောင်တာ မဟုတ်ဘဲနဲ့ ကိုယ့်ဘက်ကလည်း ပြောခွင့်ရှိတယ်လို့ ယူဆပါတယ်၊ narrative ဆိုတာ တစ်ဖက်တည်း မပိုင်ပါဘူး၊ သူတို့မှာ ပိုင်သလို ကိုယ့်မှာလည်း ကိုယ့် narrative နဲ့ ကိုယ်ရှိပါတယ်။ ဒီတော့ မြန်မာတွေရဲ့ narrative ကို ဆရာတို့အနေနဲ့ကတော့ ဒီ Press Conference မှာ တင်ပြစေချင်တယ်၊ လက်ခံတာ၊ လက်မခံတာ နားထောင်တဲ့လူရဲ့ဆန္ဒ၊ ဆရာတို့လည်း သူတို့ရဲ့ narrative ကို နားလည်အောင် ကြိုးစားကြည့်တယ်။ narrative နှစ်ခုရှိတဲ့အခါမှာ ဒီနေ့ သူတို့ပြောတာတွေ အားလုံး မှန်ပြီးတော့ ကိုယ်ပြောတာတွေ အားလုံး မှားတယ်လို့ ယူဆလို့ မရဘူး၊ အဲဒါလေးကိုတော့ သတိထားစေချင်တယ်" ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ခုနက ဆရာပြောသွားတယ်၊ National Response လုပ်တာ၊ Government Response မဟုတ်ဘူး၊ UEHRD ဆိုတာ လုပ်နိုင်အောင် လုပ်ရမှာပါ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသွားတဲ့ စကားလေးလည်း ရှိတယ်၊ ပျော့ပျောင်းတာက ပျော့ညံ့တာ မဟုတ်ဘူး၊ ညှိနှိုင်းတာက အရှုံးပေးတာမဟုတ်ဘူး၊ အဲဒီအတိုင်းပဲ ကျွန်တော်တို့က သွားမှာပါ၊ Genocide ဆိုတာ မဖြစ်ခဲ့ဘူး၊ Ethnic Cleansing ဆိုတာ မရှိခဲ့ဘူး၊ အဲဒီတော့ R2P လည်း မဖြစ်နိုင်ဘူး" ဟု ဖြေကြားသည်။

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# MFF Futsal Open Cup ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၄။ ။** မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုသတ္တမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့်ပွဲများတွင် GV Altheltic အသင်းက မြို့မလှသီတာအသင်းကို ကိုးဂိုး-တစ်ဂိုး၊ MGG အသင်းက ရိပ်သာအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရွှေမြဝတီအသင်းက Montaung အသင်းကို ၁၈ ဂိုး- ဂိုးမရှိ၊ မြို့မအသင်းက ဂန္ဓမာအသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ VUC Youth အသင်းက SAKA အသင်းကို ငါးဂိုး-နှစ်ဂိုး၊ ရွှေခရမ်းအသင်းက KWC အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများကို ထက်ဝေယံသိန်း (GV Altheltic)၊ မင်းခန့်မောင်(ရိပ်သာ)၊ ဇော်ဝင်းနိုင်(ရွှေမြဝတီ)၊ ဖေယျာထွန်း(မြို့မ)၊ ရှိုင်းထက်မင်း(VUC Youth) နှင့် မင်းချစ်သူ(ရွှေခရမ်း)တို့က ရရှိခဲ့သည်။ **ရဲရင့်ရှိုင်း**

# ဆင်မုဆိုးများကြောင့် တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရ

**ငပုတော မတ် ၁၄**
ငပုတောမြို့နယ် မြစ်တစ်ရာသစ်တောကြိုးဝိုင်းတွင် အနက်ရောင်ဆင်ထီးတစ်ကောင်အား အရေခွံများ ခွာထားပြီး အစွယ်နှစ်ချောင်းအား ချွတ်ယူခံထားရလျက် သေဆုံးနေကြောင်း တွေ့ရှိရသည်။ အဆိုပါဆင်သည် လွန်ခဲ့သော သုံးရက်ခန့်က သေဆုံးနေသော ဆင်ဖြစ်ပြီး ဆင်မုဆိုးများ၏ လက်ချက်ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ငပုတောမြို့နယ် ရဲစခန်းမှ သွားရောက်စစ်ဆေးချက်များ အရ သိရသည်။ **လှမင်းထွန်း(ပြန်/ဆက်)**



# ကသာမြို့၌ လက်ပစ်ဗုံး နှစ်လုံး တွေ့ရှိ

**စစ်ကိုင်း မတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၆)ရပ်ကွက်အတွင်းမှ လက်ပစ်ဗုံး နှစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီခန့်တွင် ကသာမြို့ အမှတ်(၆)ရပ်ကွက် မိုင်ကုန်းရပ် အခွန်ရုံးဘေးရှိ လမ်းသွယ်ချုံအတွင်းမှ လက်ပစ်ဗုံးတွေ့ရှိရကြောင်း သတင်းအရ ကသာမြို့နယ်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ရှာဖွေခြင်း၊ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ လမ်းဘေးချုံအတွင်းမှ ပလတ်စတစ် လက်ပစ်ဗုံးတစ်လုံးနှင့် သံလက်ပစ်ဗုံးတစ်လုံးတို့ကို စနက်တံတပ်ဆင်လျက် (သက်ရှိ)တွေ့ရှိသိမ်းဆည်းခဲ့ပြီး အဆိုပါ လက်ပစ်ဗုံးနှစ်လုံးအား ဗိုလ်ကြီးနေလင်းဦးနှင့်အဖွဲ့က ခလရ(၃၀၉)သို့ သယ်ဆောင်အပ်နှံထားကြောင်း သိရပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# တရားမဝင် သယ်ဆောင်လာသော အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၄**
တရားမဝင် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား တားဆီးစစ်ဆေးလျက်ရှိရာ မတ် ၁၃ ရက်က မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် တရားမဝင်သယ်ဆောင်လာသော အကောက်ခွန်မဲ့ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၁၃ ရက်က မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော အင်ပိုကျေးရွာ အနောက်ဘက်ခြမ်း ရော်ဘာခြံစပ်သို့ ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ရှောင်ကွင်းသယ်ယူရန် စုပုံထားသည့် တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သော PSI Receiver 940 U (ခန့်မှန်းတန်ဖိုးကျပ် ၁၄ ဒသမ ၁ သန်းခန့်)အား စစ်ဆေးတွေ့ရှိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်စစ်ဆေးခဲ့သည်။ ၂၀၁၈ ခုနှစ် မတ် ၁၃ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုး ၆ ဒသမ ၃ သန်းခန့်)၊ မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေး စခန်းတွင် တရားမဝင်ကုန်စည် တားဆီးမှုနှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၉၄ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၂၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၈ စီး၊ သွင်းကုန် ၁၀၁၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၁၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝဝ၁**



# ရေးမြို့၌ မူးယစ်ဆေးပြား ၁၃၃၇ ပြား သိမ်းဆည်းရမိ

**ရေး မတ် ၁၄**
မွန်ပြည်နယ် ရေးမြို့နယ် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးမင်းလတ်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မတ် ၁၄ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က ခေါဇာမြို့ အမှတ်(၁၈)ကျောင်းသွားလမ်းနေ မပိုက်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးပြား စုစုပေါင်း ၁၃၃၇ ပြားနှင့် ICE ကို သိမ်းဆည်းရမိကြောင်း သိရသည်။

မူးယစ်ဆေးဝါးဖမ်းဝရမ်းနှင့် ဝင်ရောက်ရှာဖွေရာတွင် မပိုက်၏ နေအိမ်အိပ်ခန်း၊ နေအိမ်မီးဖိုချောင်နှင့်နေအိမ်ခေါင်းရင်းခြံစည်းရိုးဘက်များတွင် စိတ်ကြွဆေးပြားနှင့် ICE ကို သိမ်းဆည်းရမိပြီး တန်ဖိုးငွေကျပ် သိန်း ၇၀ နီးပါးခန့် အလေးချိန်အားဖြင့် ၁၃၃ ဒသမ ၇ ဂရမ်ရှိ ဆေးပြား ၁၃၃၇ ပြားကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မပိုက်အား ခေါဇာနယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# အရက်အတူသောက်ပြီး စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အလယ်ကုန်းရပ်ကွက်နေ ဒေါ်ဂေါက်သေးသည် မတ် ၁၃ ရက် ည ၁၀ နာရီတွင် နေအိမ်၌ရှိနေစဉ် သားဖြစ်သူ ရန်မျိုးနိုင် ၂၃ နှစ်မှာ ဓားထိုးခံရ၍ ရမ်ပူရပ်ကွက် မမိုးသဲရက်ကန်းရုံရှေ့ လမ်းမပေါ်၌ လဲကျနေကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုမေးမြန်းရာ ရန်မျိုးနိုင်သည် ရမ်ပူရပ်ကွက်နေ ဉက္ကာမင်း ၂၈ နှစ်နှင့် အရက်အတူသောက်ပြီး စကားများရန်ဖြစ်စဉ် ဉက္ကာမင်းက ဓားဖြင့်ထိုးသောကြောင့် ရန်မျိုးနိုင်တွင် ဒဏ်ရာများရရှိသေဆုံးသွားခြင်းဖြစ်ကြောင်း သိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဉက္ကာမင်းအား မြစ်ကြီးနားနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကားဝယ်မပေး၍ သားဖြစ်သူက ဓားဖြင့်ခုတ်မှုကြောင့် ဖခင်သေဆုံးပြီး မိခင်ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၄**
ဆီဆိုင်မြို့နယ် သီရိရပ်ကွက်နေ စိုင်းထွန်းလင်း ၂၇ နှစ်သည် မတ် ၁၂ ရက် ည ၈ နာရီ ၄၅ မိနစ်က မိခင်ဖြစ်သူ ဒေါ်ဝင်းရွှေ ၄၉ နှစ်အား ကားဝယ်ပေးရန် ပြောခဲ့ရာ မိခင်ဖြစ်သူက ဝယ်မပေးနိုင်သေးကြောင်း ပြောဆိုမှုအပေါ် စိုင်းထွန်းလင်းက မကျေနပ်သဖြင့် မိခင်နှင့် ဖခင်ဖြစ်သူ ဦးသန်းထွန်း ၅၉ နှစ်တို့နှစ်ဦးအား အရိုးအသွား ၁၆ လက်မခွဲခန့်ရှိ ဓားမဖြင့်ခုတ်ခဲ့သဖြင့် ဦးသန်းထွန်းတွင် ပြတ်ရှဒဏ်ရာများရရှိသေဆုံးခဲ့ပြီး ဒေါ်ဝင်းရွှေတွင် ဝဲပါး၊ ယာချိုစောင်းနှင့် လက်မောင်းတို့တွင် ပြတ်ရှဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့သောကြောင့် စိုင်းထွန်းလင်းအား ဆီဆိုင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မူးယစ်ဆေးဝါးသတင်းအရ နေအိမ်ဝင်ရောက်ရှာဖွေရာမှ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**မိုးညှင်း မတ် ၁၄**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ သိမ်အင်းရပ်တွင် မတ် ၁၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေရာမှ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်ဇော်လွင်ဦးစီးတပ်ဖွဲ့ဝင်များ၊ မိုးညှင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မိုးညှင်းမြို့ သိမ်အင်းရပ်နေ သန်းထွန်း ၄၅ နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်း ခုတင်အောက်ရှိ အိတ်အတွင်းမှ ဆပ်ပြာခွက်နှင့် ကော်ဘူးများအတွင်း ထည့်ထားသည့် ဘိန်းဖြူမှုန့် ၁၇ ဒသမ ၂ ဂရမ်အား သိမ်းဆည်းရမိ၍ မိုးညှင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ဝင်းနိုင်(ကချင်မြေ)**

○ **တက္ကသိုလ်ဝင်မှ**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဘာသာရပ်အလိုက် နေ့စဉ် ပျက်ကွက်မှုများအနေဖြင့် မြန်မာစာနေ့တွင် ၅၄၂၄ ဦး၊ အင်္ဂလိပ်စာနေ့တွင် ၅၅၅၉ ဦး၊ သင်္ချာနေ့တွင် ၅၆၃၁ ဦး၊ ဓာတုဗေဒနေ့တွင် ၅၄၈၉ ဦးနှင့် ရူပဗေဒနေ့တွင် ၅၅၃၂ ဦး ရှိခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ စတင်ကျင်းပခဲ့ရာ အတွဲ ၁ နှင့် အတွဲ ၇ ဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝဗေဒ နှင့် ဘောဂဗေဒဘာသာရပ်တွဲများ ဖြေဆိုမှုပြီးစီးခဲ့ပြီး ကျန်အတွဲ ၂၊ အတွဲ ၅၊ အတွဲ ၈ တို့ကို မတ် ၁၆ ရက်အထိ ဖြေဆိုကြရမည်ဖြစ်ကြောင်း သိရသည်။**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လင်မယားချင်းစကားများစဉ် ဝင်ရောက်ဖျန်ဖြေသူ ကတ်ကြေးဖြင့် အထိုးခံရ

**နေပြည်တော် မတ် ၁၄** ။ ။ ရန်ကုန်မြို့ ဒဂုံအရှေ့မြို့နယ်နေ ဒေါ်သီသီဆွေ ၃၈ နှစ်သည် မတ် ၁၂ ရက် ည ၉ နာရီတွင် နေအိမ်၌ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ အောင်ကျော်ကြားနှင့် မခင်စုလှိုင်(ခ)မစု ၂၈ နှစ်တို့ လင်မယားချင်းစကားများရန်ဖြစ်နေသဖြင့် ဒေါ်သီသီဆွေ၏ ခင်ပွန်းဖြစ်သူ ဦးကျော်စိုး ၄၄ နှစ်က သွားရောက်ဖျန်ဖြေစဉ် မခင်စုလှိုင်(ခ)မစုက ကတ်ကြေးဖြင့်ထိုးရာ ဦးကျော်စိုးတွင် ယာဘက်ရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာလက်မခွကြားထိုးသွင်းဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သဖြင့် အရေးယူပေးရန်တိုင်တန်းချက်အရ မခင်စုလှိုင်(ခ)မစုအား ဒဂုံအရှေ့မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

## Entertainment Channel

**၁၅-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | |
|---|---|
| ၀၅:၀၀ | အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၅:၁၅ | ပြည်သူ့နီတိ "ရေမြင့်သည့်ကြာ ပဒုမ္မာသို့" |
| ၀၅:၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅:၅၅ | Shwe U Min Natural Cave In Kalaw |
| ၀၆:၁၅ | Exquisite Myanmar Silk |
| ၀၆:၃၀ | Distinguished Myanmar Ladies "Tin Moe Lwin" |
| ၀၆:၄၀ | Chef Life: Syi Syi Lwin |
| ၀၆:၅၅ | Cosplayer |
| ၀၇:၀၅ | Surprise Meals |
| ၀၇:၃၀ | Aesthetic Painting on Pathein Umbrella |
| ၀၇:၄၅ | ရင်ထဲစွဲထင် တေးဂန္ထဝင် |
| ၀၈:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၅) |
| ၀၈:၃၅ | MRTV Entertainment Music |
| ၀၉:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၇၇) |
| ၀၉:၃၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၀၉:၄၀ | ကာတွန်းအစီအစဉ် "Wallace And Gromit In The Curse Of The Were-Rabbit" |
| ၁၁:၀၅ | Surprise Meals |
| ၁၁:၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "မှော်ပန်းသီး" |
| ၁၁:၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အမုန်း" |
| ၁၃:၃၅ | Running Man (Ep-315) |
| ၁၄:၁၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၅) |
| ၁၄:၅၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၇၇) |
| ၁၅:၂၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ပဥ္စမမြောက်ပန်းချီကား" |
| ၁၇:၃၀ | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-16)" |
| ၁၈:၀၀ | Running Man (Ep-316) |
| ၁၈:၄၀ | MRTV Entertainment Music |
| ၁၉:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၆) |
| ၁၉:၃၅ | MRTV Entertainment Music |
| ၂၀:၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၇၈) |
| ၂၀:၃၀ | Game Show "10 to Million Myanmar" (Epi-97) |
| ၂၁:၁၅ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၂၁:၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ဝေလည်းမွှေးကြွေလည်းမွှေး" |
| ၂၃:၃၅ | Shwe U Min Natural Cave In Kalaw |
| ၂၃:၅၅ | Exquisite Myanmar Silk |

**၁၆-၃-၂၀၁၈ (သောကြာနေ့)**

| | |
|---|---|
| ၀၀:၁၀ | Cosplayer |
| ၀၀:၁၅ | Chef Life: Syi Syi Lwin |
| ၀၀:၃၀ | ကာတွန်းအစီအစဉ် "Wallace And Gromit In The Curse Of The Were-Rabbit" |
| ၀၁:၅၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၆) |
| ၀၂:၃၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၂:၄၅ | သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၃:၀၀ | ပြည်သူ့နီတိ "ရေမြင့်သည့်ကြာ ပဒုမ္မာသို့" |
| ၀၃:၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း "လိပ်ပြာများနဲ့ကျွန်တော်" |
| ၀၅:၀၀ | အစီအစဉ်ပြီး၏။ |

# နာမည်ကျော်ရူပဗေဒပညာရှင်ကြီး စတီဗင် ဟော့ကင်း အသက်(၇၆)နှစ် အရွယ်တွင် ကွယ်လွန်

**လန်ဒန် မတ် ၁၄**

နာမည်ကျော် ရူပဗေဒပညာရှင်ကြီး စတီဗင် ဟော့ကင်းသည် ၎င်း၏ နေအိမ်၌ မတ် ၁၄ ရက် နံနက်အစောပိုင်းက ကွယ်လွန်သွားကြောင်း၊ ကွယ်လွန်ချိန်တွင် ၎င်း၏ အသက် ၇၆ နှစ်ရှိပြီဖြစ်ကြောင်း မိသားစု၏ ပြောခွင့်ရပုဂ္ဂိုလ် တစ်ဦးက မတ် ၁၄ ရက်တွင် ပြောကြားလိုက်သည်။

ပါမောက္ခ စတီဗင် ဟော့ကင်းသည် ဗြိတိန်နိုင်ငံ ကမ်းဘရစ်ချ်မြို့ရှိ ၎င်း၏ နေအိမ်၌ အိပ်စက်နေစဉ်မှာပင် တည်ငြိမ်ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း မိသားစု ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ ဟော့ကင်းသည် လူ့သက်တမ်းမစေ့မီ စောစောစီးစီး ကွယ်လွန်ဖွယ်ရှိသည်ဟု အများက ယူဆခဲ့ကြသော်လည်း ပညာရှင်တစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ကာ အသက် ၇၆ နှစ်အထိ နေထိုင်ခဲ့သည်။

စတီဗင် ဟော့ကင်းကို ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ဗြိတိန်နိုင်ငံ အော့စ်ဖို့မြို့၌ မွေးဖွားခဲ့သည်။

ဟော့ကင်းသည် ကမ်းဘရစ်ချ် တက္ကသိုလ်၏ ထင်ရှားသော ရူပဗေဒပညာရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီး ၂၀ ရာစုနှစ်အတွင်း နိုင်ငံတကာက ဂုဏ်သတင်းကြီးမားသူ သိပ္ပံပညာရှင်တစ်ဦးအဖြစ် ၎င်းကို အသိအမှတ်ပြုခဲ့သည်။

ဟော့ကင်းသည် အဲလ်ဘတ် အိုင်းစတိုင်းနောက်ပိုင်း အထူးချွန်ဆုံးသော ရူပဗေဒပညာရှင်အဖြစ် သတ်မှတ်ခံရပြီး ၁၉၇၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ လူကာစီယန်ပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ယင်းမှာ ဗြိတိန်နိုင်ငံ၏ အမြင့်ဆုံးသော ပါမောက္ခရာထူးဖြစ်သည်။

ရူပဗေဒနှင့် နက္ခတ္တဗေဒပညာရှင် စတီဗင် ဟော့ကင်း၏ အဓိက သုတေသနနယ်ပယ်မှာ စကြဝဠာနှင့် တွင်းနက်ကြီးများဖြစ်ပြီး တွင်းနက်ကြီးများနှင့် ပတ်သက်၍ သီအိုရီများကို သက်သေပြနိုင်ခဲ့သည်။

၎င်းသည် အသက် ၂၁ နှစ်အရွယ်တွင် ကူဂီးရစ် ရောဂါကြောင့် သွက်ချာပါဒဝေဒနာ စတင်ခံစားခဲ့ရပြီး တဖြည်းဖြည်း ခန္ဓာကိုယ် လှုပ်ရှားနိုင်ခြင်း မရှိတော့သလို စကားလည်း ပြောနိုင်ခြင်းမရှိတော့ချေ။ နောက်ဆုံးတွင် မျက်လုံးနှင့် လက်သုံးချောင်းသာ လှုပ်ရှားနိုင်တော့ကာ ဘီးတပ် လှည်းဖြင့် သွားလာလှုပ်ရှားခဲ့ရသည်။




**ဆင်ဟွာ**



**နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်။**

# ဘိုးရင်း ၇၃၇ အမျိုးအစားလေယာဉ် အစင်း ၁၀၀၀၀ မြောက် ထုတ်လုပ်မှု ဂင်းနစ်ကမ္ဘာ့မှတ်တမ်းတွင် စံချိန်တင်နိုင်

**ဆန်ဖရန်စစ္စကို မတ် ၁၄**

အမေရိကန်ပြည်ထောင်စု၏ အကြီးဆုံးလေယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဘိုးရင်းကုမ္ပဏီသည် ဘိုးရင်း-၇၃၇ အမျိုးအစား လေယာဉ် အစင်း ၁၀၀၀၀ မြောက် ထုတ်လုပ်ခြင်းမှာ ဂင်းနစ်မှတ်တမ်းတင်ကြောင်း၊ အမေရိကန်အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ ဝါရှင်တန်ပြည်နယ်ရှိ ရန်တန်စက်ရုံတွင် မတ် ၁၃ ရက်က အစင်း ၁၀၀၀၀ မြောက် လေယာဉ်ကို ထုတ်လုပ်နိုင်ခဲ့ကြောင်း ကုမ္ပဏီက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစင်းရေ ၁၀၀၀၀ မြောက်အဖြစ်ထုတ်လုပ်သော ၇၃၇ အမ်အေအိတ်စ် ၈ အမျိုးအစားလေယာဉ်သည် လက်မှတ်ခဈေးချိုချိုဖြင့် ပြေးဆွဲပေးသော လေကြောင်းလိုင်းဖြစ်သည့် ဆောက်သ်ဝက်စ်လေကြောင်းလိုင်းအတွက် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအများဆုံး ကုန်သွယ်လေကြောင်း ဂျက်လေယာဉ်အမျိုးအစားအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန် မှတ်တမ်းဝင်ကြောင်း ဘိုးရင်းကုမ္ပဏီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဘိုးရင်းလေယာဉ် ကုမ္ပဏီသည် လတ်တလောကာလတွင် ၇၃၇ အမျိုးအစား ခရီးသည်တင်လေယာဉ်များ ထုတ်လုပ်မှုကို တစ်လလျှင် ၄၇ စင်းနှုန်းအထိ ထုတ်လုပ်နေပြီး ယခုနှစ်ကုန်ပိုင်းတွင် အဆိုပါ အမျိုးအစား လေယာဉ်ကို လစဉ် ၅၂ စင်းထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်သည်။

ဘိုးရင်းကုမ္ပဏီ၏ အသစ်လွင်ဆုံး အမျိုးအစားဖြစ်သည့် ၇၃၇ အမ်အေအိတ်စ် လေယာဉ်များရောင်းချရမှု တိုးတက်လျက်ရှိပြီး ချီကာဂို အခြေစိုက် ဦးဆောင်လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးအနေဖြင့် လေယာဉ် အမှာစာ အစင်းရေ ၄၆၀၀ ကျော် ရရှိထားပြီး ဖြစ်သည်။

ရန်တန်လေယာဉ်စက်ရုံသည် ၂၀၁၆ ခုနှစ်တွင် အစင်းရေ ၅၀၀၀ မြောက် ထုတ်လုပ်သော ၇၃၇ အမျိုးအစားလေယာဉ်ဖြင့် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းတင်ခဲ့ဖူးပြီး ယင်းမှာ ယင်းလေယာဉ်အမျိုးအစားထုတ်လုပ်ခြင်းအတွက် ဆယ်စုနှစ်လေးခုကျော်ကာလအတွင်း ရရှိခဲ့သည့် အောင်မြင်မှုလည်းဖြစ်သည်။

**ဆင်ဟွာ**

# စီအိုင်အေအကြီးအကဲအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ရန် သမ္မတ ဒေါ်နယ်ထရန့် ဆုံးဖြတ်

**ဝါရှင်တန် မတ် ၁၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်အား မတ် ၁၃ ရက်တွင် ရာထူးမှ ဖယ်ရှားလိုက်ပြီး ၎င်း၏ နေရာတွင် အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန (စီအိုင်အေ) ညွှန်ကြားရေးမှူး မိုက်ပွန်ပီယိုအား အစားထိုးခန့်အပ်ရန် ဆုံးဖြတ်လိုက်ကြောင်း သမ္မတ ထရန့်က လူမှုကွန်ရက်မီဒီယာ တွစ်တာမှ တစ်ဆင့် ထုတ်ပြန်ကြေညာသည်။

နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် မိုက်ပွန်ပီယိုအပေါ် မိမိ အပြည့်အဝ ယုံကြည်ကြောင်း၊ တေလာဆန်တာဝန်ထမ်းဆောင်ခဲ့မှုကိုလည်း မိမိက အသိအမှတ်ပြု တန်ဖိုးထားကြောင်း သမ္မတ ထရန့်က ဖော်ပြသည်။

သမ္မတ ထရန့်၏ ထုတ်ပြန်ကြေညာချက်ကြောင့် အမေရိကန်နိုင်ငံရေး အသိုက်အဝန်းတွင် သာမက နိုင်ငံတကာ သံတမန် အသိုက်အဝန်းတွင်ပါ အံ့အားသင့်မှု ဖြစ်ကြရသည်။

မိမိ၏ နိုင်ငံခြားရေးမူဝါဒတွင် အရေးပါသော ကိစ္စရပ်ဖြစ်သော အီရန်နျူကလီးယား သဘောတူညီမှုကိစ္စ၊ မြောက်ကိုရီးယားအပေါ် ချဉ်းကပ်မှု ပုံစံတို့တွင် တေလာဆန်နှင့် သဘောကွဲလွဲမှုရှိခဲ့ကြောင်း သမ္မတ ထရန့်က ပြောကြားသည်။

**ဆင်ဟွာ**



# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ လက်ကျန်အခြေအနေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အားလုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်အားလုံးနှင့် ကြွေးမြီအသုံးစရိတ် အားလုံးတို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်း ဝယ်ယူခြင်းအသုံးစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်သော်လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း အသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုစရိတ်/လုပ်ငန်းဆောင်ရွက်မှု စရိတ်၊ စီမံနှင့်သုတေသနစရိတ်နှင့် ရောင်းချ ဖြန့်ဖြူးမှုစရိတ်တို့ကို လုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့်အသုံးစရိတ်များမှအပ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန်အသုံးစရိတ်၊ ကျန်သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း(၂)
### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

### အခန်း(၃)
### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဆ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကိုသတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့်သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ် ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) တွင် ဖော်ပြထားသော အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

ဆက်လက်ဖော်ပြပါမည်။



# ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းလူမှုရေးအသင်း(ရန်ကုန်)အဖွဲ့ ဟားခါး၌ တွေ့ဆုံဆွေးနွေး

**ဟားခါး မတ် ၁၄**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းလူမှုရေးအသင်း(ရန်ကုန်)အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၃ ရက် ညနေပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ချင်းလူမှုရေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးပီတာငွန်ဇကျုံးက အသင်း၏ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ချင်းတိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ ခေါင်းဆောင်များက ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများအား ချင်းရိုးရာဝတ်စုံများကို အမှတ်တရလက်ဆောင်ပေးအပ်ကြသည်။

ယင်းတွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချမှတ်ပေးသော မြေအကျယ်အဝန်း ၃ ဒသမ ၉၀၇ ဧကပေါ်၌ ချင်းလူမှုရေးအသင်း (ရန်ကုန်)အဖွဲ့က ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအပေါ် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုမွမ်းမံသင်တန်းဖွင့်

**ပြည်ကြီးတံခွန် မတ် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးကျင်းပသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုမွမ်းမံသင်တန်းနှင့် သဘာဝဘေးလျော့ပါးရေးစေတနာ့ ဝန်ထမ်းလူငယ်(မွမ်းမံ)သင်တန်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre သင်တန်းခန်းမ၌ မတ် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သဘာဝအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအေးမင်းသူက "သင်တန်းသားများအနေနှင့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာများရရှိပြီး ကိုယ်တိုင်လိုက်နာဆောင်ရွက်နိုင်ရုံမျှမက မိမိရပ်ရွာဒေသအတွင်းရှိ ပြည်သူလူထုထံသို့လည်း ကျယ်ပြန့်စွာဖြန့်ဝေပေးနိုင်ရန်၊ သဘာဝဘေးနှင့်ပတ်သက်ပြီး အရေးပေါ်ကြုံတွေ့ရပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကြိုတင်သတိပေးစနစ်များကို အချိန်မီဖြန့်ဝေပေးနိုင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်၊ ရပ်ရွာအတွင်း ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို သင်တန်းသားများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်နှင့် အရေးပေါ်ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်ရာတွင် အခြားဦးစီးဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း" ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် မတ် ၁၄ ရက်မှ ၁၆ အထိ သုံးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းနည်းပြများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ချင်းတွင်းသင်္ကြန်တွင် သဲပန်းပုထုဆစ်ပြသနိုင်ရန် စင်ကာပူနိုင်ငံမှ သဲပန်းပုပညာရှင် လာရောက်လေ့လာ



**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ 'ချင်းတွင်းမြစ်ကမ်းနံဘေး သဲသောင်ပြင်တွင် ပထမဆုံးအကြိမ် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် ထည့်သွင်းပြသရန် စီစဉ်ထားသည့် သဲပန်းပုရုပ်များ ထုဆစ်နိုင်ရန်အတွက် စင်ကာပူနိုင်ငံမှ သဲပန်းပုပညာရှင် Mr. Jo Oheng Tan က မတ် ၁၄ ရက် နံနက် ၈ နာရီခွဲက ချင်းတွင်းသင်္ကြန်ပွဲကျင်းပရန် စီစဉ်လျက်ရှိသော ကွင်းအတွင်းသို့ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

"ချင်းတွင်းသင်္ကြန်အတွက် မြန်မာပြည်ရဲ့ သဘာဝနဲ့ ယဉ်ကျေးမှုကိုဖော်ကျူးတဲ့ သရီးဒီ သဲပန်းပုကို ဖန်တီးဖို့စီမံထားပါတယ်၊ ဘယ်လိုပုံစံမျိုးဖြစ်မလဲဆိုတော့ ကိုယ်တိုင်လာရောက်လေ့လာကြည့်ရှုစေချင်ပါတယ်၊ သဲပုံတာ၊ သဲတွေကျစ်အောင်လုပ်ဖို့အတွက် အကူအညီတွေ အများကြီးလိုအပ်ပါတယ်၊ အဲဒီလုပ်ဆောင်နေတဲ့ ကာလအတွင်းမှာ သဲပန်းပုဝါသနာရှင်တွေအနေနဲ့ လက်တွေ့လေ့လာခွင့်ရရှိမှာ ဖြစ်ပါတယ်" ဟု စင်ကာပူနိုင်ငံသား သဲပန်းပုပညာရှင် Mr. Jo Oheng Tan ကပြောသည်။

မုံရွာမြို့တွင် ပထမဆုံးအကြိမ် ကျင်းပမည့် ချင်းတွင်းသင်္ကြန် ပွဲတော်တွင် အမြင့် ၁၅ ပေကနေ ၁၈ ပေ ကြားရှိ သဲပန်းပုရုပ်များထုလုပ်ပြသသွားရန် စီစဉ်ထားသည့် အတွက် သဲပန်းပုရုပ်များ အချိန်မီပြီးစီးရေး လိုအပ်သော ပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက် သဲပန်းပုပညာရှင် Mr. Jo Oheng Tan က ယခုကဲ့သို့ လာရောက် ကြည့်ရှုလေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု စစ်ဆေး

**ပူတာအို မတ် ၁၄**

ကချင်ပြည်နယ်ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇီဒမ်းကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအား မတ် ၁၄ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးဦးတင်နုနှင့် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစောသီဟတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြစိမ်းရောင်ကျေးရွာကော်မတီ ဥက္ကဋ္ဌတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆိုင်ရာ မှတ်ပုံတင်စာအုပ်များအား စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ အလားတူ ပူတာအိုမြို့နယ်အတွင်းရှိ ဂျူဗလီကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် သက်မွေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း နေမှုအခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ် ကင်းရှင်းရေးစစ်ဆေး

**ပြည်ကြီးတံခွန် မတ် ၁၄**

ခရီးသွားပြည်သူများလုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ခရီးသည်တင်ယာဉ်များအား ပူးပေါင်းစစ်ဆေးခြင်းကို မတ် ၁၄ ရက်က မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းအထွက် တံခွန်တိုင်အဝိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသည်တင်ယာဉ်မောင်းများအရက်သေစာသောက်စားခြင်းရှိ၊ မရှိAlcoholTesterဖြင့်စစ်ဆေးခြင်း၊ ယာဉ်သက်သေခံလက်မှတ်၊ မီးကြီးနှင့် အချက်ပြမီး၊ ယာဉ်ကိုယ်ထည်ကြံ့ခိုင်မှု၊ တာယာကောင်းမွန်မှု၊ သတ်မှတ်ဦးရေတင်ဆောင်မှု၊ ခရီးသည်နှင့်ကုန်ပစ္စည်းကိုက်ညီမှု၊ မီးသတ်ဆေးဘူးပါရှိမှု၊ အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု၊ ရေသုတ်တံကောင်းမွန်မှု၊ ရောင်ပြန်ပြားတပ်ဆင်မှု၊ ထိုင်ခုံခါးပတ်တပ်ဆင်မှု၊ (င)ယာဉ်မောင်းလိုင်စင်ပါရှိမှု၊ အရန်ယာဉ်မောင်းပါရှိမှု အပါအဝင်ခရီးသည်များ ဘေးကင်းလုံခြုံရေးတို့ကိုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ၄၉၉၀ လျှပ်စစ်ဓာတ်အားစနစ်နှင့် အခြားနည်းလမ်းတို့ဖြင့်မီးလင်းမည်

**မုံရွာ မတ် ၁၄**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိကျေးရွာများတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ၄၆ ရွာ၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ၉၅ ရွာနှင့် NEP Pilot Project ဖြင့် ကျေးရွာ ၅၀ စုစုပေါင်း ကျေးရွာ ၁၉၁ ရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ရေးတိုးချဲ့လုပ်ကိုင်ပေးနိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၄၉၉၀ တွင် လျှပ်စစ် ဓာတ်အားနှင့် အခြားနည်းလမ်းတို့ဖြင့် ဓာတ်အားများ အသုံးပြုနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် ဓာတ်အားစနစ်နှင့် အခြားနည်းလမ်းတို့ဖြင့် မီးလင်းမှုအခြေအနေမှာ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် ဓာတ်အား စနစ်ဖြင့်ကျေးရွာ ၂၃၇ ရွာ၊ အခြားနည်းလမ်းဖြင့် ၆၂ ရွာ စုစုပေါင်းကျေးရွာ ၂၉၉ ရွာ၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ် လေးခုတွင် ဓာတ်အားစနစ်ဖြင့် ကျေးရွာ ၃၀၅ ရွာ၊ အခြားနည်းလမ်းဖြင့် ကျေးရွာ ၂၁၉ ရွာ စုစုပေါင်းကျေးရွာ ၅၂၄ ရွာ၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ် လေးခုတွင် ဓာတ်အား စနစ်ဖြင့် ကျေးရွာ ၂၆၂ ရွာ၊ အခြားနည်းလမ်းဖြင့် ကျေးရွာ ၂၄၂ ရွာ စုစုပေါင်းကျေးရွာ ၅၀၄ ရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ခြောက်ခုတွင် ဓာတ်အားစနစ်ဖြင့် ကျေးရွာ ၃၇၈ ရွာ၊ အခြားနည်းလမ်းဖြင့် ကျေးရွာ ၅၄၆ ရွာ စုစုပေါင်းကျေးရွာ ၉၂၄ ရွာ၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် ဓာတ်အား စနစ် ဖြင့် ကျေးရွာ ၁၈၃ ရွာ၊ အခြားနည်းလမ်းဖြင့် ကျေးရွာ ၁၅၇ ရွာ စုစုပေါင်းကျေးရွာ ၃၄၀၊ ကသာခရိုင်အတွင်းရှိ မြို့နယ် ခုနစ်ခုတွင် ဓာတ်အားစနစ်ဖြင့် ကျေးရွာ ၄၅၄ ရွာ၊ အခြား နည်းလမ်းဖြင့် ကျေးရွာ ၆၈၅ ရွာ စုစုပေါင်းကျေးရွာ ၁၁၃၉ ရွာ၊ ကလေးခရိုင်အတွင်းရှိ မြို့နယ် သုံးခုတွင် ဓာတ်အားစနစ်ဖြင့် ကျေးရွာ ခြောက်ရွာ၊ အခြားနည်းလမ်းဖြင့် ကျေးရွာ ၄၄၅ ရွာ စုစုပေါင်းကျေးရွာ ၄၅၁ ရွာ၊ တမူးခရိုင် တမူးမြို့နယ်တွင် အခြားနည်းလမ်းဖြင့် ကျေးရွာ ၆၁ ရွာ၊ မော်လိုက်ခရိုင်အတွင်းရှိ မြို့နယ် နှစ်ခုတွင် အခြားနည်းလမ်းဖြင့် ကျေးရွာ ၂၅၃ ရွာ၊ ခန္တီးခရိုင် အတွင်းရှိ မြို့နယ် နှစ်ခုတွင် အခြားနည်းလမ်းဖြင့် ကျေးရွာ ၂၉၇ ရွာ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ် သုံးခုတွင် အခြားနည်းလမ်းဖြင့် ကျေးရွာ ၁၉၈ ရွာ ဓာတ်အားအသုံးပြုနိုင်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ ခုတွင် ကျေးရွာ ၆၀၁၀ ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပြီးဆုံးပါက ကျေးရွာပေါင်း ၄၉၉၀ တွင် ဓာတ်အားကို အသုံးပြုနိုင်ပြီဖြစ်ပြီး မီးလင်းရန်အတွက် ကျေးရွာပေါင်း ၁၀၁၉ ရွာသာ ကျန်ရှိမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေး(၃ / ၂၀၁၈) ပြုလုပ်

**လွိုင်ကော် မတ် ၁၄**

ကယားပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ပတ်သက်ပြီး တိုးတက်မှု အခြေအနေ၊ ပံ့ပိုးဆောင်ရွက်ရမည့် အခြေအနေများအား လမ်းညွှန်မှာကြားခြင်း၊ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၃/၂၀၁၈) ကို မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ Cabinet အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက စာရွက်ထဲမှာ အလုပ်လုပ်မှာကို မလိုလားကြောင်း၊ ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေကို Plan ရေးဆွဲထားရန် လိုအပ်ကြောင်း၊ ထိုမှသာ ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက်ပါက ချပြနိုင်မည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကိုလည်း ရေးဆွဲထားရန် လိုအပ်ကြောင်း၊ အကြီးကြီးတွေ မလုပ်နိုင်ရင်တောင် မိမိပြည်နယ်တွင် ပေါ်လွင်အောင် လုပ်ဆောင်နိုင်မည့် လုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဖော်ဆောင်စေလိုကြောင်း၊ မကြာမီ ကျင်းပမည့် Kayah State Investment Forum နှင့်ပတ်သက်ပြီး အခြေအနေများအား ရှင်းလင်းဆွေးနွေးသွားရန်၊ ပြည်နယ်အတွင်း တိုင်းရင်းသားများအနေဖြင့်လည်း မိမိတစ်ဦးတည်းရင်းနှီးမြှုပ်နှံနိုင်မှု မရှိပါကလည်း တိုင်းရင်းသားများ စုပေါင်း၍ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖြည့်စွက်လုပ်ငန်းနှစ်ခုအနက် Investment Forum ကျင်းပမည့်ကိစ္စနှင့် စပ်လျဉ်း၍ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူးက Kayah State Investment Forum အား ယခင်က မတ်လတွင် ဆောင်ရွက်ရန်လျာထားခဲ့သော်လည်း မေလတွင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည့် အသေးစိတ် အခြေအနေများအားလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ Kayah State Investment Forum ဆောင်ရွက်ရာတွင် အချည်းအနှီး မဖြစ်စေဘဲ အဆိုပါ ဆွေးနွေးပွဲတွင် ဟိုတယ်/ခရီးကဏ္ဍ၊ စိုက်/မွေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍစသည့် ဆောင်ရွက်နိုင်မည့် အခြေအနေများအား ကြိုတင်ပြင်ဆင်ထားရန်၊ ကယားပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သော ပြောင်း၊ ဆန်၊ နှမ်းတို့နှင့် ပတ်သက်ပြီး Value Added အဖြစ်ဆောင်ရွက်နိုင်ရေးများအား ရင်းနှီးမြှုပ်နှံမှု ကော်မတီ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အတွင်း သတ္တုသန့်စင်သည်အထိ ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြေနေရာအတွက် အသေးစိတ် အခြေအနေများအား ကြိုတင်ပြုစုပြီး ချပြနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်း အလုပ်ရုံဆွေးနွေး

**ပန်းတောင်း မတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာစီမံကိန်း နှစ်ပတ်လည်ဆွေးနွေးပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မတ် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ် ကျေးလက်ဦးစီးမှူး ဦးငွေဇော်က ကျေးလက်ဦးစီးဌာန၏ မူဝါဒများနှင့် စီမံကိန်းအကြောင်းအရာများအားရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်း ကျေးရွာများထဲမှ ရွှေဘုံသာကျေးရွာနှင့် ၂၀၁၇ - ၂၀၁၈ ခုနှစ်အတွက် သီးကုန်းကျေးရွာတို့အား မြစိမ်းရောင်ကျေးရွာ စံပြဆုကို ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူးဦးငွေဇော်တို့ကပေးအပ်ခဲ့သည်။

ပန်းတောင်းမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းစတင်ဆောင်ရွက်သည့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေ စုစုပေါင်း ၁၈၂ ဒသမ ၇၈ သန်း ရရှိခဲ့ပြီး၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြို့နယ်အတွင်း မြစိမ်းရောင် စီမံကိန်းကျေးရွာ ၂၃ ရွာအတွက် ယူနစ် ၂၀ စုစုပေါင်း ချေးငွေ ၆၈၃ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ် ကျေးလက် ဦးစီးမှူး ဦးငွေဇော်က ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်မြစိမ်းရောင် ကြီးကြပ်ရေးကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာမြစိမ်းရောင်စီမံကိန်း နယကများနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

**သူရအောင် (ပြည်)**

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေး

**မင်္ဂလာတောင်ညွန့်**

မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့၌ မတ် ၁၃ ရက် နံနက် ၉ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဝင်းနိုင်နှင့်တာဝန်ရှိသူများ၊ ရန်ကုန်ဘူတာကြီးမှ တာဝန်ရှိသူများ ပူးပေါင်း၍မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေးဟောပြောပြီးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**၁၁၈**

**သာကေတ**

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သာကေတအဝိုင်း၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သာကေတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်၊ သာကေတနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းစိုးနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး မှုခင်းပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**မြောက်ဥက္ကလာပ**

မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ရတနာသိင်္ဂီဈေးရှေ့၌ မတ် ၁၂ ရက် နံနက် ၉ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မြောက်ဥက္ကလာပ မြို့မရဲစခန်းမှူး ခေတ္တစခန်းမှူး ရဲအုပ်ဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် မတ် ၁၄ ရက်ကဖြေဆိုသော ဇီဝဗေဒဘာသာရပ်အား ကျောင်းသားကျောင်းသူများ အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ကြောင်းသိရသည်။

**သက်နိုင် (သန်လျင်)**

# ပန်းမန်ပြပွဲပြိုင်ပွဲနှင့်အတူအိမ်မွေးခွေးအလှပြပွဲ ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၄**

၂၀၁၈ ခုနှစ် (၁၇) ကြိမ်မြောက်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲပြိုင်ပွဲ အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဥတ္တမပန်းခြံရှိပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၌ကျင်းပသည်။

"ဒီပွဲတော်မှာ လာရောက်လေ့လာတဲ့ ပြည်သူတွေ ဗဟုသုတတွေတိုးတက်အောင်နည်းပညာတွေဖြန့်ဝေသွားမှာပါ။ ပန်းတွေကိုလည်း ကိုယ်နှစ်သက်ရာကို အလွယ်တကူဝယ်ယူနိုင်ပါတယ်၊ ဒီပွဲမှာထူးခြားတာလေးတစ်ခုရှိတယ်၊ ကျွန်တော်တို့ ကိုယ်တိုင်လည်းမမြင်ဖူးဘူး၊ ဝါးနဲ့မုခ်ဦးကို သဘာဝကျကျ ဆောင်ရွက်ထားတဲ့ဟာလေးရှိပါတယ်၊ နောက်ထပ်တစ်ခု ထူးခြားတာက ဘွန်ဆိုင်းဆိုရင် မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ဘွန်ဆိုင်းအဖွဲ့အကုန်လုံးလာမှာပါ၊ ပန်းမန်ပွဲနဲ့အတူ အိမ်မွေးခွေးအလှပြပွဲပြိုင်ပွဲကိုပါကျင်းပသွားမှာပါ"ဟု ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနဌာနမှူး ဦးကိုကိုလင်းကပြောသည်။

(၁၇)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားပန်းမန်ပြပွဲပြိုင်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီး ပုလဲမဟာမြိုင်ကျွန်း(ဆင်ဖြူတော်ရုပ်အနီး)တွင် ၂၀၁၈ မတ် ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြပွဲပြိုင်ပွဲများတွင် ပြခန်းပေါင်း ၁၆ ခန်းနှင့်ဆိုင်ခန်းပေါင်း ၃၆ ခန်းတို့ဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ပြိုင်ပွဲများအနေဖြင့် ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွဒန်ဒိုဗီယမ်ပြိုင်ပွဲ၊ ပြည်ပသစ်ခွကက်တလီယာပြိုင်ပွဲ၊ ပြည်ပသစ်ခွဗန်ဒါပြိုင်ပွဲ၊ သစ်ခွ Other ပြိုင်ပွဲရာသီပန်းပင်ပြိုင်ပွဲ၊ ဘွန်ဆိုင်းသက်ကြီးပုပြိုင်ပွဲ၊ အရွက်လှ Indoor/Outdoor ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုးနှင့် ပန်းအလှပြင်ဆင်ရေးပြိုင်ပွဲ၊ မြေယာရှုခင်းအလှပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား ၁၂ မျိုးကို ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

"(၁၆) ကြိမ်မြောက်ကို လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ကျင်းပခဲ့ပြီး နားထားတာ အခုပြန်ပြီးကျင်းပတာပါ၊ အများပြည်သူသွားရေးလာရေးလွယ်ကူတဲ့နေရာမှာကျင်းပတာပါ၊ အရင်က မင်းဓမ္မမှာကျင်းပတယ်၊ နောက်နှစ်တွေမှာ ဒီထက်ပိုပြီးခမ်းနားတဲ့ပွဲမျိုးလုပ်ဖို့ရည်ရွယ်ထားပါတယ်" ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်ကပြောသည်။

အဆိုပါ ပြိုင်ပွဲကို မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများတွင် ပြည်သူလူထုစိတ်ပါဝင်စားလာစေရန် တစ်ဦးတစ်ယောက်တစ်ဖွဲ့ချင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခြင်းမှ ရန်ကုန်မြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်နိုင်စေရန် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနိုင်စေရန် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားမှုဝေနိုင်စေရန် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်ခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုစီးပွားရေး၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။



စတုတ္ထအကြိမ်မြောက် အိမ်မွေးခွေးအလှပြိုင်ပွဲတွင် အကြီး၊ အလတ်၊ အငယ်အုပ်စုသုံးစုကိုပြိုင်ပွဲအမျိုးအစား ခြောက်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာလှမေဦးကပြောသည်။

**သတင်း-ဓာနည်မောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

# အခွန် သို့မဟုတ် ပြည်သူ့ရငွေနှင့် ပတ်သက်၍ အတွေးစ

စောနိုင်(အသုံးချဘောဂဗေဒ)

**ယမန်နေ့မှအဆက်**

အာသာလပ်ဖ်ဖာ၏ အခွန်နှုန်းလျှော့ချခြင်းဖြင့် အခွန်ရငွေပမာဏ မြင့်မားစေသည့်အယူအဆသည် ၁၉၇၀-၁၉၈၀ခုနှစ် ကာလများက အမေရိကန်တွင် လူကြိုက်များခဲ့သော အိုင်ဒီယာအယူအဆဖြစ်ပြီး သမ္မတရော်နယ်ရေဂင်ကိုယ်တိုင် ကျင့်သုံးခဲ့ဖူးသည်။ ထိုအချိန်က အမေရိကန်နိုင်ငံကြုံတွေ့နေရသည့်နိုင်ငံ စီးပွားရေးအကျပ်အတည်းမှလည်း ကျော်လွှားနိုင်ခဲ့သည်ဟုဆိုခဲ့ကြသည်။ သို့သော် သမ္မတရေဂင် လက်ထက်အလွန်တွင် အမေရိကန်နိုင်ငံ၏ အမျိုးသားကြွေးမြီဝန်ထုပ်ဝန်ပိုးကြီးမားသွားခဲ့သည်ဟု သုံးသပ်ချက်များလည်း ရှိခဲ့သည်။ ထို့အတူလပ်ဖ်ဖာ၏အိုင်ဒီယာအယူအဆပေါ်တွင် အချေအတင် ပြောဆိုဆွေးနွေးမှုများ ဖြစ်ပေါ်ခဲ့ပြီး ထိုအယူအဆမှန်ကန်ကြောင်းကို ယတိပြတ်ပြောရန် ခက်ခဲသော အခြေအနေများလည်းရှိခဲ့သည်။ သုတေသီအချို့၏ လေ့လာတွေ့ရှိချက်များအရ အခွန်နှုန်း လျှော့ချတိုင်း အခွန်ပမာဏ တိုးမြင့်ရရှိမည် အယူအဆမှာ ရှုထောင့်ပေါင်းစုံကိုထည့်သွင်းမစဉ်းစားထားပါက အမြဲတမ်းမှန်ကန်ရန်မှာမဖြစ်နိုင်ဟု ကောက်ချက်ချနိုင်သည်။

**အခွန်ယဉ်ကျေးမှုနှင့်ရင်းနှီးကျွမ်းဝင်**

တိုက်ဆိုင်စွာပင် အမေရိကန်နိုင်ငံ လက်ရှိသမ္မတဒေါ်နယ်ထရန့်သည်လည်း အမေရိကန်စီးပွားရေးအဆောက်အအုံအတွင်း အခွန်နှုန်းများ လျှော့ချရန်စီစဉ်ခဲ့ပြီးဖြစ်သည်။ ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများရှိပြီး အခွန်ယဉ်ကျေးမှုနှင့်ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့် အမေရိကန်နိုင်ငံတွင်း၌ စီးပွားရေးကျဆင်းမှု၊ ကုန်ထုတ်လုပ်မှုများအားနည်းမှုနှင့် ဆင်းရဲချမ်းသာ ဝင်ငွေကွာဟမှု ပိုမိုကြီးမားလာခြင်းတို့ဖြစ်ပေါ်နေချိန်၌ ထရန့်၏ အခွန်နှုန်းလျှော့ချမှုအခြေအနေပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ထရန့်၏ အစီအစဉ်အပေါ်ဝေဖန်သုံးသပ်မှုများလည်းများစွာရှိနေသည်။အမေရိကန်အစိုးရ၏ အခွန်ပြုပြင်ပြောင်းလဲမှုသည် နိုင်ငံတကာစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို အကျိုးသက်ရောက်မှုရှိခြင်း၊ မရှိခြင်းထက် အမေရိကန်ပြည်တွင်း၌မူ သိသာသော သက်ရောက်မှုများရှိနိုင်သည်ကို သတင်းများတွင် ဖတ်ရှုနေရပြီဖြစ်သည်။ အခွန်လျှော့ချပေးခြင်း၏ ၈၀ ရာခိုင်နှုန်းသည် တစ်ရာခိုင်နှုန်းသော အမေရိကန်များကိုသာ အကျိုးရှိစေမည်၊ လူချမ်းသာများအကျိုးစီးပွားကိုသာ ဦးစားပေးထားသည်။ "အမေရိကန်လူဦးရေ၏ ခြောက်ပုံတစ်ပုံသည် စိတ်ပျက်ဖွယ်အခြေအနေနှင့် နေထိုင်ရပ်တည်နေရသည်၊ လူတန်းစား မညီမျှမှုများ ကြီးထွားနေသည်"ဟူသော မိုက်ခရိုဆော့ဖ်ပူးတွဲတည်ထောင်သူ ဘီလ်ဂိတ်၏ဝေဖန်သုံးသပ်မှုအပါအဝင် ပညာရှင်၊ သုတေသီအချို့၏ရှုမြင်ချက်များအရလပ်ဖ်ဖာ၏အယူအဆကို အခြေခံထားသည့် အမေရိကန် သမ္မတထရန့်၏ အခွန်လျှော့ချမှုအစီအစဉ်မှရလဒ်ကောင်းပေါ်ထွက်လာရေးမှာ ရေရာမှုမရှိသေးပေ။

**အခွန်လွတ်ငြိမ်းချမ်းသာခွင့်**

Tax Amnesty ဟုခေါ်သည့် အခွန်လွတ်ငြိမ်းချမ်းသာခွင့်ဆိုသည်မှာ ယခင်ကာလများက အခွန်ထမ်းဆောင်မှု လုံးဝပျက်ကွက်ခဲ့သူများ၊ ထမ်းဆောင်ရမည့် အခွန်ပမာဏကိုလျှော့၍ ပေးဆောင်ခဲ့သူများကို သင့်မည့် ပြစ်ဒဏ်များကို ရှောင်လွှဲစေပြီး ကာလတိုအချိန်ကာလတစ်ခုအတွင်း အထူးအခွန်နှုန်းထားသတ်မှတ်၍ အခွန်ပြန်လည်ပေးဆောင်စေခြင်းဖြစ်သည်။ ရည်ရွယ်ချက်အားဖြင့် အခွန်ရှောင်ခဲ့သူများ၊ ပမာဏလျှော့ချပေးဆောင်ခဲ့သူများကို ပြန်လည်ပေးဆောင်နိုင်ရေး အားပေးရန်နှင့် အခွန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းကို လိုက်နာမှုအခြေအနေ မြင့်မားလာစေရန်ဖြစ်သည်။ အခွန်လွတ်ငြိမ်းချမ်းသာခွင့်နည်းလမ်းကို အစိုးရ၏ဘဏ္ဍာရေးပေါ်လစီအစိတ်အပိုင်းတစ်ရပ်အဖြစ် လည်းကောင်း၊ အစိုးရ၏ရငွေမြင့်မားစေခြင်း၊ အခွန်စည်းမျဉ်းစည်းကမ်းများလိုက်နာမှုအခြေအနေ တိုးတက်မှုရှိစေခြင်းဟူသည့် ယုံကြည်ချက်ကြောင့်လည်းကောင်း နိုင်ငံအချို့၏ အကောင်အထည်ဖော်ခဲ့မှုများ ရှိခဲ့သည်ကို တွေ့ရသော်လည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးရှုထောင့်မှနေ၍ ငြင်းခုံဆွေးနွေးစရာများ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်။

**အကျင့်စရိုက်နှင့် ကျင့်ဝတ်များ ပျက်စီး**

ထိုအစီအစဉ်မျိုးကို အကောင်အထည်ဖော်ခဲ့သည့် အာရှနိုင်ငံအချို့မှာ အောင်မြင်မှုများ မရရှိခဲ့ပေ။သို့သော် အတွေ့အကြုံများမှ ဆင်ခြင်စရာ၊ သင်ခန်းစာယူစရာများတွေ့ရသည်။ အချိန်ကာလရှည်ကြာသော အခွန်လွတ်ငြိမ်းချမ်းသာခွင့် ( A long- term tax amnesty progrmme) သည် အခွန်ထမ်းပြည်သူများ၏ အစိုးရအပေါ်လေးစားမှုကို ထိခိုက်ပျက်စီးစေသည်၊ မကြာခဏလုပ်ဆောင်သည့် အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ် (Too frequent tax amnesty programme) သည်လည်း နိုင်ငံ့စီးပွားရေးကို ထိခိုက်မှုဖြစ်စေပြီး နိုင်ငံသားတို့၏အခွန်ထမ်းဆောင်မှု အကျင့်စရိုက်နှင့် ကျင့်ဝတ်များကို ယိုယွင်းပျက်စီးစေသည်၊ အထူးသဖြင့်အခွန်စည်းမျဉ်းစည်းကမ်းများလိုက်နာ၍ အခွန်အကောက်များကို ပုံမှန်ပေးဆောင်နေသည့် အခွန်ထမ်းပြည်သူများ၏ စိတ်ဓာတ်ကို ပျက်ပြားစေကာ တည်ရှိနေသော အခွန်စနစ်ကိုပါ ယိုယွင်းလာစေတတ်သည်၊ အခွန် လွတ်ငြိမ်းချမ်းသာခွင့်ကို မကြာခဏ ကျင့်သုံးရန်လိုအပ်လာပါက အခွန်ရှောင်သူများအတွက် အတတ်နိုင်ဆုံး ဖန်တီးပေးထားသည့်မက်လုံးများနှင့်အတူ နှုန်းတိုးခွန်နှုန်းထား (progressive rate of tax) သတ်မှတ်ကျင့်သုံးရန် လိုအပ်သည်ဟူသော သင်ခန်းစာများရယူနိုင်ပေသည်။

**အင်ဒိုနီးရှား အခွန်လွတ်ငြိမ်းချမ်းသာခွင့်**

အင်ဒိုနီးရှားနိုင်ငံသည် အခွန်လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်ကို ၁၉၆၄ခုနှစ်၊ ၁၉၈၄ ခုနှစ်နှင့် ၂၀၀၈ခုနှစ်တို့တွင် ပြုလုပ်ခဲ့ပြီး အားနည်းသောဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ ယခုပြီးခဲ့သည့်အနီးဆုံးကာလ ၂၀၁၆ ခုနှစ်တွင်အခွန်လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေ (၂၀၁၆)အရ ထပ်မံ အကောင်အထည်ဖော်သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လမှ ၂၀၁၇ မတ်လအထိ အစီအစဉ်မှာ ကိုးလကြာမြင့်ပြီး ထိုကာလကို သုံးလစီ အပိုင်းသုံးပိုင်းသတ်မှတ်၍ အကောင်အထည်ဖော်ခဲ့သည်။ ရည်ရွယ်ချက်မှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အခွန်ရငွေတိုးမြင့်ရန်၊ အနာဂတ်ကာလများတွင် အခွန်ဥပဒေများ လိုက်နာမှု ပိုမိုမြင့်မားလာစေရန်၊ ငွေကြေးအရင်းအနှီးနိုင်ငံတွင်းသို့ ပြန်လည်ပို့ဆောင်စေနိုင်ရန်၊ အနာဂတ်ကာလများတွင် အခွန်စနစ်သစ်ကို ပြောင်းလဲကျင့်သုံးနိုင်စေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ထိုအစီအစဉ်နှင့် အတူ ပင်လယ်ရပ်ခြားရှိ နိုင်ငံသားများ၏ပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို အခွန်အာဏာပိုင်များ အလွယ်တကူသိရှိစေနိုင်သည့် Automatically Exchanging Tax Information အစီအစဉ်ကိုလည်း အခြားနိုင်ငံများနှင့် ဆောင်ရွက်ရန်စီမံထားပြီးဖြစ်သည်။

အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်ပထမ သုံးလတာတွင် နိုင်ငံရပ်ခြား၌ ပိုင်ဆိုင်မှုများရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ အများစုပါဝင်ခဲ့ပြီး ဒုတိယအဆင့်ကာလတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင် ၇၀ ရာခိုင်နှုန်းဆက်သွယ်လာသည့် အခြေအနေများရရှိခဲ့သည်။ အစီအစဉ်ကို အကောင်အထည်ဖော်သည့် ကာလအလွန်တွင် အိုအီးစီဒီ (OECD) အဖွဲ့ကြီးအပါအဝင် နိုင်ငံတကာက အင်ဒိုနီးရှား၏အခွန်လွတ်ငြိမ်းချမ်းသာခွင့် အစီအစဉ်သည် ပါဝင်သည့်အခွန်ထမ်းအရေအတွက် ( Number of taxpayer )အားဖြင့်လည်းကောင်း၊ ပိုင်ဆိုင်မှုကို ကြေညာသည့် အခြေအနေ ( Asset Declaration) အားဖြင့် လည်းကောင်း အောင်မြင်မှုရခဲ့သည်ဟုသုံးသပ်ခဲ့သည်။

သို့သော် ယခင်ကာလအခွန်ရှောင်ခဲ့သူများ၊ ဘဏ္ဍာရေးပြစ်မှု ကျူးလွန်ခဲ့သူများကို မမျှတသောချီးမြှောက်မှုများပြုလုပ်သည်၊ ဥပဒေကို လိုက်နာလျက် အခွန်ပေးဆောင်သည့် ပြည်သူများအပေါ် မညီမမျှဆက်ဆံခဲ့သည်ဟူသော ဝေဖန်မှုများ ရှိနေခဲ့သည်။ လူဦးရေသန်း ၂၆၀ ဝန်းကျင်ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံတွင် တရားဝင်မှတ်ပုံတင် အခွန်ထမ်းအရေအတွက်မှာ ၂၆ သန်းသာရှိသဖြင့် နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းမျှသာ အခွန်ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် နိုင်ငံသူနိုင်ငံသားများ အခွန်ဥပဒေ ပိုမိုလိုက်နာနိုင်ရေးနှင့် အခွန်ထမ်းဦးရေ ပိုမိုတိုးတက်လာစေရေးအတွက် အင်ဒိုနီးရှားလူ့အဖွဲ့အစည်းအတွင်း အခွန်အသိပညာရေးပေး အစီအစဉ်များစွာ လုပ်ဆောင်ရန် လိုသေးသည်ဟု သုံးသပ်ကြသည်။ ကျင့်ဝတ်၊ ဘာသာရေးဆိုင်ရာ နည်းလမ်းများ အသုံးပြု၍ အခွန်အကောက်များပေးဆောင်လာစေရန်လည်း အားထုတ်ရန် နည်းလမ်းရှာလျက်ရှိသည်။

**ပွဲမဝင်ခင် ကြိုတင်ပြင်**

အာသာလပ်ဖာ၏အယူအဆ သို့မဟုတ်၊ အခွန်လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်၊ မည်သည့် နည်းလမ်းကို အကောင်အထည်ဖော်သည်ဖြစ်စေ အခွန်နှုန်းလျှော့ချခြင်းဖြင့် အခွန်ပေးချင်စိတ်ပိုမို ဖြစ်လာစေရန် အားထုတ်ခြင်းဟု ယေဘုယျဆိုနိုင်သည်။ မည်သည့်နည်းကို ကျင့်သုံးသည်ဖြစ်စေ အစိုးရ၏ဆင်ခြင်တုံတရားအားကောင်းမှုနှင့် နိုင်ငံသူ နိုင်ငံသားတို့၏ ကိုယ်ကျင့်တရား၊ ကျင့်ဝတ်နှင့် စာရိတ္တကောင်းမွန်မှုတို့ ရှိရေးမှာ အစီအစဉ်အောင်မြင်ရေးအတွက် အဓိကဖြစ်သည်။ အစိုးရအနေဖြင့် အစီအစဉ်ကို အကောင်အထည်မဖော်ခင် နိုင်ငံသားများ၏ အခွန်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု ပကတိအခြေအနေ၊ ပိုမိုလိုက်နာနိုင်မည့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုအခြေအနေ၊ ဆွဲဆောင်နိုင်စွမ်းရှိမည့် မက်လုံး၊ ဦးတည်ထားသည့် အခွန်ထမ်းအုပ်စုကိုလွှမ်းခြုံနိုင်စွမ်းအခြေအနေ၊ အကောင်အထည်ဖော်မည့် အချိန်ကာလစီမံခန့်ခွဲမှုတို့နှင့် မမျှော်မှန်းနိုင်သော သက်ရောက်မှုများကို ကြိုတင်လေ့လာ၍ စီမံလုပ်ဆောင်ထားရန်လိုသည်။

**တစ်နွယ်ငင် တစ်စင်ပါ**

ရည်ရွယ်ချက်ကိုလည်း အထူးသတိပြုရမည်။ အခွန်နှုန်း လျှော့ချခြင်းသည် အခွန်ပမာဏ ပိုမိုရရှိစေရေးလော၊ တရားမဝင်အခွန်ရှောင်နေသူများထံမှ နိုင်ငံတော်မှ အခွန်ငွေရရှိလာပြီး တရားဝင်ငွေများအဖြစ် စီးပွားရေးအဆောက်အအုံထဲ၌ လည်ပတ်စီးဆင်းစေချင်သောကြောင့်လော မည်သည့်ရည်ရွယ်ချက်ကြောင့်ပင်ဖြစ်စေ ယခုနည်းလမ်းများသည် စီးပွားရေးအဆောက်အအုံထဲ ငွေကြေးပမာဏများ ပိုမိုစီးဝင်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ဘဏ္ဍာရေး၊ စီးပွားရေးအခြေအနေများနှင့် တစ်နွယ်ငင် တစ်စင်ပါ အခြားအခြေအနေများကိုပါထည့်သွင်းစဉ်းစားပြင်ဆင်ထားရန်လိုပါသည်။ တည်ဆဲဥပဒေဖြစ်သော ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် မကာကွယ်နိုင်သေးသည့် ဥပဒေမဲ့အမျိုးမျိုးသောနည်းလမ်းဖြင့်ရရှိထားသော ငွေမည်းများလည်းစီးပွားရေးအဆောက်အအုံထဲသို့ အခွန်နှုန်း ဒစ်ကောင့်ချပေးချိန်တွင် ဝင်ရောက်လာနိုင်ပေသည်။

ယခုရင်ဆိုင်နေရသော မြန်မာ့စီးပွားရေးလေးလံနှေးကွေးမှုသည် အခွန်ဝန်ထုပ်ပိနေခြင်းဟူသည့် အကြောင်းရင်းတစ်ခုတည်းကြောင့်မဟုတ်၊ နိုင်ငံရပ်ခြားမှ သွင်းကုန်ပစ္စည်းမျိုးစုံ၏ ပြည်တွင်း ဈေးကွက် အများစုကို အရှိန်ကောင်းကောင်းဖြင့် ထိုးဖောက်လျက်ရှိနေခြင်းနှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကြောင့်လည်းဖြစ်သည်ကို သတိပြုသင့်သည်။ ထို့ကြောင့် ယခုအချိန်တွင် အခွန်ပြန်လည်ပေး ဆောင်ပြီးသည့် ငွေကြေးအရင်းအနှီးများ ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများဆီသို့ အမှန်တကယ် စီးဝင်လာစေရေးအတွက်လည်း ယန္တရားတစ်ရပ်ပြင်ဆင်ထားရန်လိုအပ်မည်ဖြစ်ပေသည်။

| | (in IDR trillion) | (in IDR trillion) | |
|---|---|---|---|
| Redemption Payments | 165.0 | 114.0 | 69.1% |
| Declaration of Funds | 4,000.0 | 4,865.7 | 121.6% |
| Repatriation of Funds | 1,000.0 | 147.0 | 14.7% |

Source: www.pajak.go.id/statistik-amnesti

**တရားဥပဒေ၊ တရားမျှတမှု**

ပြီးခဲ့သည့် မတ်လ ၇ ရက်နေ့က နေပြည်တော် MICC-II တွင် ပြုလုပ်ခဲ့သည့် တရားဥပဒေ စိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့်စကားများထဲမှ မှတ်သားစရာအချို့မှာ ကိုးကားရန်အကြောင်းဖန်လာသည်။ "ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့နေရာမှာ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရှိရေးဟာ အရေးကြီးဆုံးဖြစ်နေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်" ဟူသောမှာကြားချက် ဖြစ်သည်။ တရားသောဥပဒေစိုးမိုးနေပါက တရားမျှတပြီးသားဖြစ်သည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရှိရေးတို့အတွက် တရားဥပဒေစိုးမိုးမှုသည်အခြေခံဇာစ်မြစ်ဖြစ်ပေသည်။ သို့သော် အဂတိတရားလိုက်စားမှုရှိလာသည့်အခါ တရားဥပဒေစိုးမိုးမှုသည်လည်း တည်တံ့ခြင်းမရှိတော့ပေ။ ယခုပြည်သူများ စိတ်ဝင်စားနေသည့် အခွန်ဥပဒေကိစ္စတွင်လည်း တရားဥပဒေစိုးမိုးရေးသည် အဓိကအရေးပါသည့် အခြေခံအကြောင်းတရားဖြစ်ပေသည်။ တရားဥပဒေစိုးမိုးရေးအတွက် ကျင့်သုံးရမည့် ဥပဒေသည် တရားသော၊ မျှတသော ကိရိယာတစ်ခုအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရပေမည်။

**သတိပြုဆင်ခြင်**

တရားဥပဒေစိုးမိုးရေးဆိုသည့် ကိစ္စသည် ရဲစခန်းများ၊ တရားရုံးများ၊ ဥပဒေအရာရှိများနှင့် ပတ်သက်သည်များကိုသာ ဆိုလိုသည်မဟုတ်။ အစိုးရဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ကျင့်သုံးရမည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာကျင့်သုံးခြင်းသည်လည်းပါဝင်သည်။ ရာဇဝတ်မှုနှင့် သက်ဆိုင်သည့်ဥပဒေများ စိုးမိုးမှုမရှိသည့်အခါ ပြည်သူလူထုသည် အသက်အိုးအိမ်စည်းစိမ်တို့အတွက် စိုးရိမ်သောကမှုရှိလာကြသကဲ့သို့ အစိုးရဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ၎င်းတို့ကျင့်သုံးရမည့် ဥပဒေပြဋ္ဌာန်းချက်များကို တိတိကျကျမှန်မှန်ကန်ကန် လိုက်နာကျင့်သုံးမှု မရှိခဲ့လျှင်လည်း နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများ၏လူမှုရေး၊ ငွေရေးကြေးရေး၊ စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်မှုအပေါ် စိုးရိမ်စိတ် ဖြစ်ပေါ်လာတတ်ကြသည်ကို သတိပြုဆင်ခြင်ကြရမည်။

နိဂုံးချုပ်ဆိုရပါလျှင် အခွန်သည် အစိုးရက ပြည်သူလူထုအတွက် ကျခံသုံးစွဲရန် ပြည်သူတို့ထံမှ ဥပဒေအရကောက်ခံရသည့် ငွေဖြစ်သည်။ တစ်နည်းဆိုသော်ပြည်သူ့ရငွေပင်ဖြစ်ပေသည်။ ပြည်သူ့ရငွေ တိုးမြှင့်ရရှိရေးအတွက် အရေးပါသည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် ကျင့်သုံးနိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်နှင့်အတူ အများပြည်သူတို့ပါ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရမည်။ ပုဒ်မ ၂၅ ကို စိတ်ဝင်စားသော ပြည်သူတစ်ယောက်ဖြစ်သည့် စာရေးသူသည်လည်း အဆိုပါပုဒ်မနှင့် ဆက်စပ်မှုရှိသည့် လေ့လာသိရှိထားသမျှ ဗဟုသုတ တစ်ပိုင်းတစ်စကို အကြံပြုမျှဝေပေးခြင်းသာဖြစ်ပါသတည်း။ ။



## စစ်သင်တန်းကျောင်းမှာ တာဝန်ထမ်းဆောင်တော့မယ့် လီမင်ဟို

လက်ရှိမှာ စစ်မှုထမ်းဆောင်နေတဲ့ တောင်ကိုရီးယားနာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ လီမင်ဟိုဟာ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ဆောင်နေရာကနေ ယခုသီတင်းပတ်အတွင်းမှာတော့ ကြည်းတပ်လေ့ကျင့်ရေးသင်တန်းကျောင်းကို ပြောင်းရွှေ့ကာ စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်သွားမှာဖြစ်ကြောင်း ဒရမ်မာဖီဘာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Boys Over Flowers"ရဲ့ ဇာတ်ဆောင်မင်းသား လီမင်ဟိုဟာ ပြီးခဲ့တဲ့ မေလကစတင်ပြီး ဆိုးလ်မှာရှိတဲ့ ဂန်းနန်းခရိုင်ရုံးမှာ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေရာမှ လာမယ့် မတ် ၁၅ ရက်မှာတော့ နွန်းဆန်းကြည်းတပ်လေ့ကျင့်ရေးသင်တန်းကျောင်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တော့မှာဖြစ်ကြောင်း သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမ်ဝိုင်အမ်အန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လီမင်ဟိုဟာ စစ်ရေးလေ့ကျင့်မှုတွေကို လနဲ့ချီကာ လေ့ကျင့်သင်ကြားပြီးတဲ့နောက် လာမယ့် မေလအတွင်းမှာတော့ စစ်မှုထမ်းရက်တွေ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် "Bounty Hunters"၊ " Gangnam Blues"၊ "Personal Taste"၊ "City Hunter"၊ "Heirs" စတဲ့ ရုပ်ရှင်တွေလို ကောင်းမွန်တဲ့ လီမင်ဟိုရဲ့ ရုပ်ရှင်သစ်တွေကိုတော့ ဒီနှစ်အတွင်းမှာ မျှော်လင့်နိုင်တော့မှာ ဖြစ်ပါတယ်။

အေး ပြည့် ရေး သား သည်

## ရုပ်သံဇာတ်လမ်းတွဲမှာ နီကိုးကစ်ဒ်မန်း သရုပ်ဆောင်မည်



"Big Little Lies" ရုပ်သံဇာတ်လမ်းတွဲရဲ့ အောင်မြင်မှုပြီးနောက် မင်းသမီး နီကိုးကစ်ဒ်မန်းဟာ အခြားသောရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ HBO ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ ဟောလိဝုဒ်ရဲ့ နာမည်ကျော် ကြယ်ပွင့်တစ်ဦးဖြစ်သူ နီကိုးကစ်ဒ်မန်း ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ HBO ကနေ ထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲသစ် "The Undoing"မှာ နီကိုးကစ်ဒ်မန်း ပါဝင်သွားဖို့ရာ စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ အသက် ၅၀ အရွယ်ရှိပြီဖြစ်တဲ့ ဩစတြေးလျမင်းသမီး နီကိုးကစ်ဒ်မန်း အနေနဲ့ ယင်းဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်းကိုတော့ အဆိုပါရုပ်သံလိုင်းက မီဒီယာကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

"The Undoing"မှာ နီကိုးကစ်ဒ်မန်း ပါဝင်သွားမယ့်ဇာတ်ကောင်အမည်ကတော့ ဂရေ့စ်ဆက်ချ်ဖြစ်ပြီး သူဟာ ကုထုံးပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဂရေ့စ်ဟာ သူ့ရဲ့ ပထမဆုံးစာအုပ်ကို ထုတ်ဝေခဲ့ပြီး သီတင်းပတ်တွေအတွင်းမှာ သူ့ရဲ့ခင်ပွန်းဖြစ်သူ ထူးဆန်းစွာပျောက်ဆုံးခဲ့ပြီး စက်ဆုပ်ဖွယ်ကောင်းတဲ့ သေခြင်းတရားစတဲ့ ဝမ်းနည်းစရာအကြောင်းအရာတွေနဲ့ ကြုံတွေ့ခဲ့ရပုံတွေကို ဇာတ်လမ်းဆင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

နီကိုးကစ်ဒ်မန်းရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Big Little Lies"ရဲ့ နောက်ဆက်တွဲ ဇာတ်လမ်းတွေကိုတော့ လာမယ့် ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်သွားဖို့ရာလည်း စီစဉ်ထားပြီးဖြစ်ပါတယ်။ ပထမဆုံးထုတ်လွှင့်ခဲ့တဲ့ "Big Little Lies" ရုပ်သံဇာတ်လမ်းတွဲနဲ့ နီကိုးကစ်ဒ်မန်းဟာ ပြီးခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာ အကောင်းဆုံးအမျိုးသမီးဖျော်ဖြေတင်ဆက်မှုဆုကို ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းမှာလည်း နီကိုးကစ်ဒ်မန်းဟာ ယင်းရုပ်သံဇာတ်လမ်းတွဲနှင့်ပင် အမ်မီဆုကိုလည်း ဆွတ်ခူးထားနိုင်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## ရုပ်ရှင်သစ်မှာ အနုပညာကြေးမယူဘဲ လီဂျွန်ဆပ် ပါဝင်သွားမည်

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဆပ်ဟာ ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ အဓိကဇာတ်လိုက်အဖြစ် ပါဝင်သွားမှာဖြစ်ပေမယ့် ယင်းရုပ်ရှင်သစ်မှရရှိမယ့် သူ့ရဲ့ အနုပညာကြေးကိုတော့ ရယူသွားမှာမဟုတ်ကြောင်း မင်းသားရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် အထူးရုပ်ရှင်တစ်ကားဖြစ်တဲ့ "Death Song"မှာ လီဂျွန်ဆပ် ပါဝင်သွားမှာ ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ဟာ အပိုင်းနှစ်ပိုင်းသာ ပါဝင်တဲ့ ဇာတ်လမ်းတွဲဖြစ်ပြီး ယင်းဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လုပ်သူနဲ့ ပုဂ္ဂိုလ်ရေးခင်မင်မှုတွေကြောင့် လီဂျွန်ဆပ်အနေနဲ့ အနုပညာကြေးမယူဘဲ ရိုက်ကူးပေးခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

"Death Song" ဟာ ဂျိုဆွန်းခေတ်က ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ယွန်းရှင်ဒတ်နဲ့ သူ့ရဲ့ချစ်သူ တေးရေးဆရာ ကမ်ဝူဂျင်းတို့ရဲ့ အချစ်ဇာတ်လမ်းကို ပုံဖော်ထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပြီး ဇာတ်လမ်းတွဲနဲ့ နာမည်အတူတူပင်ဖြစ်တဲ့ ထုတ်လွှင့်ပြီးရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမှာလည်းဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲသစ်မှာ လီဂျွန်ဆပ်က နာမည်ကျော် တေးရေးဆရာ ကမ်ဝူဂျင်းအဖြစ် ပါဝင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။



## လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်တဲ့ ဂျီဂျီဟာဒစ်နဲ့ ဇေမာလိခ်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ စုံတွဲတစ်တွဲဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် ဇေမာလိခ်နဲ့ ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ် ဂျီဂျီဟာဒစ်တို့ဟာ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း နှစ်ဦးစလုံးက တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ နှစ်နှစ်ကြာ တွဲသွားတွဲလာအတူရှိခဲ့ပြီးနောက်မှာတော့ သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ရုတ်တရက်ကြေညာလိုက်တာလည်း ဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၃ ရက်မှာတော့ ဂျီဂျီဟာဒစ်က သူ့ရဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ဇေမာလိခ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ အလားတူ ဇေမာလိခ်ဘက်ကလည်း တရားဝင်ထုတ်ဖော်ခဲ့ပြီး ဂျီဂျီဟာဒစ်နဲ့ သူ့ရဲ့မိခင်ဖြစ်သူ ရိုလန်းဒါးဟာဒစ်တို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေကို အန်ဖောလိုးလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။

လမ်းခွဲကြောင်း ထုတ်ဖော်ပြောကြားခဲ့ရာမှာ နှစ်ဦးစလုံးက တစ်ဦးကိုတစ်ဦး ကျေးဇူးတင်ကြောင်း၊ ရရှိခဲ့တဲ့ အချစ်တွေအတွက် ပျော်ရွှင်ခဲ့ရကြောင်း၊ လေးစားကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျီဂျီဟာဒစ်ကတော့ လမ်းခွဲခဲ့ပြီဖြစ်ပေမယ့် ပေ့ါပ်ကြယ်ပွင့်အပေါ် သူငယ်ချင်းလို ဆက်လက်ခင်မင်ကာ ကူညီမှုတွေ ပေးသွားမှာဖြစ်ကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။ ဇေမာလိခ်ကတော့ ဒီလို ဂျီဂျီနဲ့ လမ်းခွဲဖို့ဆုံးဖြတ်ခဲ့တာဟာ သူ့အတွက် အလွန်ခက်ခဲတဲ့ ဆုံးဖြတ်ချက်ဖြစ်ကြောင်းနဲ့ ဒီဆုံးဖြတ်ချက်အပေါ် ပရိသတ်တွေအနေနဲ့ နားလည်ပေးတာကို ကျေးဇူးတင်ကြောင်းလည်း ထည့်သွင်းရေးသားထားတာ တွေ့ရပါတယ်။ ဒ့ါအပြင် ဇေက သူတို့ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး ပရိသတ်တွေအနေနဲ့ အခြားသူတွေကတစ်ဆင့်ကြားခဲ့ရတာထက် ကာယကံရှင်တွေဆီကနေ ကြားရတာ ပိုမိုသင့်လျော်တယ်လို့ ယူဆတာကြောင့် တရားဝင်ထုတ်ဖော်အသိပေးခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။



# မြန်မာကင်းထောက်လူငယ်များနှင့် ဂျပန်၊ ဟောင်ကောင် လူငယ်များ စုပေါင်း၍ နေအိမ်များ ဆောက်လုပ်လှူဒါန်း

**ရန်ကုန် မတ် ၁၄**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် Habatit for Humanity Myanmarအဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ရှားမှုအဖြစ် ကျန်းမာရေးနှင့် ညီညွတ်သည့် ဝါးနေအိမ်များကို ကျေးလက်နေပြည်သူများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေးအတွက် တက္ကသိုလ် ကင်းထောက်များ၊ ဒေသခံ ကင်းထောက်လူငယ်များ၊ ဂျပန်နိုင်ငံနှင့် ဟောင်ကောင်မှ လူငယ်များ စုပေါင်း၍ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ ကံကုန်းကျေးရွာတွင် ဝါးဖြင့် လူနေအိမ်များ ဆောက်လုပ်လှူဒါန်းခြင်း လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ယင်းအစီအစဉ်အရ မတ် ၁၁ ရက်မှ စတင်ပြီး မြန်မာနိုင်ငံမှ တက္ကသိုလ် ကင်းထောက်များ၊ ပဲခူးတိုင်းဒေသကြီးရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ဒေသခံ ကင်းထောက် ၂၀ နှင့် ဂျပန်နိုင်ငံနှင့် ဟောင်ကောင်မှ လူငယ်အမျိုးသား အမျိုးသမီး ၇၀ တို့သည် ကျေးလက်ဒေသခံပြည်သူများ ကျန်းမာစွာ စနစ်တကျ နေထိုင်နိုင်ရန်အတွက် ပေ ၂၀ ပတ်လည်ရှိ ဝါးနေအိမ်များ၊ ယင်းလုံအိမ်သာများ ဆောက်လုပ်လှူဒါန်းခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသခံ ပြည်သူများ ပံ့ပိုးကူညီမှုဖြင့် မတ် ၂၃ ရက်အထိ ဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကင်းထောက်လူငယ်များနှင့် ဂျပန်နိုင်ငံ၊ ဟောင်ကောင်တို့မှ လူငယ်များသည် ယင်းဒေသတွင် စခန်းချနေထိုင်ကာ ဝါးနေအိမ်များ၊ ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်းအပြင် ဒေသခံကျေးလက်နေ ပြည်သူများနှင့် ကလေးငယ်များအား သူတစ်ပါးကို ကူညီအကျိုးပြုသည့် လူမှုလုပ်ငန်းများ၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကင်းထောက်လုပ်ငန်းများ ရှင်းလင်းပြောကြားခြင်း၊ ဒေသခံ မိသားစုနေအိမ်များသို့ သွားရောက်ပြီး မိသားစုများနှင့် တွေ့ဆုံကာ တစ်ကိုယ်ရေ ကျန်းမာ ညီညွတ်စွာ နေထိုင်နိုင်ရေး နှင့် စုပေါင်းသီဆို ကစားသည့် ကစားပွဲများ၊ တေးသီချင်းများကို သီဆိုလေ့ကျင့်ပေးကြသည်။

မြန်မာ့ကင်းထောက် အဖွဲ့ချုပ်နှင့် Habatit for Humanity Myanmar တို့သည် မြန်မာနိုင်ငံတွင် လူငယ်လှုပ်ရှားမှုများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နားလည်မှု စာချွန်လွှာကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလအတွင်းက လက်မှတ်ရေးထိုးပြီး ယခု ပထမအကြိမ် ရှေ့ပြေးအဖြစ် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကံကုန်းကျေးရွာတွင် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်သည့် ဝါးနေအိမ်များ ဆောက်လုပ်ခြင်းလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်**





# တောင်ငူမြို့ ထီးလှိုင်တံတားတည်ဆောက်နေမှုနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၁၄**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းသည်မတ် ၁၄ ရက် နံနက် ၈ နာရီက တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာ ကော်မတီဝင်များနှင့်အတူ တောင်ငူမြို့ ကျုံးမြောက်ဘက်ရှိ ထီးလှိုင်တံတားတည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါထီးလှိုင်တံတားသည်ယခင်ကသစ်သားတံတားဖြစ်ပြီးနှစ်ကာလကြာမြင့်သဖြင့် ဟောင်းနွမ်းဆွေးမြည့်ပျက်စီးလာသောကြောင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၀၊ အများပြည်သူ ထည့်ဝင်လှူဒါန်းငွေကျပ် ၃၄၁ သိန်း စုစုပေါင်း ၆၄၁ သိန်းဖြင့် တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ ဘိုးပိုင်ဖောင်ဒေးရှင်းကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ခြင်းဖြစ်ပြီးတည်ဆောက်ပြီးစီးသွားပါကရန်ကုန်-နေပြည်တော် အမြန်လမ်းမိုင်တိုင် ၁၄၇ မှတောင်ငူမြို့တွင်းသို့အနီးဆုံးလမ်းအဖြစ်လာရောက်နိုင်မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့နယ် အထက-နတ်စင်ကုန်းစာစစ်ဌာနနှင့် ရေတာရှည်မြို့နယ် အထက-ရေတာရှည်၊ အထက(ခွဲ)ရွှေကြက်ယက်စာစစ်ဌာနတို့တွင်ကျောင်းသား ကျောင်းသူများတက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အထက-နတ်စင်ကုန်းစာစစ်ဌာနတွင်အဆောင် ခြောက်ဆောင်၊ စာဖြေခန်း ၃၄ ခန်း၊ စာဖြေသူ ၈၄၁ ဦး ရှိပြီးအထက-ရေတာရှည်စာစစ်ဌာနတွင်အဆောင် လေးဆောင်၊စာဖြေခန်း ၃၂ ခန်း၊ စာဖြေသူ ၈၈၈ ဦး၊ အထက (ခွဲ) ရွှေကြက်ယက်တွင်စာဖြေခန်း ၁၀ ခန်း ဖြေဆိုသူ ၂၈၈ ဦးရှိကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## ယုဇနဥယျာဉ်မြို့တော်တွင်လမ်းများ တိုးချဲ့ကွန်ကရစ်ခင်းခြင်းနှင့် ရေနုတ်မြောင်းများတို့ချဲ့တူးဖော်

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မတ် ၁၄**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်တွင် လမ်းပန်းဆက်သွယ် ကောင်းမွန်စေရေးအတွက် အေ၊ ဘီ၊ စီဘလောက် လမ်းအလိုက် လမ်းများကို အကျယ် ၂၂ ပေ ၊ ဒု ခြောက်လက်မ ထပ်ပိုးဆင့် ကွန်ကရစ်လမ်းခင်းခြင်း၊ မိုးတွင်းကာလတွင် မိုးကြီးများရွာသွန်းမှုကြောင့် လမ်းမပေါ်တွင် ရေတင်ကျန်ရစ်ခြင်းမှ ကင်းဝေးစေရန် ရေစီးရေလာ ကောင်းမွန်ရေးအတွက် လမ်းများ၏ ဘေးဝဲ၊ ယာ တစ်လျှောက် ရေနုတ်မြောင်းများကို အနက် သုံးပေ၊ အကျယ် နှစ်ပေ အုတ်စီကွန်ကရစ် တိုးချဲ့တူးဖော်ခင်းခြင်းကို ၂၀၁၇ ခုနှစ် ၂၀၁၈ ခုနှစ် နိုင်ငံတော် ဘတ်ဂျက်ရန်ပုံငွေခွင့်ပြုချက်ဖြင့် မတ် ၁၂ ရက်ကလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ယုဇနအိမ်ရာကော်မတီဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍ စီစဉ်ကြီးကြပ်မှုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၅၁၂**

## ကလေးမြို့ပြင်မယာဉ်ရပ်နားစခန်း ကားကြီးဝင်းအတွင်း အဝင်အထွက်ပတ်လမ်းကွန်ကရစ်ခင်းကျင်း

**ကလေး မတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်မယာဉ်ရပ်နားစခန်း ကားကြီးဝင်းအတွင်းရှိ လမ်းများမှာ မိုးတွင်းကာလတွင်လမ်းပျက်စီးမှုများ ဆိုးရွားလေ့ရှိသဖြင့် ဇန်နဝါရီလမှစတင်၍ ကျောက်ကြီးနှင့်သဲကြမ်းခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီးနောက် ကားကြီးဝင်းအဝင်အထွက်ပတ်လမ်းအား ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်းကို မတ်လ၁၀ ရက်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိကြောင်း ကလေးမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးကော်မတီထံမှသိရသည်။

ကလေးမြို့ ပင်မယာဉ်ရပ်နားစခန်းရှိ ကားကြီးဝင်း ကွန်ကရစ်ခင်းကျင်းခြင်းကို ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှငွေကျပ်သိန်း ၇၀၀ အကုန်အကျခံ၍ခင်းကျင်းခြင်းဖြစ်ပြီး လာမည့်နှစ်များတွင် ကားကြီးဝင်းတစ်ကွင်းလုံးခင်းကျင်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကလေးမြို့နယ်ပုဂ္ဂလိက မော်တော် ယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေး ကော်မတီဥက္ကဋ္ဌဦးစိုးဝင်းက ပြောကြား သည်။

" နှစ်စဉ်နှစ်တိုင်း မိုးတွင်းကာလရောက်ရင် ကားကြီးဝင်းအတွင်းမှာရှိတဲ့လမ်းတွေ အလွန်ဆိုးတယ်။ ကလေးဒေသကမိုးများတော့ မိုးတွင်းအမိုပွင့်လင်းရာသီမှာအခုလိုအဆင့်မြှင့်တင်ထားနိုင်မှ အဆင်ပြေမယ်"ဟု ကားကြီးဝင်းအတွင်း ရှိယာဉ်လိုင်းပိုင်ရှင်တစ်ဦးက သုံးသပ် ပြောဆိုသည်။

အဆိုပါကလေးမြို့ပြင်မယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို ၁၉၉၄ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှယာဉ်ကြီးယာဉ်ငယ်များအတွက် ကျယ်ဝန်းသည့် အဆင့်မြင့်ဂိတ်ခန်းအသစ်များ တည်ဆောက်ကာ ပိုမိုအဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့သော်လည်း ကားဝင်းအတွင်းရှိပတ်လမ်းများကိုမူ သဲကြမ်းများသာ ခင်းကျင်းနိုင်ခဲ့၍ ယခုမှသာကွန်ကရစ်များခင်းကျင်းနိုင်ခြင်းဖြစ်ကြောင်းကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ချင်းတွင်းသား**

## ဖားဆောင်းမြို့တွင်းလမ်း နိုင်လွန်ကတ္တရာခင်း

**ဖားဆောင်း မတ် ၁၄**
ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ်တွင် မြို့တွင်းလမ်းအဆင့်မြှင့်တင်ကောင်းမွန်စေရေးအတွက် လမ်းဦးစီးဌာနလမ်းအထူးအဖွဲ့(၁၃)မှ မြို့တွင်းလမ်းနိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖားဆောင်းမြို့တွင်းလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနလမ်းအထူးအဖွဲ့(၁၃)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၂၉၃ ဒသမ ၀၅သန်းဖြင့် တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်း မိုင်(၁၀၉/၇-၁၁၀/၅) ဖားဆောင်းမြို့တွင်း အရှည် ၆ ဖာလုံ၂၄ ပေအကျယ်၊ ဒု Leveling နှစ်လက်မ Overlayနှစ်လက်မဖြင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်မင်းညွန့် ဦးဆောင်၍ လမ်းလုပ်သား ၄၅ ဦးတို့နှင့် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နေသည့်အတွက် အဲဒီလမ်းအပိုင်းမှာပါဝင်တဲ့ ဖားဆောင်းမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရန်အတွက် နိုင်လွန်ကတ္တရာ ခင်းရခြင်းဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောကြားသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်တွင် သံကူကွန်ကရစ် တံတားတစ်စင်း အသစ်တည်ဆောက်

**ပွင့်ဖြူ မတ် ၁၄**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်း - ကျောင်းတော်ရာသွား ကတ္တရာလမ်းပေါ်ရှိ ရေကျော်ချောင်း တံတားအမှတ်(၂/၁)အား ပြည်သူများ သွားလာအဆင်ပြေစေရေးအတွက် သံပေါင်ဘောလီ သစ်သား တံတားအဖြစ် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ အဆိုပါ တံတားမှာ နှစ်ကာလ ကြာမြင့်လာပြီဖြစ်သည့်အတွက် ပြည်သူများ ကူးလူးဖြတ်သန်းသွားလာရာတွင် အခက်အခဲများ ကြုံတွေ့နေရသဖြင့် သံကူကွန်ကရစ်တံတားတစ်စင်း အသစ်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သံကူကွန်ကရစ်တံတားမှာ အရှည်ပေ ၆၀ ရှိပြီး ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီ ထည့်သွင်းတည်ဆောက်သွားမှာဖြစ်ကြောင်း၊ မော်တော်ယာဉ်တစ်စီးချင်း ခံနိုင်ဝန် အလေးချိန်တန် ၆၀ တင်ဆောင် မောင်းနှင်နိုင်မည့် သံကူကွန်ကရစ်တစ်စင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် တံတားတည်ဆောက်မှုလုပ်ငန်းအား ယခုလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ) ဦးတင်ဝင်းရွှေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျေးရွာတစ်ရွာ ထုတ်ကုန် တစ်မျိုးရရှိရေးဆွေးနွေး

**သန်လျင် မတ် ၁၄**
သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံကိန်း (OTOP)အတွက် မတ် ၁၂ ရက်က ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မှတ်ဉာဏ်ထက်သန်စေရန် နည်းလမ်းကောင်းများ




ကောင်းမွန်သောမှတ်ဉာဏ်တစ်ခုကို ပိုင်ဆိုင်နိုင်ရန်ဆိုသည်မှာ လူတိုင်းအတွက် အလွန်အရေးကြီးကြောင်း စာရေးဆရာ ခိုင်မင်းဆက် စီစဉ်ရေးသားသည့် မှတ်ဉာဏ်ထက်သန်စေရန် နည်းလမ်းကောင်းများ စာအုပ်ထွက်ရှိလာသည်။

မျက်နှာများ၊ နာမည်များ၊ သတင်းများ၊ အချက်အလက်များ၊ အဖြစ်အပျက်များ၊ အခြေအနေများနှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများနှင့် ပတ်သက်နေသောအရာများကို မှတ်မိခြင်းသည် ယနေ့ခေတ်ကဲ့သို့ တိုးတက်မှုမြန်ဆန်သည့် သတင်းအချက်အလက်အခြေပြု လူ့အဖွဲ့အစည်းအား လွှမ်းမိုးအောင်နိုင်စေမည့် အရည်အချင်းတစ်ရပ်လည်းဖြစ်သည်။ မှတ်ဉာဏ်ကောင်းကို ပိုင်ဆိုင်ထားခြင်းအားဖြင့် အရေးကြီးသောအရာများအား မေ့လျော့သွားမည်ကို စိုးရိမ်စရာမလိုတော့သည့်အပြင် အလုပ်အကိုင်၊ မိသားစုနှင့် မိမိကိုယ်ပိုင်ဘဝများတွင် လွှမ်းမိုးအနိုင်ယူနိုင်မည်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

**စာအုပ်ကို ထီလာဝန်ဇင်းစာအုပ်တိုက် ဖုန်း – ၀၉ – ၉၇၀၆၆၆၇၆၅ မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## ကမ္ဘာကျော် ဒိတ်ဒိတ်ကြဲဇာတာများ၊ ဟောကိန်းဟောကွက်များနှင့် အတိတ်ကောက်နိမိတ်ဖတ်ပညာ




ဗေဒင်ပညာလေ့လာလိုက်စားလိုသူများ မေရတနာနတ်နွယ် စီစဉ်သည့် ကမ္ဘာကျော် ဒိတ်ဒိတ်ကြဲဇာတာများ၊ ဟောကိန်းဟောကွက်များနှင့် အတိတ်ကောက်နိမိတ်ဖတ်ပညာ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဂေါတမမြတ်စွာဘုရားဇာတာတော်၊ ညောင်ရမ်းဆရာတော်ကြီး ဇာတာ၊ မစိုးရိမ်ဆရာတော်ကြီး ဇာတာ၊ လယ်တီဆရာတော်ကြီး ဇာတာ၊ စွန်းလွန်းဂူကျောင်းဆရာတော်ကြီး ဇာတာ၊ ကသစ်ဝိုင်ဆရာတော်ကြီး ဇာတာ၊ အလောင်းဘုရားဇာတာ စသည့်ဇာတာများအပြင် ဗေဒင်ပညာနှင့် သက်ဆိုင်သောဂြိုဟ်ခွင်ဆိုင်ရာ အဟောများ၊ လဂ်ရှိရာမှဟောသော ယေဘုယျဟောကွက်များ၊ အမျိုးမျိုးသောကံဇာတာများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ရာထူးအတက်အကျ၊ ပညာရေး၊ အိမ်ထောင်ရေး စသည့်အခြေအနေများကို ရေးသားထားသောကြောင့် ဗေဒင်ပညာလေ့လာလိုက်စားလိုသူများ လေလာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို စကားပြောနေသူများစာပေ၊ အမှတ်(၁၇၈/ဘီ)၊ ၄ – လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေ ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## နောက်ကြည့်မှန်




တောရိုင်းပန်းတစ်ပွင့်၏ ပွင့်ဖတ်ပွင့်ချပ်လွှာများကို မလှဟုယူဆပြီး ကတ်ကြေးဖြင့်ကိုက်ညှပ်ပုံသွင်းခြင်းမျိုး မကျူးလွန်ဘဲ သဘာဝအတိုင်းခူး၍ ဆက်သလိုက်ခြင်းဖြစ်ကြောင်း စာရေးဆရာမင်းကိုနိုင် စီစဉ်သည့် နောက်ကြည့်မှန် စာအုပ်ထွက်ရှိလာသည်။

စာပေသည် နိုင်ငံရေး၏ဩဇာခံမဟုတ်၊ တစ်စုံတစ်ရာကို ထောက်ခံရန်သို့မဟုတ် ကန့်ကွက်ရန်သည် စာပေအနုပညာ၏ ရည်ရွယ်ချက်မဟုတ်၊ စာပေသည် အနုပညာပစ္စည်းဖြစ်ကာ ယဉ်ကျေးမှုကိစ္စဖြစ်သည်။ စာပေသည် ထိုစာပေကို ဖန်တီးသူ နေထိုင်ဖြတ်သန်းရသောခေတ်၏ အလင်းအမှောင်၊ အဆိုးအကောင်းတို့ကိုမူ ထင်ဟပ်ဖော်ပြလေသည်။ စာပေအနုပညာဟူသည် လောကအလှတရားနှင့်ယှဉ်ကာ ဖူးပွင့်သောပန်းဟု ဆိုထိုက်သည်။ သို့သော်ထိုပန်းကို စိုက်ပျိုးသူတို့ဘဝကား ဖြောင့်ဖြူးလှပခြင်းမရှိတတ်၊ အမှန်နှင့် အမှား၊ အကောင်းနှင့်အဆိုး၊ အသစ်နှင့် အဟောင်းတို့မည်သည် အားပြိုင်မြဲ၊ ယှဉ်ပြိုင်တိုက်ခိုက်မြဲဖြစ်သည်။ အဆုံးတွင် အကောင်းကနိုင်မြဲ၊ အမှန်က အောင်ပွဲခံမြဲ၊ အသစ်က အစားထိုးနေရာယူမြဲဖြစ်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

**စာအုပ်ကို နန်းဒေဝီစာပေ၊ တိုက် – ၂၀၀၊ ဒုတိယထပ်၊ ၃၆ – လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ – ၃၈၃၀၂၅နှင့် ၀၁ – ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဘဝပုံရိပ်၊ သမိုင်းပုံရိပ်




ရခိုင်ရေးရာဆောင်းပါးများကို ယုဇန(ကျောက်ဖြူ) စီစဉ်ရေးသားသည့် ဘဝပုံရိပ်၊ သမိုင်းပုံရိပ် စာအုပ်ထွက်ရှိလာသည်။

ရမ္မာဝတီ ရမ်းဗြဲကျွန်းသည် ရခိုင်ရိုးမတောင်နှင့် ဘင်္ဂလားပင်လယ်အော်အကြားတွင်တည်ရှိပြီး တောင်နှင့်မြောက်သွယ်တန်းလျက် ရေတွင်မြူးထူးပျော်ပါးနေသော ဝမ်းဘဲငှက်သဏ္ဌာန်ရှိသည်။ ရခိုင်ပြည်နယ်တွင် ယနေ့တိုင်ထင်ရှားလျက်ရှိနေသည့် မဟာမြတ်မုနိဘုရား၊ ရှစ်သောင်း ပုထိုးတော်ကြီး၊ ဒုက္ကန်သိမ်၊ ဦးရာဇ်တောင် စေတီတော်၊ အာနန္ဒစန္ဒြားကျောက်စာ စသည့် သမိုင်းအမွေအနှစ်များမှာ ရခိုင်လူမျိုးတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခဲ့သော ပဒေသရာဇ်ဖြစ်ခဲ့ကြောင်း သိသာထင်ရှားလှသည်။ ရှေးရခိုင်ဘုရင်များသည် ရခိုင်ပြည်ကို ဝတီခုနစ်ရပ် ခွဲခြားကာ အုပ်ချုပ်ခဲ့ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

**စာအုပ်ကို လောကသရဖူစာအုပ်တိုက်၊ အမှတ် – ၃၇၃၊ မြေညီ၊ ဗိုလ်ချုပ် – ၂ လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ – ၇၃၀၅၁၁၉၀နှင့် ၀၉ – ၇၉၉၃၁၀၉၀၀ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။**

## ပျော်ရွှင်လေ့လာ ကလေးရုပ်ပုံပြသိပ္ပံကမ္ဘာ




ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များ ပတ်ဝန်းကျင်ကို သိပ္ပံနည်းကျကျ လေ့လာနိုင်စေရန် စာရေးဆရာဦးကြည်ရွှင် စီစဉ်သည့် ပျော်ရွှင်လေ့လာ ကလေးရုပ်ပုံပြသိပ္ပံကမ္ဘာ စာအုပ်ထွက်ရှိလာသည်။

အင်္ဂလိပ်ဝေါဟာရများနှင့် အနက်အဓိပ္ပာယ်ကို တစ်ပါတည်းမှတ်သားနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။ သိပ္ပံပညာရပ်နယ်ပယ်မှ ဝေါဟာရများကို လေ့လာရာတွင် ပျင်းရိငြီးငွေ့ခြင်းများမရှိစေရန်၊ ပျော်ရွှင်လွယ်ကူစွာ လေ့လာနိုင်စေရန် သက်ဆိုင်ရာ ရုပ်ပုံကလေးများကို အက္ခရာစဉ်အတိုင်း ထည့်သွင်းဖော်ပြထားသည်။ အဆိုပါစာအုပ်ကို လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး အနာဂတ်၏ ခေါင်းဆောင်ကောင်းကလေးများအားလုံး စာပေဗဟုသုတတိုးပွား ရင့်သန်စေရန် ရည်ရွယ်၍ ရေးသားထားခြင်းကြောင့် ကလေးငယ်များလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် – ၂၃၇၊ ၃၉ – လမ်း(အထက်)(ပထမထပ် – ဝဲ)၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း – ၀၁ – ၈၃၉၂၈၃၅နှင့် ၀၉ – ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဒီမိုကရေစီသစ်




ခနရှင် အာဏာရှင်စနစ်ကျင့်သုံးသည့် အရင်းရှင်စနစ်လမ်းကြောင်းကို မလိုက်ဘူးဆိုလျှင် ပစ္စည်းမဲ့အာဏာရှင်စနစ်ကျင့်သုံးသည့် ဆိုရှယ်လစ် လမ်းကြောင်းကိုကော လိုက်၍ဖြစ်နိုင်မလားဟု စာရေးဆရာ တင်ထွန်းနိုင်စီစဉ်ရေးသားသည့် ဒီမိုကရေစီသစ် စာအုပ်ထွက်ရှိလာသည်။

တကယ့်ဖြစ်ရပ်မှ အမှန်တရားကိုရှာဖွေခြင်းသည် ဝိဇ္ဇာနည်းကျသော သဘောပင်ဖြစ်ပြီး ငါသာမှန်သည်ဟု ယူဆခြင်းနှင့် ဆရာလုပ်ချင်ခြင်း တည်းဟူသော မာန်ထောင်လွှားသည့်သဘောထားသည် ပြဿနာကို ဘယ်သောအခါမျှ ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ချေ။ ဝိဇ္ဇာနည်းကျသော သဘောထားနှင့် တာဝန်သိစိတ်ဓာတ်များသည်သာလျှင် အမျိုးသားလွတ်မြောက်ရေးလမ်းကြောင်းသို့ ဆောင်ကြဉ်းသွားနိုင်မည်ဖြစ်သည်။ အမှန်တရားသည် တစ်ခုတည်းသာရှိ၍ ထိုအမှန်တရားကို မည်သူရှာတွေ့ခဲ့သလဲဆိုသည့်ပြဿနာကို ဝါကြွားမှုဖြင့် ဖြေရှင်း၍မရနိုင်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

**စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ် – ၂၇၄ B၊လမ်း – ၄၀(အပေါ်လမ်း)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Hot Line- ၀၉ – ၇၃၂၀၁၅၈၆ နှင့် Office ၀၉ – ၇၉၅၂၆၇၈၃၄တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## Photoshop CS6




ကွန်ပျူတာပညာစိတ်ဝင်စားသူများ လေ့လာလိုက်စားနိုင်ရန် စာရေးဆရာ ဦးအောင်မြင့် (M.E.,AUSTRALIA) စီစဉ်ရေးသားသည့် Photoshop CS6 စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပိုမိုကောင်းမွန်သည့် နည်းစနစ်ပိုင်းဆိုင်ရာ example workout များကိုဖော်ပြထားသည်။ စာအုပ်ကိုဖတ်ရှုသူအနေဖြင့် လက်တွေ့စမ်းသပ်သည့်အခါ အသုံးပြုနိုင်ရန်အတွက် companion CD disk ပါရှိပြီး အဆိုပါcompanion CD disk ထဲတွင် Self-portrait drawing file များကိုပါထည့်သွင်းထားသည်။ ဖတ်ရှုလေ့လာသူအနေဖြင့် caricature drawing များကို စိတ်ဝင်စားပါက လက်တွေ့ create လုပ်နိုင်ဖို့ အသုံးပြုနိုင်သည်။ sampie HD image တွေက Oil Paint၊ Special Effect တွေနဲ့ apply ပြုလုပ်ဖို့ ထည့်သွင်းရေးသားထားသောကြောင့် လေ့လာလိုသူများအတွက် အကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ် – ၁၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ – ၅၄၁၇၄၅နှင့် ၀၁ – ၅၅၂၁၀၃တို့မှ ဖြန့်ချိသည်။**

## ဒိုးဒိုးဒေါက်စက္ကူအရုပ်ခေါက် LEVEL 2




တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်တွင် စက္ကူအရုပ်ခေါက်နည်းပညာသည် အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်လာပြီး ကြီးငယ်အရွေး ခေါက်နိုင်သော ပညာရပ်တစ်ခုဖြစ်ကြောင်း ဦးဦးရကောက်စီစဉ်သည့် ဒိုးဒိုးဒေါက်စက္ကူအရုပ်ခေါက် LEVEL 2 စာအုပ် ထွက်ရှိလာသည်။

စက္ကူအရုပ်ကလေးများ ခေါက်ခြင်းအားဖြင့် စိတ်တည်ငြိမ်ခြင်း၊ မည်သည့်အလုပ်ကိုမဆို ပြုလုပ်ရာတွင် စူးစိုက်အားကောင်းခြင်း၊ အလုပ်တစ်ခုပြုလုပ်ရာတွင် အောင်မြင်ပြီးဆုံးသည်အထိလုပ်ချင်စိတ် ရှိလာခြင်း၊ အခက်အခဲကို ကျော်လွှားလိုစိတ် ပြင်းထန်လာခြင်း စသည့် အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံတွင် စက္ကူအရုပ်ခေါက်နည်းပညာတိုးတက်လာစေရန် နှစ်စဉ်ပြိုင်ပွဲများ ပြုလုပ်ပေးကြသလို အရုပ်သစ်တီထွင်ဖန်တီးနိုင်သူများကိုလည်း ဆုများပေးအပ်ချီးမြှင့်ပေးသဖြင့် ထိုအရုပ်ခေါက်နည်းပညာသည် ထိပ်ဆုံးမှ ပါဝင်လာသည်။ အဆိုပါစာအုပ်ကို လူကြီးလူငယ်မရွေးစိတ်ပျော်ရွှင်မှုကို ရရှိနိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်သည်။

**စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် – ၂၃၇၊ ၃၉ – လမ်း(ပထမထပ် – ဝဲ)၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ – ၈၃၉၂၈၃၅နှင့် ၀၉ – ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

ဗုဒ္ဓ ဓမ္မ သံဃ
ရတနာမိုး ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးအဖွဲ့
(၁၄)ည (၁၅)ရက်ခရီးစဉ် 22 Mar ယခင်ဈေးနှုန်း ၁၁ သိန်း ယခုဈေးနှုန်း ၁၁ သိန်း
ဥမင်ခရီးစဉ်လုံးဝပါဝင်ပါ ဟိုတယ် (၂) ညတည်း အဆင့်မြင့်ကား
(၇)ည (၈)ရက်ခရီးစဉ် 3* & 4* Hotel တည်း 11 Apr USD 1050 3*&4* Hotel
ရန်ကုန်ရုံးချုပ် - Tel : 01-377351,377352,246239, 09-73029315, 5069882
ရန်ကုန်ရုံးခွဲ - Tel : 01-227925, 2300302,09-5091205, 257781722
မန္တလေးရုံးခွဲ - Tel : 09-5068857, 2019207, 797190092
ပြင်ဦးလွင်ရုံးခွဲ - Tel : 085-28162,09-2044951, 442045059,778293629

ဒေါ်ဝင်းဝင်း ဦးစီးသော
ဂယာရွှေပြည် ဗုဒ္ဓဂယာ-ဘန်ကောက်-သီရိလင်္ကာ ဘုရားဖူးဝန်ဆောင်မှုအဖွဲ့
ဂယာ
(15 ရက်ခရီးစဉ်)
Mar-24
(7 ရက်ခရီးစဉ်)
Apr-12(သင်္ကြန်)
သီရိလင်္ကာ
Apr-12 (သင်္ကြန်)
Apr-29 (ကဆုန်လပြည့်)
May-29(နယုန်လပြည့်)ဟိုတယ်သီးသန့်
ဘန်ကောက်
ဘန်ကောက်(4)ရက်
Apr-12 (သင်္ကြန်) May- 5, 16, 22
ဘန်ကောက်-ကမ္ဘောဒီးယား (5)ရက်
Apr-12၊ May-5 (ဟိုတယ်သီးသန့်)
ခရီးစဉ်များအားလုံး(၁၀)ဦးအထက်အထူးဈေးနှုန်းရှိပါသည်။မိသားစု/အဖွဲ့အစည်းသီးသန့်သွားလိုသူများကိုစီစဉ်ပေးပါသည်။
အမှတ်(၂၀)၁၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။ဖုန်း ၀၁-၂၂၁၅၈၁၀၉-၇၈၃၇၇၇၃၇၀၊ ၀၉-၄၂၃၉၄၃၉၄

စေတနာကျောင်းမှ ပညာရေးကျောင်းမည်
မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း
ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | " | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | " | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | " | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | " | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | " | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွင့်လ မှပေးပါ)
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

ဂုဏ်ထူး ဦးအောင်ခိုင် (အငြိမ်းစား)
သမိုင်းတံခွန် ဦးထွန်းနွယ်
ပညာနန်းတော်
အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
အတန်းငယ်များကို ဘော်ဒါလက်မခံပါ။
ကျောင်းအပ်လက်ခံနေပါပြီ

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

ရုံးချုပ် - 118 A/B ကျွန်းချောင်မြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool

ဗုဒ္ဓ ဓမ္မ သံဃ
SUPER NINE
ဆိုဖာ၊ ဆက်တီအဟောင်းများကို
ဈေးနှုန်းချိုသာစွာဖြင့်
ပြန်လည်ပြုပြင်ပေးနေပြီဖြစ်ကြောင်း
သတင်းကောင်းပါးလိုက်ပါသည်။
၀၉-၄၂၁၀၇၇၂၆၅

SEVEN
09-33 333 511
09-33 333 514
09-33 333 644

စိန်ငါးလုံး လိမ်းဆေးရည်

ဒုံမြို့သစ်
အရှေ့ပိုင်း တောင်ပိုင်း၊
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။




အဆောင်(N) အခန်း(33,34) သီရိရတနာလက်ကားဈေး၊ အောင်မင်္ဂလာဝင်းအနီး၊ မြောက်ဥက္ကလာပ။ 09-79 700 70 71
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ 09-79 700 70 81

ချယ်ရီ အဆင့်မြင့်ညှော်ရိပ်မှုန်
09-43177563 , 09-33363510
20% Discount
အမေ့အိမ် အဆင့်မြင့်ညှော်ရိပ်မှုန်
085-23018, 09-955569996, 09-955569997
50% Discount
Air Con၊ TV, Wifi Free

ဖျံ-၅-ကောင်
သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေး
ဒေါက်တာ Ph.D (Alternative Medicines)

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့နေ ဒေါ်ဖြူဖြူဝင်း (ဘ) ဦးအောင်ဝင်း [၁/မကတ(နိုင်) ၀၉၇၄၁၁] ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ ကြေညာအပ်သည်မှာ-

ဒေါ်ဖြူဖြူဝင်းသည် ကလေးမြို့တွင် Relax အမည်ဖြင့် စားသောက်ဆိုင်လုပ်ငန်းလိုင်စင် ရရှိခဲ့ပါသည်။ အဆိုပါ ဆိုင်နှင့်တွဲလျက် ကာရာအိုကေဆိုင်ဖွင့်လှစ်နိုင်ရေးအတွက် ဦးသန့်ဇင်ဦးအားတာဝန်ပေးခဲ့ပါသည်။ "မိုး"အမည်ဖြင့်ရရှိထားသော ဗီဒီယိုလုပ်ငန်းလိုင်စင်အား ဒေါ်ဖြူဖြူဝင်းမှ ဝယ်ယူပြီး Relax စားသောက်ဆိုင်နှင့် တွဲလျက်ဖွင့်လှစ်နိုင်ရန် ဦးသန့်ဇင်ဦးအား ၂၀၁၆ နှစ်ကုန်ပိုင်းခန့်တွင် တာဝန်ပေးခဲ့ပြီး ဆိုင်၏လုပ်ငန်းကိစ္စအဝဝအတွက် ဦးသန့်ဇင်ဦးအား မန်နေဂျာအဖြစ် ခန့်အပ်ခဲ့ပါသည်။ Relax စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလထဲတွင် ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလထဲတွင် Relax စားသောက်ဆိုင်နှင့် ကာရာအိုကေဆိုင်ပိုင်ရှင် ဒေါ်ဖြူဖြူဝင်းနှင့် မန်နေဂျာ ဦးသန့်ဇင်ဦးတို့ အဆင်မပြေဖြစ်ပြီး ဦးသန့်ဇင်ဦးမှာ အလုပ်မှ ထွက်သွားခဲ့ပါသည်။ ဦးသန့်ဇင်ဦး အလုပ်ထွက်သွားပြီးနောက် Relax စားသောက်ဆိုင်၏ လုပ်ငန်းလိုင်စင်နှင့် "မိုး"အမည်ပါ ဗီဒီယိုလုပ်ငန်းလိုင်စင်၊ အဆောက်အအုံ စည်ပင်လိုင်စင်များမှာ ပျောက်ဆုံးသွားသဖြင့် အဆိုပါ လိုင်စင်လက်ဝယ်ရှိသူများအနေဖြင့် ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ဒေါ်ဖြူဖြူဝင်းထံသို့ဖြစ်စေ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက်ပေးအပ်ရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ** |
| **ဒေါ်ဖြူဖြူဝင်း** | (မလှိုင်) ဦးခင်မောင်ဆွေ |
| | (LL.B,Dip in Business Law) |
| | (စဉ်-၅၆၈၂) **တရားလွှတ်တော်ရှေ့နေ** |
| ဒေါ်သီရိမြင့် (စဉ်-၁၁၂၃၄) (LL.B,DIL,DBL) | ဒေါ်အိအိသဲအောင် (စဉ်-၄၇၄၃၅) |
| ဒေါ်ဇင်မင်းသူ (စဉ်-၁၂၀၂၆) (LL.B, LL.M,DBL) | (LL.B,DBL) |
| ဒေါ်အေးနန္ဒာငြိမ်း(စဉ်- ၁၃၃၇၁) (LL.B,DIL,DBL) | **အထက်တန်းရှေ့နေ** |

**တရားလွှတ်တော်ရှေ့နေများ**

အခန်း(၄)၊ တိုက် (J)၊ ၃၈×၃၉လမ်းကြား၊ ၆၀×၆၂ လမ်းကြား၊ မဟာမြိုင်အိမ်ရာဝင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၀၉၄၈၃၊ ၂၆၂၀၀၉၄၈၃၊ ၉၆၂၀၀၉၄၈၃

5BB
BROADBAND
Global Technology Company

# သင်္ကြန် အကြိုနှစ်သစ်ကူး Promotion

## ပိုမြန်၊ ပိုတန်၊ ပိုငြိမ်တဲ့ ရွေးချယ်စရာ Fiber Internet

| Plan | Speed | Price | Offer |
|---|---|---|---|
| XS | 3 Mbps | 49,500 Ks | Initial Fee 170,000 Ks 3 Months Free |
| XS+ | 6 Mbps | 72,000 Ks | Initial Fee 170,000 Ks 2 Months Free |
| S | 9 Mbps | 99,500 Ks | 1 Month Deposit |
| M | 14 Mbps | 149,500 Ks | Zero Initial |
| L | 22 Mbps | 249,500 Ks | Zero Initial |
| XL | 40 Mbps | 449,500 Ks | Zero Initial |



**Promotion Period 15th - 31st March 2018**

5BB FTTH သည် Global Technology Company ၏ဝန်ဆောင်မှုဖြစ်ပါသည်။
Global Technology Company ကို ၂၀၀၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ပုဂ္ဂလိက
အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများအကြား သက်တမ်းအကြာဆုံးနှင့် အယုံကြည်ရဆုံးဖြစ်ပါသည်။

471, Pyay Road, Kamayut Township, Yangon, Myanmar.
Phone : 01524978, 09424170940, 0949208223, 0949208224 Call Center : 012305425
5BBbroadband
www.5BB.com.mm

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော

MEC

# MYANMAR EDUCATION CENTRE

# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း

### သူငယ်တန်းမှ ဒသမတန်း

ဒသမတန်းကို(မတ်လ ၂၀ ရက်)နေ့နှင့် သူငယ်တန်းမှ နဝမတန်းအထိ(မေလ ၁၀ ရက်)နေ့တွင် စတင်ဖွင့်လှစ်ပါမည်

**၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ**

**ကျောင်းတည်နေရာ** MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်** ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၀ ၃၆၃၈၈၇၊ ၀၉ ၉၆၃၇၃၅၄၅၁

**ကျောင်းပုံစံနှင့် ပြင်ဆင်မှု**

- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း၊ ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း၊ ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ)တို့နှင့် ပြည့်စုံပါသည်။ စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

**သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ**

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။
- စေတနာနှင့် ဝါသနာတို့ကိုအရင်းခံပြီး အင်္ဂလိပ်စာ (4 skills)၊ ပန်းချီပညာ၊ မြန်မာ့ရိုးရာသိုင်းပညာတို့ကို ထပ်ဆောင်း၍ သင်ကြားပေးခြင်းများ ပါဝင်မည် ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည် အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

**ကျောင်းချိန်နှင့် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်**

- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈း၀၀ မှ နေ့လယ် ၃း၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။
(Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)
- လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်။

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမတည်ကာ ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်။



- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

တကယ-၁၃/၄၀/၀၆၇

# UEC

**United Education Centre**

## ကိုယ်ပိုင်အထက်တန်းကျောင်း

**KG - Grade 10**

**အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP**

**၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။**

**အဆင့်မြင့်ဘော်ဒါ** - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ **Air-con** တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

**DAY CAMP** - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ **SPECIAL CAMP** တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

**မူလတန်း၊ အလယ်တန်း** - **English 4 - skills**၊ ပန်းချီ၊ ကွန်ပျူတာ၊ **Kids invent** စသော **Extracurricular Activities** များပါဝင်သည်။

- **Limited Class size** များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ ( ကျောင်းကားရှိသည်။ )
- (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ **Air-con** တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း - အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526**

ကျောင်းသူဆောင် - မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကျောင်းသားဆောင် - မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။





# ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၄

**ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**



ရခိုင်ပြည်နယ်ဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

သတင်းစာ ရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားရာတွင် "ဒီသတင်းစာရှင်းလင်းပွဲလုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားသူတွေကို စနစ်တကျ ပြန်လည်ခေါ်ယူရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံဘက်က အဆင်သင့်ဖြစ်နေမှုအနေအထားကို နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးလိုတဲ့ကိစ္စပဲ ဖြစ်ပါတယ်။"

"ပြန်လည်ခေါ်ယူရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံဘက်က အားလုံးအဆင်သင့် ဖြစ်နေခဲ့တာ အတော်ကြာခဲ့ပါပြီ၊ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ တစ်ဦးတစ်ယောက်ကိုမှ လက်ခံနိုင်ခြင်း မရှိသေးပါဘူး၊ ဘာကြောင့်ပါလဲ၊ ကျွန်တော်တို့အဖွဲ့ဝင်တွေက အသေးစိတ်ကို ရှင်းလင်းပြကြပါလိမ့်မယ်။"

"အဲဒါမတိုင်ခင် လူအစုလိုက် အပြုံလိုက် ထွက်ပြေးသွားရခြင်းရဲ့ အဓိကအကြောင်းရင်းတွေကို ကျွန်တော်တင်ပြလိုပါတယ်၊ ပြဿနာဖြစ်ခဲ့တဲ့နေရာက ခိုင်လုံစိတ်ချရတဲ့လူတွေဆီက ရရှိခဲ့တဲ့ သတင်းတွေအရ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာတွဲများ ဖြေဆိုပြီးစီး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်သိန်းကျော် ဝင်ရောက်ဖြေဆို

**မန္တလေး မတ် ၁၄**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာတွဲများ ဖြေဆိုမှုမှာ မတ် ၁၄ ရက်က ပြီးစီးခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ ၁၁၀၉၆၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသဖြင့် ဖြေဆိုမှု ၉၅ ရာခိုင်နှုန်းကျော်ရှိကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံး စာရင်းများအရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဇီဝဗေဒဘာသာတွဲဖြေဆိုရန် စာရင်းရှိ ၄၄၉၆၈ ဦးရှိသည့်အနက် ဖြေဆိုသူ ၄၃၂၄၄ ဦး၊ ဘောဂဗေဒဘာသာတွဲအတွက် စာရင်းရှိ ၇၁၈၀၀ ဦးရှိသည့်အနက် ဖြေဆိုသူ ၆၇၇၁၈ ဦး ရှိခဲ့သဖြင့် စုစုပေါင်းဖြေဆိုသူ ဦးရေ ၁၁၀၉၆၂ ဦးရှိကြောင်းနှင့် ပျက်ကွက်သူများအနေဖြင့် ဇီဝဗေဒဘာသာတွဲတွင် ၁၇၂၄ ဦး၊ ဘောဂဗေဒဘာသာတွဲတွင် ၄၀၈၂ ဦးရှိခဲ့သဖြင့် စုစုပေါင်း ၅၈၀၆ ဦး ပျက်ကွက်ခဲ့ကြောင်း သိရသည်။

"ဒီနေ့မှာတော့ ဇီဝဗေဒဘာသာနဲ့ ဘောဂဗေဒဘာသာဖြေဆိုပြီးစီးပါပြီ၊ နေ့စဉ်ဖြေဆိုသူက ၉၅ ရာခိုင်နှုန်းအထက် ပုံမှန်ရှိပါတယ်၊ ပျက်ကွက်ကတော့ ပွိုင့်ရာခိုင်နှုန်းလေးတွေတော့ရှိပါတယ်၊ ဒါပေမယ့် ဒီလိုပျက်ကွက်နှုန်းက နှစ်စဉ်ဖြစ်နေတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်၊ တချို့ကလေးတွေက တစ်ဘာသာပဲလာဖြေပြီး ကျန်တဲ့ဘာသာတွေ လာမဖြေတာကို နှစ်စဉ်တွေ့ရတယ်၊ မြို့နယ်အလိုက်ကျောင်းတွေကို လိုက်လံကြည့်ရှုစစ်ဆေးတဲ့အခါမှာ ကလေးတွေက အေးအေးဆေးဆေးဖြေဆိုနေကြတာကို တွေ့ရတဲ့အတွက် ဒီနှစ်မေးခွန်း မခက်ဘူးလို့ သုံးသပ်မိတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောသည်။

ထို့ပြင် ယနေ့ဇီဝဗေဒဘာသာတွဲကို ဖြေဆိုပြီးစီးခဲ့သည့် ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ မောင်အောင်ပိုင်စိုးက "ဒီနေ့ဘာသာကို ဖြေရတာအားအရဆုံးပဲ၊ ဂုဏ်ထူးထွက်မယ်လို့လည်း မှန်းထားတယ်၊ တစ်နှစ်လုံးလုံး အချိန်ပေးပြီး ကြိုးစားလာခဲ့ရတဲ့အတွက် ဒီနေ့နောက်ဆုံးနေ့ဖြေအပြီးမှာ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရတယ်၊ စာမေးပွဲပြီးပြီဖြစ်တဲ့အတွက် မိသားစုလိုက် ရွှေစက်တော်ဘုရားဖူးသွားဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။**စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ○**





# " The Biggest Home Loan Expo"

ShweProperty.com

68 Residence — We Define Lifestyle

# 68 RESIDENCE ကွန်ဒိုအထူးအရောင်းပြပွဲ

Developed By: UNITED GP Development by GOLDEN PALACE

## 16-17-18, March 2018

## 9:00am to 6:00pm , (တပ်မတော်ခန်းမ၊ဦးဝိစာရလမ်း)

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ INTERNATIONAL COMPANY များဖြင့် တည်ဆောက်ထားသည့်
မြန်မာ့ပထမဦးဆုံး ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE

**68 Residence Show Room:(44/A), Sayar San Road, Bahan Township, Yangon.**







- **Concrete Slab 10** ပေထုနှင့် **Shear Wall System** တို့ဖြင့် ငလျှင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် တည်ဆောက်ထားခြင်း။
- ရန်ကုန်မြို့၏ကားကျပ်တည်းမှုအခက်အခဲကိုဖြေရှင်းပေးမည့် အပြိုင်လမ်း **(Parallel** လမ်း) စနစ်ပါရှိခြင်း။
- အပူဒဏ်နှင့်အသံ၏ဆူညံမှုတို့ကို **(79%)** အထိလျော့ချနိုင်သည့် မှန်နှစ်ထပ် **(Low E glass system)** ပါရှိခြင်း။
- အလိုအလျောက်မီးငြိမ်းသတ်စနစ် **(Sprinkler system)** နှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးစနစ် အပြည့်အစုံထည့်သွင်းထားခြင်း။
- ရန်ကုန်မြို့၏ရှုခင်းကို **(360ဒီဂရီ)** ကြည့်ရှုနိုင်သည့် **Infinity Sky swimming pool** နှင့် **Garden** တို့ပါရှိခြင်း။
- ကမ္ဘာကျော်အမှတ်တံဆိပ်များနှင့်ထူးခြားခမ်းနားဆန်းသစ်သည့်လူနေမှုစနစ်ဖြင့် နေထိုင်နိုင်ရန်စီစဉ်ထားခြင်း။

| | |
|---|---|
| ငွေလက်ငင်းဈေး 1Sqft - 315$ | အိမ်ထောင်ပရိဘောဂအပြည့်အစုံ |
| ငွေတဝက်ဈေး 1Sqft - 335 $ | အဆင့်သင့်နေထိုင်နိုင် |
| ပုံမှန်ဝယ်ယူ 1Sqft - 350 $ | တထပ်မြင့်တိုင်း – (0.5%)စီတိုးမြှင့် (၁၀)နှစ်မှ(၁၅)နှစ်အထိ အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင် |

## PARTNERS

SOILBUILD GROUP HOLDINGS LTD · KBZ BANK STRENGTH OF MYANMAR · SOMERSET SERVICED RESIDENCE Managed by The Ascott Limited · SJ SURBANA JURONG · ZONE ARCHITECT ENGINEERING CONSULTANCY · Falcon · QUAN DAT ALUMINIUM FACADE · BINTAI

အသေးစိတ်အချက်အလက်များကို – www.shweproperty.com/68-residence တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
Show Room -(44/A),Sayar San Road, Bahan Township,Yangon, Myanmar.ph - 09 73040513, 09 450694079, 09-425 310993

